# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဒါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ်(၀၆၉)


# မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အသင်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ပြီး အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူက ကြက်ခြေနီတံဆိပ် တပ်ဆင်ပေးစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

*စာမျက်နှာ-၃*



# (၁၀)နှစ်ပြည့် ပြင်ဦးလွင်ပန်းပွဲတော် ပန်းအလှများ၊ ဖျော်ဖြေပွဲများဖြင့် စည်ကားစွာကျင်းပမည်

**ပြင်ဦးလွင် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ၌ ရာသီဥတုသာယာကောင်းမွန်ပြီး အပန်းဖြေလည်ပတ်ရာမြို့ဖြစ်သော ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တစ်နှစ်ပတ်လုံးတွင် အထူးအပန်းဖြေဝန်ဆောင်မှုအနေဖြင့် ကျင်းပသည့် ပန်းပွဲတော်ကြီးကို ဒီဇင်ဘာ ၁၅ ရက်မှစ၍ (၁၀)နှစ်ပြည့်အဖြစ် ကျင်းပတော့မည်ဖြစ်သည်။ ပွဲတော်ကြီး စည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေမှု၊ ပွဲတော်လာပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ပန်းအလှဆင်မှုများ ပြုလုပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀)နှစ်ပြည့် ပန်းပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ် အမှုဆောင်ဒါရိုက်တာ ဦးဝေမျိုးအောင်က “ဒီနှစ်ပန်းပွဲတော်ကြီးကို အရင်နှစ် ပွဲတော်တွေထက် ကျော်လွန်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပန်းပျိုးပင်မျိုးစိတ်ပေါင်းစုံ သုံးသိန်းကျော် စိုက်ပျိုးခဲ့ပြီး

*စာမျက်နှာ ၃ ကော်လံ ၁*




## မြန်မာ့အလင်း

# အသုံးချခံပြဿနာအဖြစ်မှ လွတ်မြောက်ရန်လိုနေသော ရခိုင်ပြည်နယ်အရေး

နိုင်ငံတကာအနေဖြင့်ဆယ်စုနှစ်များစွာ ကြာမြင့်နေပြီဖြစ်သည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်နေရသည့်မြန်မာနိုင်ငံအပေါ် အချိန်ယူဆောင်ရွက်ခွင့်ပေးရန်နှင့် နားလည်မှုရှိရန်လိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုဖီအာနန်ခေါင်းဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးအဖွဲ့အား ဒီဇင်ဘာ ၆ ရက်က တွေ့ဆုံရာတွင် ပြောကြားခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း ပြဿနာအတိမ်အနက်ကို နားလည်နေပြီးဖြစ်သော အစိုးရအနေဖြင့်အစိုးရဖွဲ့ပြီး များမကြာမီမှာပင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးအများစုဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ထို့ကြောင့်ပင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်သော ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဥရောပကော်မရှင်မှ တင်သွင်းနေကျဖြစ်သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းများနှင့် ပတ်သက်၍စိုးရိမ်ကြောင်း အဆိုပြုချက်များနှင့် အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ မြန်မာနိုင်ငံအပေါ် ကန့်ကွက်မည့်အဆိုပြုချက်များကို ရုပ်သိမ်းသွားစေခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံသို့ ရောက်ရှိနေသော OIC ဥက္ကဋ္ဌ တူရကီနိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင်က မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များအပေါ် ကျေနပ်ကြောင်းဖော်ပြခဲ့ပါသည်။

သို့သော် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသရှိ ရဲကင်းစခန်းသုံးခုကို အကြမ်းဖက်ဝင်ရောက်စီးနင်းမှုကိစ္စများ ဖြစ်ပေါ်လာခဲ့ရာမှ ပြဿနာသည် အသစ်တစ်ဖန်စတင်လာခဲ့ပြန်သည်။ ထိုအကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်မှ နယ်မြေရှင်းလင်းရေးနှင့် ဆုံးရှုံးသွားသောလက်နက်များ ပြန်လည်ရရှိရေးဆောင်ရွက်ရာမှ ထပ်မံတိုက်ခိုက်မှုများကို ပစ်ခတ်နှိမ်နင်းမှုများ ပြုခဲ့ရသည်။ ထို့ကြောင့်ပင် နှစ်ဖက်သေဆုံးမှုအချို့ရှိခဲ့ရသည်။ ဤဖြစ်ရပ်များကိုပင် မဟုတ်မမှန်သတင်းထုတ်လွှင့်ဝါဒဖြန့်မှုများကြောင့် မြန်မာနိုင်ငံတွင် မူဆလင်များကို ဖိနှိပ်နေသည်၊ လူမျိုးတုံးသတ်ဖြတ်မှုများဖြစ်ပေါ်နေသည်အထိ စွပ်စွဲပြောဆိုမှုများ ဖြစ်လာစေခဲ့ပါသည်။

အထင်ရှားဆုံးဖြစ်ရပ်မှာ ပြီးခဲ့သည့်ရက်ပိုင်းက မလေးရှားဝန်ကြီးချုပ်ကိုယ်တိုင်ပါဝင်ခဲ့သော ဆန္ဒပြပွဲနှင့် သူ၏ပြောစကားများက ဖြစ်ရပ်မှန်များနှင့် ကင်းကွာနေပြီး နှစ်နိုင်ငံဆက်ဆံရေးကို ထိပါးနေသည်။ အာဆီယံနိုင်ငံများအတွင်း တစ်လျှောက်လုံးလိုက်နာခဲ့ကြသော ဘန်ဒေါင်းမူကြီးငါးချက်ကိုလည်း ချိုးဖောက်ရာရောက်နေပါသည်။ ထို့အတွက် မြန်မာအစိုးရမှလည်း လိုအပ်သော သတိပေးမှုများ၊ ဝေဖန်မှုများပြုလုပ်ခဲ့ပါသည်။ တကယ်တမ်းမှာရခိုင်ပြဿနာကို အသုံးချနေခြင်းသာဖြစ်ကြောင်း သိသာနေပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုများမရှိခဲ့ကြောင်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့အား ပြောကြားခဲ့သည်။ ထိုကော်မရှင်အနေဖြင့်လည်း စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ မြောက်ဦးနှင့် မြေပုံမြို့နယ်တို့သို့သွားရောက်လေ့လာပြီးနောက် နေပြည်တော်တွင်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ငါးဦးနှင့်လည်း တွေ့ဆုံခဲ့သည့်အတွက် ရခိုင်ပြည်နယ်နှင့်ပတ်သက်သော သမိုင်းကြောင်းများနှင့် နောက်ဆုံးအဖြစ်အပျက်အထိ သိမြင်သွားစေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကော်မရှင်အနေဖြင့် မူဆလင်များဘက်က ပူးပေါင်းဆောင်ရွက်မှုရှိပြီး ရခိုင်ဘက်ကပူးပေါင်းမှုအားနည်းခဲ့သည်ဟု ဆိုခြင်းအတွက် ယခုလွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်းက သိမြင်မှုပိုမိုပြည့်စုံစေမည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် မစ္စတာကိုဖီအာနန်၏သတင်းစာရှင်းလင်းပွဲတွင် လူမျိုးတုံးသတ်ဖြတ်မှုဆိုသောစကားကို အလွယ်တကူပြောဆိုရန်မသင့်ကြောင်း ပြောသည်ကိုတွေ့ရသည်။ လက်တွေ့တွင်လည်း လွတ်လပ်ရေးမတိုင်မီက သောင်းဂဏန်းပင်မရှိသော ဘင်္ဂါလီလူဦးရေမှာ ယခုအခါ တစ်သန်းနီးပါးရှိနေခြင်းက လူမျိုးတုံးသတ်ဖြတ်မှုဆိုသော စကားမှာ ဖြစ်ရပ်မှန်ကို ချဲ့ကား၍ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာဖိအားများ သက်ရောက်လာစေရန် ကလိမ်စေ့ငြမ်းဆင်ခြင်းသာဖြစ်ကြောင်း ပေါ်လွင်လှသည်။ လက်ရှိအခြေအနေတွင် ဖြစ်ရပ်များကိုအချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ နှစ်ဖက်လူမှုအသိုင်းအဝိုင်းနှစ်ခုစလုံးက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ပြဿနာကိုပုံကြီးချဲ့၍ အသုံးချခြင်းများမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ ။

# ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို (၉၆) နှစ်မြောက် အထိမ်းအမှတ်အဖြစ် Green Economy Green Growth အဖွဲ့မှ ပြုလုပ်သည့် Greening of Cities and Universities ခေါင်းစဉ်ဖြင့် နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် "ရန်ကုန်မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေကို စဉ်းစားတိုင်းမှာ နိုင်ငံတကာမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေရဲ့ အခြေအနေတွေနဲ့ ရှေ့မှာဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်ခဲ့တဲ့အမှားတွေကို သင်ခန်းစာယူနိုင်ဖို့အတွက် အမြဲတမ်း လေ့လာဆန်းစစ်လျက်ရှိပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

၄င်းက ဆက်လက်၍ "ရန်ကုန်ကို နေစွမ်းအင်နဲ့သော်လည်းကောင်း၊ လေစွမ်းအင်နဲ့သော်လည်းကောင်း လျှပ်စစ်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး အစိုးရဘက်က နေကြိုးပမ်းနေပါတယ်။ လေ့လာဆန်းစစ်မှု တစ်ခုကိုလည်း ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့ပြကို တကယ့်ကို စိမ်းလန်းပြီးနေချင့်စဖွယ် ရှေးဟောင်းအမွေအနှစ်နဲ့ စီးပွားရေးမြို့တော်ကြီးတစ်ရပ်အဖြစ်ရှိနေခဲ့ဖို့အတွက် အခုအခြေအနေမှာ စတင်ရေးဆွဲမယ့် Master Plan တွေထဲမှာ ထည့်သွင်းထားမှ အနာဂတ်မှာ နောင်လာနောက်သားတွေအတွက်ကောင်းမွန်တဲ့ အမွေတစ်ခုကို ပေးနိုင်ခဲ့မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်း၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ Kristen Bauer ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာသန်းညွန့်တို့က အမှာစကားများ ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူများထဲမှ ဒေါက်တာခင်မောင်လွင်က "မြို့တွေ၊ တက္ကသိုလ်တွေက အစိမ်းရောင်အတွေးအခေါ်နဲ့ အစိမ်းရောင်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာပါလာဖို့ စည်းရုံးလှုံ့ဆော်တဲ့သဘောပါ။ အထူးသဖြင့် တကယ်အောက်ခြေအထိ အလုပ်လုပ်နိုင်မယ့် အနာဂတ်အတွက်လည်း မျှော်မှန်းနိုင်တဲ့ လူငယ်ထုတွေ စိတ်ဝင်စားမှုကို ရယူချင်တာလည်း ပါပါတယ်။ ဒီနှစ်ခုကိုပေါင်းပြီး အစိမ်းရောင်ဖွံ့ဖြိုးရေးနဲ့ အစိမ်းရောင်စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ရှိပါတယ်။ လောလောဆယ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မယ်ဆိုလို့ရှိရင် သဘာဝအခြေခံပြီးတော့ မထိခိုက်မပျက်စီးနိုင်တဲ့ အနာဂတ်တစ်ခုကို ကျွန်တော်တို့ ထားခဲ့ဖို့လိုတယ်"ဟု ပြောကြားခဲ့သည်။

အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၏ အဓိကအကျဆုံးမှာ ကာဗွန်ဓာတ်ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြစ်ကြောင်း သိရသည်။ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်မည်ဖြစ်၍ အိုဇုန်းလွှာပေါက်ခြင်းကို လျှော့ချနိုင်မည်ဖြစ်သည်။ စည်းစနစ်မကျသော စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှလည်း ကာဗွန်ဓာတ်ငွေ့များ ထွက်ရှိလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ထင်သာမြင်သာ ပြုပြင်စရာ**

# အနံ့ဆိုးနှင့် စွန့်ပစ်အမှိုက်ကင်းစင်သောနေရာ ဖြစ်စေလို

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ အနောက်ဘက်အများပြည်သူသွားလာရာလမ်းဘေး၌ အညစ်အကြေး၊ အမှိုက်သရိုက်များအပြင် အဆိုပါအမှိုက်ပုံဘေးရှိ ကျင်းငယ်စွန့်ရာနေရာမှထွက်ရှိသော အနံ့အသက်ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရကြောင်း သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလပိုင်းကလည်း အဆိုပါနေရာ၌ အမှိုက်စွန့်ပစ်မှုရှိခဲ့၍ ယင်းနေရာကို သက်ဆိုင်ရာမှ လာရောက်ရှင်းလင်းခဲ့သော်လည်း ယခုအခါ အမှိုက်များ ပြန်လည်စုပုံလာခြင်းဖြစ်သည်။

"သက်ဆိုင်ရာဘက်ကနေ ထိထိရောက်ရောက် အရေးယူရင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေ ပပျောက်နိုင်မယ်လို့ ယူဆပါတယ်။ တစ်ဖက်ကဒေသခံတွေကလည်း ကြုံသလိုမလုပ်ဘဲ စည်းကမ်းရှိရှိနဲ့ စနစ်တကျစွန့်ပစ်ဖို့လည်း လိုပါတယ်" ဟု တာဟန်းဈေးတွင် ဈေးရောင်းချသူတစ်ဦးက ပြောသည်။



ယခု တာဟန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးရှိ အညစ်အကြေးနှင့် စွန့်ပစ်အမှိုက်ကြောင့် လေထုသန့်ရှင်းမှုမရှိ၍ ပတ်ဝန်းကျင်နေပြည်သူတို့၏ ကျန်းမာရေးထိခိုက်နိုင်သဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးစေလိုကြောင်း သိရသည်။ CL **ထန်းငါ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၁၂-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၉ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၃ ・ ၂၂ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ ・ ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

## အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ်မှ အသိုက်အဝန်းနှစ်ခုတို့အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက်မှု အကူအညီများပေးအပ်ရေး ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Retno L.P. Marsudi တို့ တွေ့ဆုံဆွေးနွေးစဉ်

**နေပြည်တော် ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Retno L.P. Marsudi သည် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီး လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးအား ယမန်နေ့ည ၈ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ ၎င်း၏နေအိမ်၌ လက်ခံတွေ့ဆုံပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီး Dr. Ito Sumardi တို့လည်း တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အတွင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ အသိုက်အဝန်းနှစ်ခုတို့အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုအကူအညီများ ပေးအပ်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဆက်သွယ်ညှိနှိုင်းမှုများ တိုးမြှင့်ပြုလုပ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၅/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**



ပြည်သူများ၏ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အဆိုပြုတင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၅/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အဆိုပြုတင်ပြလာသည့် ဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသည်။

ထိုအစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်နှင့် မန္တလေး လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းလက်အောက်တွင် (၆၆/၃၃/၁၁)နှင့် (၃၃/၁၁/၆.၆) ကေဗွီဓာတ်အားခွဲရုံများ အသစ်ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တို့၌ သူနာပြုသင်တန်းကျောင်း (၂) ကျောင်း၏ ဖွဲ့စည်းပုံအင်အား တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကုသရေးဦးစီးဌာနတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံကို ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ်သို့လည်းကောင်း၊ မြေပုံမြို့နယ်၊ ၂၅ ခုတင်ဆံ့ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့ လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီရ် ကျေးရွာတွင် ၁၆ ခုတင်ဆံ့ ဆေးရုံအသစ်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့သည်။

ထို့အပြင် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံငါးရုံ အသစ်ဖွင့်လှစ်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ခုတင် ၅၀ ဆံ့သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ရန်လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအောက်တွင် မုံရွာနှင့် လှိုင်ကော်မြို့တို့၌ အားကစားနှင့် ကာယပညာသိပ္ပံ သင်တန်းကျောင်း နှစ်ကျောင်းတို့ကိုလည်း အသစ်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့ပါသဖြင့် အဆိုပါဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ ပိုမိုမြင့်မားလာစေပြီး နိုင်ငံတကာအားကစားနည်းများတွင် အဆင့်မီ အရည်အသွေးရှိသော ထူးချွန်အောင်မြင်သည့် အားကစားသမားများ ပေါ်ထွက်လာနိုင်စေရန်နှင့် နိုင်ငံတော်၏ အမျိုးသားကျန်းမာရေး မူဝါဒနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုတွင် လိုအပ်သော အရည်အသွေးပြည့်ဝသည့် သူနာပြု/သားဖွားများ လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ကျန်းမာရေး အနီးကပ် စောင့်ရှောက်မှုများ ပြည့်ဝစွာ ရရှိခံစားနိုင်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးခင်လတ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) | ဦးကျော်ကျော်ဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၃) | ဦးဗရတ်ဆင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား UNESCO အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား UNESCO-မြန်မာ၏ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအသီးသီးမှ သတင်းထုတ်ပြန်ရေးအရာရှိများနှင့် သက်ဆိုင်သော သင်တန်းများဖွင့်လှစ်ပို့ချရေး၊ သတင်းမီဒီယာဥပဒေနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေးနှင့် စာနယ်ဇင်းသမားများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့အပါအဝင် မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

✪ *ရှေ့ဖုံးမှ*

အခု ပန်းပင်ပေါင်း ၁၇၃၀၀၀ ကျော် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ပါတယ်။ နိုင်ငံခြားမျိုး ပန်းအလှမျိုးစိတ်တွေနဲ့ ဒေသတွင်း ပန်းအလှမျိုးစိတ်တွေ ကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ပွဲတော်ချိန်မှာ လာရောက်အပန်းဖြေသူတွေအနေနဲ့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရဲ့ သာယာမှု၊ ရောင်စုံပန်းတွေရဲ့ အလှအပတွေကို ကြည့်ရှုခံစားရင်း ပွဲတော်ချိန်ကာလအတွင်း လာရောက်အပန်းဖြေကြဖို့ ဖိတ်ခေါ်ပါတယ်။ လာရောက်သူတွေ ရဲ့လုံခြုံရေး၊ လွယ်ကူစွာ သွားလာကြည့်ရှု အပန်းဖြေနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်လျက်ရှိပါတယ်''ဟု ပြောကြားသည်။

ပြင်ဦးလွင်ပန်းပွဲတော်တွင် နိုင်ငံကျော်တေးသံရှင်များ၊ သရုပ်ဆောင်များက ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းမှ စတင်ပြီး အခမဲ့ ဖျော်ဖြေမှုများ ပြုလုပ်မည်ဖြစ်ကာ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဝင်ကြေးသာပေးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

ပန်းပွဲတော်နှင့် ပတ်သက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လာရောက်လည်ပတ်နေသူ တစ်ဦးကလည်း "ကျွန်မတို့အဖွဲ့ကတော့ နေပြည်တော်ကနေ စုပေါင်းလာရောက်အပန်းဖြေကြတာပါ။ ပြင်ဦးလွင်က ရာသီဥတုသာယာပြီး လည်ပတ်စရာနေရာတွေကလည်း အများကြီးရှိပါတယ်။ ပန်းပွဲတော်ရက်အတွင်း လာလည်ချင်ပါတယ်။ ဒါပေမယ့် သူငယ်ချင်းတွေနဲ့ စုပေါင်းထွက်ဖြစ်ခဲ့တယ်။ ကန်တော်ကြီး ပန်းပွဲတော်ချိန် နီးလာတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေကိုလည်း အများကြီး တွေ့ရပါတယ်။ အရင်နှစ်က လာလည်ဖူးပါတယ်။ ဒီနှစ်မှာ တေးဂီတတွေ၊ အဆိုတော်တွေ၊ သရုပ်ဆောင်တွေ ပါဝင်တော့ အလွန်စည်မှာပါ။ အခုချိန်တောင် စည်နေပါတယ်။ ပွဲတော်မှာ မြင်တွေ့ခံစားရမယ့် အလှအပရှုခင်းတွေကို ကြိုတင်မြင်ယောင်ပြီး ရင်ခုန်ခံစားမိပါတယ်''ဟု ပြောသည်။

ယခုနှစ် (၁၀)နှစ်ပြည့် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၁၉၂၄ ခုနှစ်တွင် ရုက္ခဗေဒဥယျာဉ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်အမည်ဖြင့် ပြည်သူများ အပန်းဖြေ အနားယူစရာနေရာအဖြစ် ဖွင့်လှစ်ခဲ့သည်။

ပြင်ဦးလွင် ပန်းပွဲတော် (၁၀) နှစ်ပြည့်တွင် ရှားပါး ပန်းမျိုးစိတ်များအပါအဝင် ပန်းပင်ပေါင်း ၁၇၃၀၀၀ ကျော်ဖြင့် ပြသသွားမည်ဖြစ်ကာ ပန်းအလှမြတ်နိုးသူများနှင့် ရှားပါးပန်းမျိုးစိတ်သစ်များ၊ နိုင်ငံခြားပန်းမျိုးစိတ်များကို လေ့လာ အပန်းဖြေလိုသူများအတွက် ပြသသွားမည်ဖြစ်သည်။

**သတင်း - မောင်ကျော်ကြီး၊ နေဝါ(မိုးကုတ်)၊ ဓာတ်ပုံ - သီဟစည်သူ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စစ်ဆင်ရေးတာဝန်ထမ်းစဉ် ထိခိုက်ဒဏ်ရာရခဲ့သည့် တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေး

နေပြည်တော် ဒီဇင်ဘာ ၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက လားရှိုးမြို့သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်က ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုး၊ ဖောင်းဆိုင်၊ ဟေမိုးလုံ၊ ကြူကုတ်(ပန်ဆိုင်း) နယ်မြေများသို့ နိုဝင်ဘာလအတွင်း KIA/TNLA/MNDAA/AA လက်နက်ကိုင်အဖွဲ့များ ပူးပေါင်း၍ အင်အားသုံးဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းကို လုံခြုံမှု အပြည့်အဝရှိအောင် အမြန်ဆုံးဆောင်ရွက်ရန်၊ ကားလမ်းပေါ်၌ အရပ်ဝတ်ဖြင့် အရပ်သားအသွင်ယူပြီး လမ်းကြောင်းပိတ်ဆို့ခြင်း၊ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း လုပ်ဆောင်နေသည့် လက်နက်ကိုင်အဖွဲ့များအား နယ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူ့စစ်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းရေး၊ ဆုတ်ခွာသွားသူများအား ထက်ကြပ်လိုက်လံရှင်းလင်း၍ အမြစ်ပြတ်ချေမှုန်းရေး၊ သတင်းလက်ဦးမှုရရှိရေး၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို စစ်ရေးသတိဖြင့် စနစ်တကျလုပ်ဆောင်ရေး တို့ကို မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ရှေ့တန်းရောက်တပ်မတော်သားများနှင့် စစ်မြေပြင်၌ တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သားများအတွက် စေတနာရှင် ပြည်သူများက အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ငွေကျပ်သိန်း ၇၃၀၊ မြန်မာအတိုင်ပင်ခံကုမ္ပဏီက ငွေကျပ် သိန်း ၂၀၀၀၊ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံသည်။

ဆက်လက်၍ International Gate Way Group ကုမ္ပဏီက လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ ရွှေစင်စကြာမော်တော်ယာဉ်လိုင်းနှင့် မော်တော်ယာဉ်အသင်းများက စုပေါင်းလှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ကုမ္ပဏီများက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လက်ခံရယူသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားရှိုးမြို့နယ် နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသလျက်ရှိသည့် တပ်မတော်သားတစ်ဦးအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်** (မြဝတီ)

ယင်းနောက် အလှူရှင်အသီးသီးမှ လှူဒါန်းသည့် အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများက လက်ခံကြသည်။

ယနေ့ အခမ်းအနားတွင် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေကျပ်စုစုပေါင်းမှာ ငွေကျပ် သိန်းပေါင်း ၁၀၇၂၃ သိန်းနှင့် စားသောက်ဖွယ်ရာများနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၃၃၂ သိန်း၊ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၁၁၀၅၅ သိန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော ရှေ့တန်းစစ်ဆင်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့အား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြား၍ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

# အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဝန်ကြီးဌာနများအနေဖြင့် ကတိဖြစ်ခဲ့သည့် ကိစ္စများကို သတ်မှတ်သည့်အချိန်အတွင်း လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် လွှတ်တော်ကို ပြည်သူများက အလေးအနက်ထား ယုံကြည်လာမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ပြောကြားလိုက်သည်။

ယနေ့နံနက် လွှတ်တော်အဆောက်အအုံ ရေးရာဆောင်အမှတ် (I-20)၌ ကျင်းပသည့် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၃/၂၀၁၆) အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ဦးသိမ်းဆွေက ဒုတိယပုံမှန်အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကတိကဝတ်ဖြစ်မှုများကို ယခုကျင်းပနေသည့် တတိယပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းနိုင်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ပထမ ပုံမှန်အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကတိကဝတ်ဖြစ်မှုများကို ဒုတိယပုံမှန်အစည်းအဝေး၌ အစီရင်ခံစာတင်သွင်းပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများသည် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ကတိကဝတ်ဖြစ်ပေါ်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၈ ရက်တွင်လည်း ကတိကဝတ်ဖြစ်ပေါ်မှု အခြေအနေများနှင့်ပတ်သက်၍ ကျန်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အခြေခံလူ့အခွင့်အရေး၊ သက်ငယ်မုဒိမ်းမှုများနှင့် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှု ပပျောက်ရေးဟောပြော

**ရေတာရှည် ဒီဇင်ဘာ ၇**

နိုင်ငံရေးအကျဉ်းသားများ ကူညီဆောင်ရွက်ရေးအသင်းနှင့် အခြေခံလူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ရေတာရှည်မြို့ အထကရှိ အောင်ဆန်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၊ ပညာ၊ ကျန်းမာ၊ လူမှုရေး၊ အလုပ်သမားကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦးက သက်ငယ်မုဒိမ်းမှုများဖြစ်ပွားရခြင်းကို ကာကွယ်နိုင်ရန်နှင့် မိဘများ၊ ကလေးသူငယ်များ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ဒေသဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေပေးအပ်

**ရေကြည် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့ခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူးက ရန်ပုံငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာ ၂၀ ၌ ကျေးလက်လမ်းလုပ်ငန်း ၁၂ ခု၊ တံတားလုပ်ငန်း လေးခု၊ ရေရရှိရေးလုပ်ငန်း သုံးခု၊ မီးရရှိရေးလုပ်ငန်း




တစ်ခုတို့အတွက် ပထမအရစ် ထုတ်ပေးသည့် ငွေကျပ်သိန်း ၅၀ စီကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့မှ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေပြားသင်္ကန်းတော်များကပ်လှူပူဇော်ရန် ရွှေစင် ၃၄ ကျပ်သား လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၇**

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ရန်အတွက် ရွှေစင် ၃၄ ကျပ်သား လှူဒါန်းခြင်းနှင့် စတုဒိသာထမင်းအာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။**



အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၊ ပဓာနနာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်သည်။

ထို့နောက် အလှူရှင် နေပြည်တော် မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့နှင့်အတူ မိတ်ဖက်ကုမ္ပဏီများနှင့် ဂေါပကအဖွဲ့ဝင်များက ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ရန်အတွက် အလှူရှင် နေပြည်တော်မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့က ရွှေစင် ၃၀ ကျပ်သား၊ မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် ခိုင်ချယ်ရီဝင်းကုမ္ပဏီမိသားစုက ရွှေစင် ၃ ကျပ်သားနှင့် မြန်မာဟိန်းစည်သူ ကုမ္ပဏီမိသားစုက ရွှေစင် ၁ ကျပ်သား လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူ၍ ရေစက်သွန်းချ အမျှပေးဝေသည်။

မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့နှင့် မိတ်ဖက်ကုမ္ပဏီများအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ရန်အတွက် ယနေ့အလှူသည် (၉)ကြိမ်မြောက်လှူဒါန်းမှုဖြစ်ပြီး စုစုပေါင်း ၄ ပိဿာ ၅၆ ကျပ်သား ၂ ပဲ ၇ရွေး လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မကွေးအထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေးနှင့် ရခိုင်ကမ်းရိုးတန်းဒေသအတွက် ခရီးသည်တင် ရေယာဉ်သစ်တစ်စင်း အကူအညီပေးရေး စာချွန်လွှာများ လက်မှတ်ရေးထိုး




**နေပြည်တော် ဒီဇင်ဘာ ၇**

မကွေးအထွေထွေရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း ၂၂၈၁ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှင့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း သန်း ၁၀၀၀ တန်ဖိုးရှိခရီးသည်တင် ရေယာဉ်သစ်တစ်စင်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi တို့ လက်မှတ်ရေးထိုးလဲလှယ်သည့် အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါစာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေမည်ဖြစ်ပြီး စာချွန်လွှာများပါ စီမံချက်အရ မကွေးအထွေထွေရောဂါကု ဆေးရုံကြီးကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်ရာ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် များစွာ အထောက်အကူရရှိနိုင်မည်ဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းဒေသအတွက် ရေယာဉ်သစ်တစ်စင်း ထပ်မံထောက်ပံ့လှူဒါန်းမည်ဖြစ်ရာ ရခိုင်ကမ်းရိုးတန်းဒေသ ရေကြောင်းသွားလာရေးအတွက် ပိုမိုလုံခြုံချောမွေ့စေ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်သည်။

အဆိုပါ စီမံချက်နှစ်ခုအတွက် ဂျပန်နိုင်ငံအစိုးရမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ အကူအညီ စုစုပေါင်း ဂျပန်ယန်း ၃၂၈၁ သန်း ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ မော်တော်ဆိုင်ကယ် ၁၀ စီး လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုရန် မော်တော်ဆိုင်ကယ် ၁၀ စီးကို Aung Kenbo Trading Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ လှူဒါန်းသည့် အခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားပြီး Aung Kenbo Trading Co., Ltd. မှ မန်နေဂျာ ဦးဇော်ထွန်းက ယခုကဲ့သို့ ဆိုင်ကယ်များ လှူဒါန်းရခြင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်နှင့်အမျှ မှုခင်းများ၊ ပြဿနာများ ဖြစ်ပေါ်နေသည့် အခြေအနေကို တာဝန်ယူဖြေရှင်းဆောင်ရွက်နေကြသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအနေဖြင့် နေ့ရောညပါဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ရဲတပ်ဖွဲ့ကိုတစ်ဖက်တစ်လမ်းမှ ကူညီပေးလိုသည့် ဆန္ဒဖြင့်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ရန်ကုန်တွင် ယာဉ်သွားလာမှုရှုပ်ထွေးပြီး ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ရဲတပ်ဖွဲ့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် အခက်အခဲများရှိကြောင်း သိရှိရသဖြင့် မှုခင်းဖြစ်ပွားသည့်နေရာ၊ ပြဿနာဖြစ်သည့် နေရာများကို အချိန်မီသွားရောက်နိုင်ရေးအတွက် မော်တော်ဆိုင်ကယ်များ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Aung Kenbo Trading Co.,Ltd. ဒါရိုက်တာက မော်တော်ဆိုင်ကယ် ၁၀ စီးကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လက်ခံခဲ့ပြီး လှူဒါန်းသည့် မော်တော်ဆိုင်ကယ်များမှာ တရုတ်နိုင်ငံထုတ် Kenbo အမျိုးအစား၊ အင်ဂျင်ပါဝါ မြင်းကောင်ရေ ၂၅၀ အားရှိပြီး တန်ဖိုးအားဖြင့် တစ်စီးလျှင် ငွေကျပ် ၁၅ သိန်းရှိကာ စုစုပေါင်းငွေကျပ် သိန်း ၁၅၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။ Aung Kenbo Trading Co.,Ltd. အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် လိုအပ်သော မော်တော်ဆိုင်ကယ်များကိုလည်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# စေတိယင်္ဂဏစာလျှောက်မေးပွဲ အောင်စာရင်းထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ စေတီတော်တောင်ဘက်မုခ် အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပခဲ့သည့် (၉၉) ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ၏ အောင်စဉ်အလိုက် အောင်စာရင်းကို ဒီဇင်ဘာ ၅ ရက်တွင် စာလျှောက်မေးပွဲကျင်းပရေး လုပ်ငန်းကော်မတီက ထုတ်ပြန်သည်။

စာလျှောက်မေးပွဲတွင် သီးခြားစာချတန်း၌ သံဃာတော် ၂၇ ပါး၊ သီးခြားစာသင်တန်း၌ သံဃာတော် ၁၈၇ ပါး စုစုပေါင်း သံဃာတော် ၂၁၄ ပါးတို့ စာရင်းပေးသွင်းကာ အာဂုံပြန်ဆိုနှင့် ရေးဖြေ ဖြေဆိုတော်မူခဲ့ကြသည်။

အောင်စဉ်အလိုက်အောင်စာရင်းမှာ သီးခြားစာချတန်း သုံးကျမ်းစလုံးအပြီးအောင်လေးပါး၊ နှစ်ကျမ်းအောင် သုံးပါး၊ တစ်ကျမ်းအောင် နှစ်ပါးနှင့် သီးခြားစာသင်တန်းအောင် ငါးပါး စုစုပေါင်း ၁၄ ပါးအောင်မြင်တော်မူခဲ့ကြသည်။

အဆိုပါ အောင်စဉ်အလိုက်အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက် (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့)တွင် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်မည်ဖြစ်ရာ အလှူရှင်များ စေတီတော်ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# ယာယီတိမ်းရှောင်စခန်းမှ ပြည်သူများအတွက် ဆောင်းရာသီဝတ် အနွေးထည်များပေးအပ်လှူဒါန်း

**ဗန်းမော် ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင်စခန်းမှ ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမှ ဆောင်းရာသီဝတ် အနွေးထည်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၇ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဗန်းမော်ခရိုင် ဥပဒေအရာရှိ၊ ဗန်းမော်ခရိုင်ကျေးလက်ဒေသဦးစီးမှူးတို့က ပေးအပ်ရာ စခန်းတာဝန်ခံများက လက်ခံယူကြသည်။

ကမ္ဘောဇအလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဗန်းမော်ခရိုင် ရွှေကူမြို့အမှတ်(၄)ရပ်ကွက် ကောဂဗလရပ်အတွင်းနေထိုင်သော စစ်ဘေးရှောင်များအတွက်လည်း အနွေးထည်များကို ဒီဇင်ဘာ ၆ ရက်ကပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်း နှစ်ပတ်လည်အထိမ်းအမှတ် ဘုရားဖူးများ အခမဲ့ပို့ပေး

**ကျိုက်ထို ဒီဇင်ဘာ ၇**

ကျိုက်ထိုမြို့နယ်တွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း (၁၃)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို ဖူးမြော်ရန်လာရောက်သည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအား ဒီဇင်ဘာ ၇ ရက် နံနက် ၆ နာရီမှစတင်ပြီး ညနေ ၆ နာရီအထိ တစ်နေ့တာအခမဲ့ အကြိုအပို့ပြုလုပ်၍ ဝန်ဆောင်မှုပေးခဲ့သည်။

အဆိုပါဝန်ဆောင်မှုပေးရာတွင် တောင်တက်မော်တော်ယာဉ်အသင်းတွင် ရှိသည့် မော်တော်ယာဉ် အစီး ၁၅၀ မှ တစ်စီးလျှင် ၄၅ ဦးတင်ဆောင်၍ ဘုရားဖူး ၁၅၀၀၀ ခန့်အား အခမဲ့ပို့ဆောင်ပေးခဲ့ပြီး စတုဒိသာအဖြစ် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းနှင့်အတူ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များက ကင်းမွန်းစခန်းမှ စတင်ပြီးကျိုက်ထီးရိုးရင်ပြင်တော်တွင် ထမင်း၊ မုန့်ဟင်းခါး၊ အကြော်၊ အချိုရည်၊ ရေသန့် အစရှိသည့် စားသောက်ဖွယ်များကို ပါဝင်လှူဒါန်းခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**

# ပေးဆပ်ခြင်းနဲ့စလို့ ရယူဖို့အတွက် မျှော်လင့်ပါ

မင်းသိမ်း(နေပြည်တော်)

အောင်မြင်တဲ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုထိန်းချုပ်နိုင်တဲ့ အလေ့အကျင့်မျိုးမွေးနိုင်တဲ့သူ၊ အများက ယုံကြည်စိတ်ချရတဲ့သူ၊ စိတ်ရှည်တဲ့သူ၊ ဇွဲရှိတဲ့သူ၊ ကိုယ်ပိုင်စည်းကမ်းကိုလိုက်နာတဲ့သူ၊ တရားမျှတမှုရှိတဲ့သူ၊ အထူးသဖြင့် အကျပ်အတည်းကာလတွင်းမှာ အကောင်းဆုံးအခြေအနေတွေအတွက် စဉ်းစားတွေးခေါ်မှုရှိတဲ့သူ၊ အဲဒီလိုပုဂ္ဂိုလ်မျိုးပဲ အဖွဲ့အစည်းတစ်ခုရဲ့ခေါင်းဆောင်ဖြစ်ထိုက်ပါတယ်။ မိမိရထားတဲ့ ရာထူးကြောင့် ဖြစ်ပေါ်လာတဲ့ Positional Power၊ မိမိရဲ့ ကိုယ်ရည်ကိုယ်သွေး ကြောင့် ရလာတဲ့ Personal Power ၊ ဒါကို မှန်မှန်ကန်ကန် အသုံးချတတ်ဖို့လိုသလို၊ အများတုပချင်စိတ် ပေါ်လာမယ့် Referent Power မျိုးပါ ပြည့်စုံမယ် ဆိုရင်တော့ အကောင်းဆုံးပဲပေါ့။

ယနေ့လူသားများ အလုပ်လုပ်နေကြတယ်ဆိုတာဟာ မိမိအတွက် တစ်ခုခုရအောင်နဲ့ အခြားသူတွေကို တစ်ခုခုပေးနိုင်အောင်လုပ်နေတယ်ဆိုတဲ့ အတွေးမျိုးရှိဖို့လိုပါတယ်။ အတ္တရဲ့ သားကောင်ဖြစ်နေကြတဲ့ လူသားတွေဟာ မိခင်ရဲ့ ဝမ်းထဲမှာရှိနေကတည်းက မိခင်နဲ့ပတ်သက်လို့ တစိုးတစိမျှ စဉ်းစားခြင်းမပြုဘဲ မိမိလိုသမျှ အာဟာရကိုမိခင်ထံမှ ရယူနေကြသူတွေပဲဖြစ်ပါတယ်။ ကိုယ့်ရေပုံးကြီးတိုနေတာမသိ ရေတွင်းနက်တာကိုပဲအပြစ်တင်ဖို့ စိတ်ကူးကြတယ်။ တကယ်တော့ ပကတိအခြေအနေမှန်ကို အမှန်အတိုင်းမြင်တတ်ပြီး လုပ်ဆောင်တတ်ဖို့ဆိုရင် ကိုယ့်ရဲ့စွမ်းဆောင်ရည်ကို သိဖို့သာလိုပါတယ်။ လူသားများကျင်လည်နေတဲ့ လောကကြီးဟာ အခက်အခဲပေါင်းများစွာနဲ့ နားကွဲလုမတတ် အသံတွေ ဆူညံနေတဲ့နေရာပါ။ မိမိကလောကကြီးအပေါ် ဘယ်လောက်ပဲဖော်ရွေဖော်ရွေ၊ ကိုယ့်အပေါ်ကျတော့ တုံ့ပြန်မှုမရှိဘဲ လျစ်လျူရှုနေကောင်းရှုနေပါလိမ့်မယ်။ စိတ်မပျက်ပါနဲ့။ အမြဲတမ်းကံဆိုးမိုးမှောင်ကျနေမှာ မဟုတ်ပါဘူး။ နေသာတဲ့နေ့တွေနဲ့တွေ့ကြုံရတတ်တာမို့ ဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ရှိနေဖို့သာလိုပါတယ်။ ပန်းတိုင်မရှိတဲ့ဘဝဟာ လှော်ခတ်သူမပါ မျောနေတဲ့လှေတစ်စင်းလိုပါပဲ။ ရေစီးအတိုင်းမျောပြီး ဘယ်သောင်နဲ့တိုက်လို့ ဘယ်ကမ်းကို ဆိုက်မယ်မှန်းမသိရတဲ့ အဖြစ်မျိုးမဖြစ်ဖို့သာ အရေးကြီးပါတယ်။

အချို့ကိစ္စရပ်တွေမှာငါ့ကြောင့်ဆိုတဲ့ ပူပန်မှုမျိုးမခံစားမိဖို့ လိုပါတယ်။ အင်္ဂလိပ်လိုတော့ "Don't feel particularly guilty" လို့ ခေါ်ပါတယ်။ ကိုယ်မတတ်နိုင်တဲ့ကိစ္စ၊ ကိုယ့်တာဝန်မဟုတ်တဲ့ကိစ္စ၊ ကိုယ့်ပေါ့ဆမှုကြောင့် မဟုတ်ဘဲ၊ အခြားအကြောင်းကြောင်းကြောင့် သူတစ်ပါးမှာ အဆင်မပြေမှုတွေ၊ အခက်အခဲတွေဖြစ်ရတာ နဲ့ ပတ်သက်ပြီး ကိုယ့်အပြစ်လို့ထင်နေတာ၊ ခံစားနေရတာမျိုး မဖြစ်သင့်ပါ။ ကိုယ့်ကိုယ်ကိုအားမရတာ၊ ကိုယ်လုပ်တဲ့အလုပ်နဲ့ပတ်သက်ပြီး အဆင့်မမီဘူးလို့တွေးတာ၊ အထင်သေးတာ၊ စိတ်ပျက်တာ၊ ဒါမျိုးမဖြစ်ဖို့လိုပါတယ်။ အရေးကြီးတာက စိတ်ဓာတ်မကျဘဲ မှန်မှန်လုပ်နေဖို့ပဲလိုပါတယ်။ တစ်ခါတလေ ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်နေပေမယ့် မှားသွားတာမျိုးရှိလာခဲ့ပြန်ရင်လည်း နားလည်ခွင့်လွှတ်ပေးနိုင်မှ စိတ်ချမ်းသာမှုကိုရမှာပါ။ ပုံသေမှတ်လို့မရတဲ့ ကိစ္စမျိုးတွေရှိတတ်လို့ ကိုယ်ထားတဲ့ စံနှုန်းက မြင့်နေလွန်းရင်လည်း လက်တွေ့မှာဖြစ်ဖို့ခက်ပါတယ်။

ဒါကြောင့်ရင်းနှီးမြှုပ်နှံမှုချင်းတူရင် ဘယ်သူ့ကို ဘယ်နေရာမှာထားပြီးသုံးရင် အကျိုးရှိမယ်ဆိုတာသိတဲ့သူဟာ ပိုဖြစ်ထွန်းတာပဲ။ သိဖို့ ဆိုတဲ့နေရာမှာ အသိပညာ၊ အတတ်ပညာရှိဖို့လိုပါတယ်။ အသိပညာတော့ကြွယ်ပါရဲ့ အတတ်ပညာမရှိဘူး။ အတတ်ပညာတော့ရှိပါရဲ့ အသိပညာမရှိဘူးဆိုရင် ပြိုင်တူတော့ ထွက်ကြပါရဲ့ ပန်းတိုင်ရောက်ပုံရောက်နည်းချင်းကွဲသွားကြပါလိမ့်မယ်။ အသိပညာဆိုတာ ကြားဖူးလို့သိတာ၊ မြင်ဖူးလို့သိတာရှိတယ်။ ဒါပေမယ့် အတတ်ပညာကျတော့ ကိုယ်တိုင်သင်ယူမှတ်သားမှရတယ်ဆိုတာ နားလည်ထားဖို့တော့ လိုလိမ့်မယ်။

"Do what you love(or) love what you do" ဆိုတဲ့စကားလိုပါပဲ။ မင်းနှစ်သက်တဲ့ အလုပ်ကိုလုပ်ပါ။ ဒါမှမဟုတ် မင်းလုပ်နေတဲ့အလုပ်ကို နှစ်သက်အောင်ကြိုးစားကြဖို့သာဖြစ်ပါတယ်။ ဘယ်အလုပ်မျိုးကိုပဲ လုပ်ရလုပ်ရ၊ ဘယ်အချိန်မှာပဲ လုပ်ခွင့်ရရ ကိုယ်လုပ်နေတဲ့ အလုပ်အပေါ် စေတနာထားပြီး စိတ်ဝင်စားကြဖို့သာလိုပါတယ်။ ရွေးချယ်တဲ့နေရာမှာလည်း အဖြေတစ်ခုထွက်ပြီးမှ လုပ်တာထက်၊ အဖြေမထွက်ခင်မှာ အကောင်းဆုံးလို့ ထင်ရတဲ့အရာတစ်ခုအတွက် လောင်းကြေးထပ်ရတာမျိုးဖြစ်ဖို့ လိုပါတယ်။ စပ်ကူးမပ်ကူးကာလ၊ မူဝါဒတွေစမ်းသပ်တဲ့ကာလမျိုးမှာ အဆင်ပြေမယ်အမှတ်နဲ့ ရွေးလိုက်ပေမယ့် အချိန်တို အတွင်း အပြောင်းအလဲဖြစ်သွားတတ်တာမို့ ကောင်းမွန်တဲ့ Vision အတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရင်တော့ အပြောင်းအလဲကို ကြိုတင်တွက်ဆနိုင်ပါလိမ့်မယ်။

> **ကောင်းမွန်တဲ့စနစ်ကို ဘယ်လိုပဲထူထောင်ထူထောင်၊ အဲဒီစနစ်ကို လူတွေကပဲ ဖန်တီးရမှာပါ။ လူတွေရဲ့ အလုပ်မှန်ကန်မှု၊ အလုပ်မှန်ကန်မှုကို ရှေးရှုတဲ့စေတနာနဲ့ အသိပညာများရဲ့ မှန်ကန်မှုတို့ဟာ ကောင်းသော လူ့ဘောင်စနစ် တည်ဆောက်ရာမှာ အဓိက ရှေ့ဆောင်အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာကို ခံယူတတ်ဖို့လိုပါတယ်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို လုပ်တဲ့နေရာမှာ ပညာရှင်အခန်းကဏ္ဍဟာ အထူးအလေးထားရမယ့် ကိစ္စဖြစ်ပါတယ်။ ဥပမာ သေနတ်တစ်ချက်ဖောက်တဲ့နေရာမှာ ယမ်းတောင့်ထက်ခလုတ်ဖြုတ်မယ့် လက်ညှိုးက ပိုအရေးကြီးပါတယ်။ တစ်ခါလက်ညှိုးထက် ခလုတ်ဖြုတ်သင့်/မသင့် ဆုံးဖြတ်မယ့် ဦးနှောက်က ပိုအရေးကြီးပြန်ရော။ ဒါကြောင့် စစ်ပွဲတွေမှာ လူသူလက်နက်အရေအတွက်ထက် စစ်စွမ်းရည်နဲ့ဆုံးဖြတ်မယ့် အကြီးအကဲရဲ့ဦးနှောက်အသိဉာဏ်က ပိုပြီး အရေးကြီးတယ်ဆိုတာကို လက်နက်ကိုင်အဖွဲ့အစည်းဝင်အားလုံးလက်ခံကြပြီးဖြစ်ပါတယ်။ လူသားများ ပြုစုပျိုးထောင်ခဲ့တဲ့ ကျမ်းတွေ၊ ဥပဒေတွေ၊ အယူအဆတွေဟာ ကာလဒေသအခြေအနေကိုလိုက်ပြီး အဓိပ္ပာယ်ရှိခဲ့လို့ သင့်လျော်ခဲ့ပေမယ့်၊ အစဉ်အမြဲပြီးပြည့်စုံပြီး ပြင်ဆင်ပြောင်းလဲလို့ မရတော့ဘူးဆိုတာမျိုးယူဆလို့မရပါဘူး။ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရင်း ပိုမိုကောင်းမွန်တဲ့ နည်းစနစ်တွေကို တွေ့ရှိတဲ့အခါမှာ မိမိနိုင်ငံ ပြည်သူများရဲ့ဘဝနဲ့ စပ်ဟပ်မိအောင် ကျင့်သုံးတတ်ဖို့သာလိုပါတယ်။ ဘာမှမလုပ်ဘဲရချင်တာထက်၊ လုပ်သင့်တာထက် ပိုလုပ်မယ်ဆိုရင်တော့ ရသင့်တာထက် ပိုရပါလိမ့်မယ်။ မြင်နိုင်သလောက် ဝေးဝေးကိုသွားကြည့်၊ အဲဒီနေရာရောက်တဲ့အခါ ပိုဝေးတဲ့နေရာကို မြင်ရမှာဖြစ်သလို အခက်အခဲတွေ ပြဿနာတွေနဲ့ တွေ့ကြုံရပြီဆိုရင်လည်း ကိုယ့်ရဲ့ရည်မှန်းချက်အတွက် အရောက်သွားဖို့ လမ်းကြောင်းပြောင်းသင့်ရင် ပြောင်းရမယ်။ ဒါပေမယ့် ရောက်အောင်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုတော့ မပြင်ပါနဲ့။

ရုပ်ပိုင်းဆိုင်ရာအရင်းအနှီး ဘယ်လောက်ပဲပြည့်စုံပြည့်စုံ၊ ပါဝင်ပတ်သက်တဲ့သူတွေရဲ့ အရည်အသွေး မကောင်းရင်တော့ တန်ဖိုးမရှိနိုင်ပါဘူး။ မိမိက ဟန်ဆောင်ပြုံးရင် ပြန်လည်ရရှိမယ့် အပြုံးကလည်း ဟန်ဆောင်အပြုံးပဲ ဖြစ်ပါလိမ့်မယ်။ ငါဆိုတဲ့အတ္တနဲ့ တစ်ယူသန်စိတ်ကို ပြန်လည်သုံးသပ်ခြင်း၊ ပြုပြင်ပြောင်းလဲရန် မကြိုးစားခြင်းတို့ဟာ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတဲ့ အခြေအနေမျိုးရောက်အောင် တွန်းအားပေးနေတယ်ဆိုတာကို သတိမြင်စေလိုပါတယ်။

ကောင်းမွန်တဲ့စနစ်ကို ဘယ်လိုပဲထူထောင်ထူထောင်၊ အဲဒီစနစ်ကို လူတွေကပဲ ဖန်တီးရမှာပါ။ လူတွေရဲ့ အလုပ်မှန်ကန်မှု၊ အလုပ်မှန်ကန်မှုကို ရှေးရှုတဲ့စေတနာနဲ့ အသိပညာများရဲ့ မှန်ကန်မှုတို့ဟာ ကောင်းသော လူ့ဘောင်စနစ် တည်ဆောက်ရာမှာ အဓိကရှေ့ဆောင်အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာကို ခံယူတတ်ဖို့လိုပါတယ်။ အထူးသဖြင့် နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့တဲ့ အသိမှားမှုကြောင့် ဖြစ်ပေါ်လာတဲ့ တိမ်းပါးလွဲချော်မှုတွေကို ပြန်လည်ဖျက်သိမ်းပြီး၊ အခြေခံကနေ စတင်တည်ဆောက်ရတဲ့ လုပ်ငန်းဟာ လွန်စွာခက်ခဲလှပါတယ်။ ဖျက်သိမ်းခဲ့တဲ့ စနစ်ဟောင်းမချုပ်ငြိမ်းမီ စနစ်သစ်ကို တည်ထောင်တဲ့နေရာမှာ စနစ်ဟောင်းကို ကိုယ်စားပြုသူတွေ အကြောက်အကန် ပြန်လည်ဖျက်ဆီးတတ်စမြဲမို့ ရှုပ်ထွေးလှတဲ့ ပြဿနာအသစ်တွေ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ စီးပွားရေးလုပ်ငန်းရှင် များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များတွေ့ဆုံပွဲ အခမ်းအနားမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "စနစ်တစ်ခုပြောင်းသွားတဲ့အခါမှာ စီးပွားရေးစနစ်လည်း ပြောင်းရမည်ဖြစ်ကြောင်း၊ အဲဒီအခါမှာ အရင်တုန်းကလုပ်နေတဲ့ စီးပွားရေးသမားတွေအတွက် နေရာရှိပါ့မလားဆိုတဲ့ ပူပန်သောကတွေရှိပေမယ့် အားလုံးကို ကြိုဆိုကြောင်း၊ မိမိတို့နိုင်ငံဟာ တစ်ချိန်တုန်းက အင်မတန်အလားအလာကောင်းတဲ့ နိုင်ငံဆိုပြီး ထင်ရှားခဲ့ပေမယ့် နောက်ပိုင်းမှာ ဒီဂုဏ်သတင်းဟာ မှေးမှိန်သွားခဲ့ကြောင်း၊ သို့ပေမယ့် အချိန်ကာလပြောင်းနေတာနဲ့အမျှ အခွင့်အရေးအသစ်တွေလည်း အမြဲပေါ်ထွက်နေကြောင်း၊ မိမိတို့က ဒီအခွင့်အရေးအသစ်တွေကိုအသုံးချပြီး နိုင်ငံတိုးတက်ရေးအတွက် ဝိုင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မျှော်လင့်နေရုံနဲ့မရ၊ ကြိုးစားမှ၊ အလုပ်လုပ်မှ၊ ဝါယမစိုက်ထုတ်မှ လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်ကြောင်း၊ လမ်းသစ်တစ်ခုကို လျှောက်တဲ့နေရာမှာ လမ်းဟောင်းလျှောက်တာထက် သတ္တိအများကြီးလိုကြောင်း၊ နှစ်ပေါင်းများစွာ လျှောက်လာတဲ့ လမ်းဟောင်းမို့ သိနေပြီဆိုပေမယ့် လမ်းသစ်ကိုလျှောက်ဖို့ အချိန်ရောက်ပြီဆိုရင် လျှောက်နိုင်တဲ့ သတ္တိလိုအပ်ကြောင်း၊ ရရှိလာမယ့် အခွင့်အရေးသစ်တွေကို စေတနာရှိရှိ၊ သတ္တိရှိရှိ၊ မိမိရရဆုပ်ကိုင်ပြီး နိုင်ငံရဲ့တိုးတက်မှုအတွက် လုပ်ပေးစေချင်ကြောင်း" မိန့်မှာချက်များဟာ "လုပ်ငန်းသစ်ကိုစလို့ ကမ္ဘာသစ်ကို ဖွင့်ကြမယ်ဟေ့"လို့ တပ်လှန့်လိုက်သည့်သဘောဖြစ်ပါတယ်။

ဝေဖန်မှု(Critique)ဆိုတဲ့နေရာမှာ တစ်ဖက်သတ်ဝေဖန်မှုတွေရှိသလို၊ မျှမျှတတဝေဖန်မှုမျိုးလည်းရှိပါတယ်။ ဝေဖန်ခံရမှာကြောက်ဖို့ မလိုပါဘူး၊ လုပ်ငန်းကြီးကြီးလုပ်လေ ဝေဖန်ခံရလေပဲ...၊ ဝေဖန်မခံချင်ရင် ဘာမှမလုပ်မှရမယ်။ ဒါတောင်ဘာမှမလုပ်ဘူးဆိုပြီး ဝေဖန်ကြသေးတယ်။ အပြင်လောကမှာလူ့အထင်ကြီးခံရဖို့အရေး အဓိကထားရင်တော့ ဟန်လုပ်ပြီးနေရတာမျိုး ဖြစ်တတ်ပါတယ်။ အဲဒါ အစစ်အမှန်မဟုတ်ပါဘူး။ သာမန်လူထက် ပိုပင်ပန်းတယ်။ ဟန်ဆောင်ပြုံးတတ်သူချင်းတွေ့လို့ကတော့ တည်မြဲတဲ့အိမ်ထောင်ရေးမျိုး မဖြစ်နိုင်သလိုပါဘဲ။ အပြောင်းအလဲတစ်ခုကို အောင်မြင်အောင်လုပ်တဲ့နေရာမှာ မိမိရဲ့ Vision ကို အသက်ဝင်နေအောင်၊ motivate လှုံ့ဆော်နိုင်ရမယ်။ လူတော်အုပ်စုကို ပိုင်ဆိုင်ထားရမယ်။ လွှမ်းမိုးနိုင်စွမ်းရှိအောင် Personal Power ရှိရမယ်။ ဒါကြောင့် Changes တွေ၊ Motivation တွေ သက်ဝင်လှုပ်ရှားမှုနဲ့ လွှမ်းမိုးမှုဆိုတဲ့ အခြေခံအုတ်မြစ်လေးရပ်ကို အခြေပြုဖို့လိုအပ်ပါတယ်။

ယခုအချိန်ဟာ အများပြည်သူများအတွက် အနားသတ်မကောင်းတဲ့ ပင်လယ်ပြင်အတွင်း ကူးခတ်နေရချိန်ဖြစ်ပါတယ်။ ကူးခတ်ချိန်ကြာမြင့်မှုကြောင့် လက်ပန်းကျချိန်နဲ့ လှိုင်းပုတ်ချိန်တိုက်ဆိုင်မှုမျိုးမဖြစ်ရအောင် အချိန်မီကယ်ဆယ်နိုင်ဖို့သာ အဓိကဖြစ်ပါတယ်။ Begin with the end in mind ဆိုတဲ့ စကားအတိုင်းစိတ်ထဲရှိ မိမိရောက်ချင်တဲ့ ပန်းတိုင်ကို စတင်ဖို့သာ အရေးကြီးပါတယ်။ အလျင်အမြန်စနိုင်လေ၊ အောင်မြင်မှုအတွက် လက်ဦးမှုရလေဖြစ်ပေမယ့် အစပိုင်းမှာအခက်အခဲရှိတတ်ပါတယ်။ ဒါပေမယ့် "Early bird catches the worms" ဆိုတဲ့ စကားလိုပါပဲ။ စောစောထတဲ့ငှက်ဟာ အစာပိုရတတ်ပါတယ်။ ဒါကြောင့် ထူးချွန်အောင်မြင်တဲ့သူတွေဆီမှာ တူညီတဲ့အချက်ကတော့ ရည်ရွယ်ချက်အပေါ် စိတ်နှစ်ထားနိုင်ခြင်းပဲဖြစ်ပါတယ်။ ဒိန်းမတ်လူမျိုးပုံပြင်ရေးဆရာ အင်ဒါဆန်ပြောသလို၊ "To be of use to the world is the only way to be happy" ဆိုတာမျိုး "အခြားသူများအတွက် အကျိုးရှိစေခြင်းဟာ ဤလောကအတွက်တော့ တစ်ခုတည်းသော ပျော်ရွှင်အားရစရာပင်ဖြစ်သည်တဲ့။ ဒါပေမယ့် ဘာကိုမှမပေးသူဟာ ဘာကိုမှမရပါဘူး။ ဘာကိုမှမရသူကလည်းဘာကိုမှ ပေးစရာမရှိပါဘူး" သို့သော်လည်း ပေးဆပ်ခြင်းနဲ့စလို့ ရယူဖို့အတွက် မျှော်လင့်ကြမယ်ဆိုတဲ့အတွေးမျိုး ကိုယ်စီရှိကြမယ်ဆိုရင်တော့ လောကသစ်ကို တည်ဆောက်နိုင်ကြမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

## တိုင်းရင်းသားဒီဂရီကောလိပ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၇**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)၂၀၁၆-၂၀၁၇ ပညာသင်နှစ်သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ကျောင်းစုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူး(စာပေ)၊ ခေတ္တဌာနမှူး(အင်ဂျင်နီယာ)တို့က အုပ်ချုပ်ရေးဆိုင်ရာများနှင့် သင်ကြားရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြပြီး စာရေးကိရိယာများ၊ အဝတ်အစား၊ အိပ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ကျောင်းအုပ်ကြီးဦးတင်မောင်မြင့်အပါအဝင် စီမံရေးရာဌာန၊ လေ့ကျင့်ရေးဌာန၊ သင်ကြားရေးဌာနများမှ အရာထမ်းများနှင့်ဆရာ ဆရာမ ၁၇၀၊ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ မောင်မယ်သစ်လွင်ပထမနှစ် ကျောင်းသား ကျောင်းသူ ၃၀၅ ဦး၊ ဒုတိယနှစ်ကျောင်းသား ၂၂၈ဦး၊ တတိယနှစ်ကျောင်းသား ၁၉၄ ဦး၊



စတုတ္ထနှစ်ကျောင်းသား ၁၃၉ ဦး စုစုပေါင်း ၁၀၃၆ ဦးတက်ရောက်ကြကြောင်း သိရသည်။

**တင်လှ(မန်းကိုယ်ပွား)**

## စင်မြင့်ရေစင်တည်ဆောက်ခြင်း စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများတွင် သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် မြောက်ချောင်ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခဲ့ရာ ပေ ၄၂၀ တွင် ရေချိုရရှိကြောင်း သိရှိရပြီး စင်မြင့်ပေ ၂၀ အထက်၌ (၁၀ပေ× ၁၀ပေ ×၈ပေ)ဂါလန် ၂၄၀၀ ဆံ့အုတ်ရေကန် ဆက်လက်တည်ဆောက်လျက်ရှိသည်။ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် ဝန်ထမ်းအဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် ကွင်းဆင်း၍ စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ရက်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သန်လျင်တံတား အမှတ်-၃ စီမံကိန်းဆောင်ရွက်ရန် ဂျပန်နိုင်ငံမှ ချေးငွေရယူရန် လွှတ်တော်က အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၇**

**ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) စီမံကိန်းဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံ**ချေးယူရန်ကိစ္စကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် လွှတ်တော်က အတည်ပြုလိုက်သည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က သန်လျင်တံတားအမှတ်-၃သည် သီလဝါအထူးစီးပွားရေးဇုန်သို့ချိတ်ဆက်သည့် အဓိကတံတားတစ်ခုဖြစ်သည့်အပြင် မဲခေါင်ဒေသတွင်း နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက်လည်း အနာဂတ်တွင် အဓိကအရေးပါသောတံတားတစ်ခုဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်း၏ အကျိုးအတွက်သာမက ပြည်ထောင်စုတစ်ခုလုံး၏အကျိုးအတွက်ဟု မှတ်ယူနိုင်ပါကြောင်း၊ ဤစီမံကိန်းများမှတစ်ဆင့် နိုင်ငံတော်၏အခွန်အခရငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့အတူ ချေးငွေချေးယူရေးကိစ္စနှင့်စပ်လျဉ်း၍ **ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်**က တံတားတည်ဆောက်ပြီးပါက တံတားဖြတ်သန်းခကို သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံလျှင် နိုင်ငံတော် Revenue သို့ ပေးသွင်းသွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဝင်ငွေစာရင်းတွင် နှစ်စဉ် ရရှိသွားမည်ဖြစ်ပြီး တံတားပေါ်ဖြတ်သန်းချိန် တစ်နာရီကျော်ခန့် သက်သာသွားသည့်အတွက် စီးပွားရေး၊ လုပ်ငန်းဝင်ငွေတိုးတက်မှုနှင့် ယာဉ်များအတွက် အထွေထွေကုန်ကျစရိတ်သက်သာခြင်းအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့အပြင် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**ကို နိုင်ငံတော်သမ္မတထံ ပေးပို့ထားကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆောင်ရွက်ချက်အစီရင်ခံစာ**တို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြပြီး ယင်းအစီရင်ခံစာများကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ခု **ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်**စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်း လင်းကျော်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့နှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တို့က အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူကုန်ကူးမှုအထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဆိုပါကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ခြင်း ဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အထူးပြု သည့် လူကုန်ကူးမှုလျော့နည်းလာခြင်း၊ လူကုန်ကူးခံရသူများအတွက် တရား မျှတမှုရရှိခြင်း၊ တရားဥပဒေစိုးမိုးခြင်းနှင့် ထိုက်သင့်သော တရားစွဲဆိုခြင်းများ၊ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ပေးခြင်း၊ လွတ်လပ်၍ မျှတသောပြုမှု ဆက်ဆံခြင်းများရရှိစေပြီး အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အပြင် အထူးသဖြင့် ပြည်ပ အလုပ်လုပ်ကိုင်ရန် အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ရသည့် မြန်မာနိုင်ငံသားများအတွက် ပိုမို အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါ ကြောင်း ရှင်းလင်းတင်ပြသည်။




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၉၃၉၇၀ သန်းချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စဉ်းစားဆောင်ရွက်သင့်**

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း**က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံလိုအပ်ချက်များကို သက်သာသောအတိုးနှုန်းထားဖြင့် နိုင်ငံတကာချေးငွေရယူတည်ဆောက်ခြင်းကို ထောက်ခံပါကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်ချက် လုပ်ငန်းများသည် အများပြည်သူအကျိုးအတွက် အမှန် တကယ် လိုအပ်ချက်များကို ရွေးချယ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမြဲစစ်ဆေးရန်၊ ကြီးကြပ်ရန်၊ သုံးသပ်ရန်လိုအပ်ပါကြောင်း၊ ခွင့်ပြုပေးထားသည့် ပြည်ထောင်စုလွှတ်တော်ကို အနည်းဆုံး ခြောက်လတစ်ကြိမ် သက်ဆိုင်ရာက ရှင်းလင်းတင်ပြရန် အကြံပြုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများကလည်း နိုင်ငံတကာချေးငွေများ ရရှိရေးအတွက် ဆောင်ရွက်နေကြသကဲ့သို့ ပြည်ထောင်စုလွှတ်တော်ကလည်း ခွင့်ပြုပေးနေပါကြောင်း၊ အကောင်အထည်ဖော်ရန်သာ အဓိကကျပါကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် ဘဏ္ဍာငွေ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စဉ်းစားဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေး သည်။

**ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း**က မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးကိုအခြေခံသည့် လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသည့် တောင်သူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေရေးဖူလုံရေးအတွက် အဓိကထားကြိုးပမ်းဆောင်ရွက်နေသူများဖြစ်ပါကြောင်း၊ ယခုချေးငွေကြောင့် တောင်သူလယ်သမားများအတွက် ကာလရှည်ထုတ်ချေးနိုင်ခြင်း၊ လယ်ယာလုပ်ငန်းရှင်များ၏ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေခြင်းတို့ကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်နှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့က ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ထောက်ခံအကြံပြုဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၇**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ပထမနေ့)ကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီခန့်က မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက အဖွင့်မိန့်ခွန်းပြောကြားကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ကြယ်ပွင့်ပြမေးခွန်း ခြောက်ခုမေးမြန်းခြင်းနှင့် အဆို(၂)ခုတင်သွင်းရာ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁ ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦး၏ ဘီးလင်းမြို့နယ် ကေလာသသဘာဝနယ်မြေအတွင်း ကျောက်ထုတ်လုပ်မှုလုပ်ငန်းများ (ကျောက်မိုင်းများ) အားလုံးကို ထာဝရပိတ်သိမ်းရပ်နားပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခြင်းနှင့် လက်ခံရန်သင့်/မသင့် အဆုံးအဖြတ်ရယူရာ ယင်းအဆိုကို ပေါင်မြို့နယ် မဲဆန္ဒအမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက ထောက်ခံဆွေးနွေးကြောင်း၊ သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၏ ပြည်နယ်အတွင်းရှိ ပြည်သူ့ဘဝစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ပေးရန် တိုက်တွန်းကြောင်းအဆိုကိုတင်သွင်းခြင်းနှင့် လက်ခံရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ ယင်းအဆိုကို သထုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ထောက်ခံ ဆွေးနွေးပြီး ပြည်နယ်လွှတ်တော်တွင် လက်ခံရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ ပြည်နယ်လွှတ်တော်ကသဘောတူသဖြင့် ယင်းအဆို(၂)ခုကို ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆) ဆောင်ရွက်ချက်အစီရင်ခံ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးကျင်းပ

**ဟားခါး ဒီဇင်ဘာ ၇**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၆) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များ၏ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းကို ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက လွှတ်တော်သို့တင်သွင်းကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက် )**

❀ *ကျောဖုံးမှ*

ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ဖြစ်ပေါ်ခဲ့သောအခြေအနေတစ်ရပ်ကြောင့် မလေးရှားနိုင်ငံသို့ ပြည်တွင်းမှ သွားရောက်လုပ်ကိုင်နေသူအချို့မှာ အမိမြန်မာနိုင်ငံသို့ မိမိအစီအစဉ်ဖြင့် ပြန်လာနေကြကြောင်း သိရသည်။ မောင်တောဂယက်ရိုက်ခတ်မှုကြောင့် ပြည်ပရောက်အလုပ်သမားများမှာ လုပ်ငန်းခွင်တွင် စိုးရိမ်စိတ်များဖြင့်လုပ်ကိုင်နေရပြီး တချို့ဆိုလျှင် ကုန်ကျစရိတ်ပင် မရသေးသော်လည်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။

“ကျွန်တော်ကတော့ မလေးရှားနိုင်ငံကို သွားတာ ၂၀၁၂ ခုနှစ်တုန်းကပါ။ ဆေးဖျန်းပုံးလုပ်တဲ့ စက်ရုံမှာလုပ်တာ လေးနှစ်ကြာပါတယ်။ မနေ့ကပဲ ပြန်ရောက်တာပါ။ အိုဗာတိုင်လည်းမရှိတော့ အလုပ်ကလည်း သိပ်အဆင်မပြေပါဘူး။ မြန်မာငွေနဲ့တွက်ရင် တစ်လကို သုံးသိန်းကျော်လောက်တော့ရပါတယ်။ ဒါပေမယ့် ခုနောက်ပိုင်း အလုပ်လုပ်ရတာ အဆင်မပြေမှုတွေများလာသလို လုပ်ငန်းခွင်မှာလည်း အေးအေးချမ်းချမ်းနဲ့ အလုပ်မလုပ်နိုင်ဘူး။ ပြောရရင် အနေအထိုင်၊ အစားသောက်၊ နောက်ဆုံးလုပ်ကိုင်ပြောဆိုတာကအစ သတိ၊ ဝီရိယနဲ့နေရတော့ စိတ်ပျက်အားငယ်လာတယ်။ မပျော်တော့ဘူး။ ဒါ့ကြောင့်ပြန်လာတာပါ။ ပိုက်ဆံရတယ် ဆိုတာလည်း ဟိုကလုပ်ငန်းရှင်တွေက လစာထဲက ဟိုဟာကြေး၊ ဒီဟာကြေးနဲ့ ပြန်ဖြတ်တာပါပဲ။ ပြောသလောက်ကြီး သိပ်မကျန်ပါဘူး။ ကျွန်တော်ကတော့ ပြန်မသွားဖို့ လုံးဝဆုံးဖြတ်လိုက်ပါပြီ။တကယ်တော့ မြန်မာနိုင်ငံသားတွေအနေနဲ့လည်း မသွားသင့်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းကနဲ့ အတော်လေးကို ကွာသွားပါပြီ” ဟု မကြာမီရက်ပိုင်းအတွင်းက မလေးရှားနိုင်ငံမှ အမိမြေသို့ ပြန်လည်ရောက်ရှိလာသော မြင်းခြံမြို့မှ ကိုဟိန်းထက်နိုင်က ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက “ခုတလော ဟိုမှာလုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံက လုပ်သားတွေကို မလေးရှားသံရုံးက သတိ၊ ဝီရိယနေထိုင်လုပ်ကိုင်ဖို့နဲ့ အခက်အခဲတစ်စုံတစ်ရာတွေ့ရင် သံရုံးကို ဖုန်းဆက်အကြောင်းကြားဖို့ ချိတ်ဆက်ဖြန့်ဝေထားတာတွေ ရှိပါတယ်။ အခုလို ယာယီရပ်ဆိုင်းထားမှုကိုတော့ ဟိုမှာဘေးကင်းလုံခြုံ မှု အရင်လိုပြန်လည်ရရှိပြီဆိုရင် ပြန်ခွင့်ပြုပေးမှာပါ။ ဘယ်လောက်ထိ ကြာမလဲဆိုတာတော့ ပြောလို့မရသေးပါဘူး” ဟု ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၀ ခုနှစ်မှစတင်ကာ အိမ်နီးချင်းမလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ခွင့်ကို ခွင့်ပြုခဲ့ပြီး တစ်လပျမ်းမျှ လုပ်သားအင်အား ၂၀၀၀ မှ ၄၀၀၀ ကြား သွားရောက်လုပ်ကိုင်ကြကြောင်း သိရသည်။ စတင်ခွင့်ပြုခဲ့သည့် ၁၉၉၀ မှ ယခုနှစ် ၂၀၁၆ အောက်တိုဘာလအထိတွင် လုပ်သားအင်အား ၁၉၂၀၀၀ ကျော်ကို အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုခဲ့ပြီး တရားမဝင်အောက်လမ်းမှ မိမိအစီအစဉ်ဖြင့် သွားရောက်လုပ်ကိုင်သူများလည်းရှိကြောင်း သိရသည်။ ယခုနှစ် ဇွန်နှင့် ဇူလိုင်တို့တွင် တရားဝင်ခွင့်ပြုလုပ်သား ၄၀၀၀ ကျော်အထိ အများဆုံးသွားခဲ့ပြီး ယခုနောက်ပိုင်းလများတွင် နှစ်ထောင်ကျော်သာ သွားရောက်ခဲ့ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အကူအညီများပေးသည့် နိုင်ငံတကာအဖွဲ့အစည်းများ နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား ပဋိပက္ခများလျော့နည်းရန်လည်း ဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၇



**ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအသင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ပိုမိုသွက်လက်စွာဆောင်ရွက်နိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးပြုလုပ်ခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။**

ပထမဦးစွာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် မောင်တောဒေသတွင် လက်ရှိဖြစ်ပွားနေသော အချိန်ကာလအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းနှင့်ပတ်သက်၍ လိုအပ်သည်များကို တင်ပြကြသည်။

### ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်လွတ်လပ်မှုကို မျှတမှုရှိရန် ကြိုးစားညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စည်းစနစ်ကျစွာ ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိအောင် ဥပဒေနှင့်အညီဆောင်ရွက်ခြင်းနှင့် မျှတစွာဆောင်ရွက်ခြင်းတို့သည် အလေးထားရမည့်အချက်များဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးလျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများသည် နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား ပဋိပက္ခများလျော့နည်းစေရန်လည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အထောက်အပံ့ပေးမှုတစ်ခုတည်းအပေါ်တွင် တည်မှီနေခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးပြီး မိမိကိုယ်တိုင် ရပ်တည်နိုင်အောင် မိမိတို့အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုကြောင်း၊ ယခုကဲ့သို့ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များတွေ့ဆုံခြင်းသည် ပြဿနာရပ်များအပေါ် လက်တွေ့ကျကျဖြေရှင်းခြင်းနည်းလမ်းတစ်ခုဖြစ်ကြောင်းနှင့် ပိုမိုကောင်းမွန်သောအဖြေများရရှိရန်အတွက် ကောင်းမွန်သောနည်းလမ်းများဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

### ရှေ့လုပ်ငန်းစဉ်များ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပုဏ္ဏားကျွန်းစက်မှုဇုန်၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် စီစဉ်ထားသောလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ရေး ကွင်းဆင်းကြည့်ရှုပြီး ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတိုင်ပင်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ကျားမသောက်ကျေးရွာရှိ ရွှေကျားရခိုင်ရက်ကန်းရုံသို့ ဝင်ရောက် လေ့လာကြည့်ရှုကာ ဒေသခံများအလုပ်အကိုင်ရရှိရေး လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပဋိပက္ခအငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုကိုအလေးထား၍ ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းသည့်မူကို စောင့်ထိန်းရန် အရေးကြီးကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်းလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ကောင်းမွန်သည့်ဆက်ဆံရေး

ထို့ပြင် ဒုတိယဝန်ကြီးက ရခိုင်ဒေသအရေးကိစ္စအားဖြေရှင်းနိုင်ရေးအတွက် ဒေါက်တာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် အမျိုးသားအဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်နေမှုများအပါအဝင် မြန်မာနိုင်ငံအနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည်များကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူ့အသိုက်အဝန်းနှစ်ခုအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကိုတည်ထောင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးပေးရန်လိုအပ်ကြောင်း၊ အခြေအမြစ်မရှိသည့် သတင်းအချက်အလက်များကို အခြေပြု၍ ပြဿနာအတွက် ဖြေရှင်းရန်နည်းလမ်းရရှိရေးထက် ပြဿနာပိုမိုကြီးထွားမှုကို ဖြစ်စေနိုင်သည့် ဝေဖန်ပြောကြားမှုများကို ရှောင်ရှားသင့်ကြောင်း။

### ဆက်လက်ကြိုးပမ်း

အစွန်းရောက်လှုပ်ရှားမှုများဖြစ်ပေါ်စေသည့် ဆောင်ရွက်ချက်မှန်သမျှသည် အာဆီယံ၏စည်းလုံးညီညွတ်မှုကိုသာမက ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးကိုလည်း ထိပါးနိုင်စေကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း၌သာမက ဒေသပြင်ပတွင်ပါ ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးပြောကြားခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

# ကျွန်းပေါက်ပြုစုကျေးရွာ ယာယီဈေးဆိုင်တန်း မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၇

**မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာ ယာယီဈေးဆိုင်တန်း၌ ယမန်နေ့ နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားပြီး ယာယီဆိုင်ခန်း ၃၅ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။**

### မီးရှို့ထွက်ပြေး

ဖြစ်စဉ်မှာ ယာယီဈေးဆိုင်တန်းတွင် စားသောက်ကုန်ပစ္စည်းများရောင်းချသည့် ရော်ဖီးမူလာနှင့် ၎င်း၏သားတို့သည် ဈေးဆိုင်၌ ညအိပ်စောင့်နေစဉ် ကျွန်းပေါက်ပြုစုရွာနေ အဒူမာကျက်သည် ဈေးဆိုင်အတွင်းမှ ပစ္စည်းများခိုးယူရန်စောင့်ဆိုင်းနေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ကျေးရွာသားများက ဝိုင်းဝန်းဆုံးမပြီး ပြန်လွှတ်ပေးခဲ့ရာမှ မကျေနပ်၍ ဈေးဆိုင်တန်းများအား မီးရှို့ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

### ဖမ်းဆီးရမိရေး

မီးလောင်မှုကြောင့် ၁၀ ပေ ပတ်လည် ဓနိမိုး၊ ထရံကာ ဆိုင်ခန်းကိုးခန်းနှင့် ငါးပေအကျယ်၊ ငါးပေ အမြင့် သက်ငယ်မိုး အခင်းအကာမရှိသည့် ယာယီဈေးဆိုင် ၂၆ ခန်း စုစုပေါင်း ၃၅ ခန်း မီးလောင်ကျွမ်းခဲ့ပြီး ကာလတန်ဖိုးငွေကျပ် နှစ်သိန်းခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် တရားခံအားဖမ်းဆီးရမိရေး နယ်မြေခံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နယ်မြေမတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်ရာတွင်ပါဝင်သည့် မသင်္ကာသူ လေးဦးအား ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောမြို့နယ် သဝန်ချောင်းမြောက်နှင့် ချိန်ခါလီကျေးရွာတို့မှ နယ်မြေ မတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်ရာတွင်ပါဝင်သည့် မသင်္ကာသူ လေးဦးအား ယမန်နေ့ညနေပိုင်းက လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

တစ်ဖက်နိုင်ငံမှ ငွေကြေးများလွှဲပြောင်းလက်ခံရယူပြီး နယ်မြေမတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲတွင် သဝန်ချောင်း (မြောက်) ကျေးရွာနှင့် ချိန်ခါလီကျေးရွာများသို့ သွားရောက်စစ်ဆေးရာ မသင်္ကာဖွယ်တွေ့ရှိရသည့် သဝန်ချောင်းကျေးရွာနေ ဂျာဟန်စီနှင့် အင်မီလောလ် (ခ) အောင်မိုး၊ ချိန်ခါလီ ကျေးရွာနေ ဂျာဘူကူးမားနှင့် မော်လဝီတာဆိန်းအလီတို့ လေးဦးအား ငွေကျပ် သိန်း ၃၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်မီလောလ်၏ထွက်ဆိုချက်အရ အဆိုပါငွေများအား မတည်မငြိမ်မှုများဖြစ်စေရန် လှုံ့ဆော်ရာတွင် အသုံးပြုရန်အတွက် မောင်တောမြို့မြို့မ ကညင်တန်းနေ ဂျာဘော်ရော်ဒိန်ထံမှ လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူလေးဦးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သရက်လေးပင်ကျေးရွာအတွင်းလမ်းပိတ်သူနှင့် အရေးယူဆောင်ရွက်မှု မရှိသူတို့ကို ကျေးရွာနေပြည်သူအချို့ ဆန္ဒထုတ်ဖော်



မကွေး ဒီဇင်ဘာ ၇

**မကွေးမြို့နယ် သရက်လေးပင်ကျေးရွာရှိ ကျေးရွာအတွင်းလမ်းဖွင့်ပေးရေးရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေးလှုပ်ရှားသူ ဦးဇော်ဝင်း ဦးဆောင်သော သရက်လေးပင်ကျေးရွာ ပြည်သူတချို့ မကွေးမြို့၌ ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဆန္ဒထုတ်ဖော်တောင်းဆိုမှု ပြုလုပ်ခဲ့ကြသည်။**

"ယခု အစိုးရလက်ထက်မှစ၍ လမ်းပိတ်သူက ၎င်း၏ဝိုင်းမြေအတွင်းပါဝင်သည်ဟုဆိုကာ လမ်းကိုခြံခတ်ပိတ်ဆို့ခဲ့သည်မှာ လေးလကျော်ပြီဖြစ်ကြောင်း၊ လက်ရှိပိတ်ဆို့ထားသောလမ်းမှာ မူလရွာဟောင်းလမ်းဖြစ်ကြောင်း"ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်သူ ဦးဇော်ဝင်းက ပြောသည်။

မကွေးမြို့နယ် မြေစာရင်းဦးစီးမှူး ဦးပိုင်ပေါ်ထွန်းက "ရွာမြေက ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်သာဖြစ်ကြောင်း၊ မြေစာရင်းဌာနတွင် ရွာ၏ အဝန်းအဝိုင်းသာရှိပြီး ရွာမြေ၏ကွက်စိတ်မရှိကြောင်း"ပြောကြားသည်။

ဆန္ဒထုတ်ဖော်မှုကို ညနေ ၃ နာရီမှစတင်၍ မကွေးမြို့ တောင်တွင်းလမ်းနှင့် မြို့ပတ်လမ်းဆုံမှစတင်ကာ "သရက်လေးပင်ကျေးရွာအတွင်း လမ်းပိတ်သူနှင့် အရေးယူ ဆောင်ရွက်မှုမရှိသူများအား အရေးယူပေးရန်" စသည့်ဆိုင်းဘုတ်များကိုင်ဆောင်ကာ ဦးဇော်ဝင်း ဦးဆောင်သောကျေးရွာနေပြည်သူ ၁၀၀ ခန့်က တောင်တွင်းလမ်းအတိုင်း၊ တောင်တွင်း-မြင်းကင်းလမ်းဆုံသို့ လည်းကောင်း၊ ရာဇမုနိဘုရားလမ်းရှိ မြေကွက်လပ်အထိ လည်းကောင်း စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး အဆိုပါမြေကွက်လပ်တွင် ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ လက်ရှိ သရက်လေးပင်ကျေးရွာတွင် လမ်းသုံးလမ်းရှိပြီး ကျေးရွာအလယ်၌ လမ်းပိတ်ထားခြင်းကြောင့် ရွာနှင့် ကွက်သစ်ဆက်သွယ်သွားလာသည့်ဒေသခံ ရဟန်းရှင်လူပြည်သူများမှာ ရွာကိုပတ်ကာ ကွေ့ဝိုက်သွားလာနေရ၍ အဆင်မပြေမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကျေးရွာပြည်သူများထံမှ သိရသည်။

**ကျော်ဇေယျ**

# သီပေါမြို့နယ်ရောက် စစ်ဘေးရှောင်တိုင်းရင်းသားပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက လူသုံးကုန်ပစ္စည်းများ ကူညီထောက်ပံ့

**သီပေါ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု နောင်သကြား/မန်ကောင်း ကျေးရွာကယ်ဆယ်ရေးစခန်းသို့ စစ်ဘေးရှောင်ရောက်ရှိသည့် အိမ်ထောင်စု ၃၅ စု၊ လူဦးရေ ၁၂၀ တို့အား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးပို့လှူဒါန်းသော အသုံးအဆောင်ပစ္စည်းများပေးအပ်ပွဲကို ဒီဇင်ဘာ ၇ ရက်က အဆိုပါကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းမြင့်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်ကြက်ခြေနီအသင်းမှ ဦးသိန်းစိုးနိုင်က လာရောက်ကူညီပံ့ပိုးလှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းတင်ပြပြီး ဆိုလာမီးအိမ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သန့်ရှင်းရေးပစ္စည်းများ၊ ထမင်းအိုး၊ စတီးပန်းကန်၊ ခွက်၊ ဇွန်း၊ ဆပ်ပြာ၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ လုံချည်၊ ဖိနပ်စသည့် အသုံးအဆောင်ပစ္စည်းများကို အစုအဖွဲ့အလိုက် ပေးအပ်ခဲ့သည်။


သီပေါမြို့ရှိ ကယ်ဆယ်ရေးစခန်းသို့ စစ်ဘေးရှောင်ရောက်ရှိလာသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော အသုံးအဆောင်ပစ္စည်းများကို ပေးအပ်စဉ်

ထို့အပြင် မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကလည်း အဆိုပါစစ်ဘေးရှောင်ပြည်သူများအတွက် ငွေကျပ် ၁၉၀၀၀၀ နှင့် စားသောက်ကုန်မျိုးစုံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# စစ်ဘေးရှောင်ပြည်သူများ မန်တုံမြို့နယ်သို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မန်တုံမြို့နယ်ရှိ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းသို့ ဒီဇင်ဘာ ၆ ရက်အထိ စစ်ဘေးရှောင်ပြည်သူများ ထပ်မံရောက်ရှိလာကြသည်။

မန်တုံမြို့နယ် မော်ထိုက်၊ နားလေ၊ နမ့်ဟူနှင့် နမ့်ဟိုင်းကျေးရွာတို့မှ စစ်ဘေးရှောင်ပြည်သူများသည် နမ္မတူမြို့သို့ရောက်ရှိလာပြီး ရွှေမြင်သာဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၁၈ ဦး၊ လီဆူဘုရားကျောင်းတွင် အိမ်ထောင်စုတစ်စုမှ လူဦးရေ နှစ်ဦး၊ ရိုမန် ကက်သလစ်ဘုရားကျောင်းတွင် အိမ်ထောင်စုတစ်စုမှ လူဦးရေ သုံးဦးနှင့် ကချင်နှစ်ခြင်းကျောင်းတွင် အိမ်ထောင်စုနှစ်စုမှ လူဦးရေခုနစ်ဦးတို့ စစ်ဘေးရှောင် ရောက်ရှိလျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

# နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းကို TNLA လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းအား ယမန်နေ့ညပိုင်းက TNLA လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းအခြေပြုသည့်နေရာအား ဒီဇင်ဘာ ၆ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က TNLA လက်နက်ကိုင်အဖွဲ့အင်အား ၁၅ ဦးခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ ၎င်းလက်နက်ကိုင်အဖွဲ့သည် အရှေ့ဘက်သို့ဆုတ်ခွာသွားကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မုံးကိုးရဲစခန်းဝင်းနှင့် အထကကျောင်းဝင်းအတွင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများ တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မူဆယ်မြို့နယ် မုံးကိုးမြို့အတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မုံးကိုးတိုက်ပွဲအတွင်း ပျောက်ဆုံးခဲ့သော ရဲတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများ တွေ့ရှိခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မုံးကိုးဒေသတိုက်ပွဲဖြစ်စဉ်များအတွင်း ဒီဇင်ဘာ ၂ ရက်က KIA/ TNLA/ MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့များက သာလွန်အင်အားဖြင့် မုံးကိုးနယ်မြေရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၆ ဦး အဆက်အသွယ် ပြတ်တောက်ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

**ပျောက်ဆုံးဆဲသုံးဦး**

တပ်မတော်စစ်ကြောင်းများက မုံးကိုးဒေသအတွင်း ဒီဇင်ဘာ ၄ ရက်တွင် နယ်မြေရှင်းလင်းစဉ် မုံးကိုးမြို့ ရပ်ကွက် ၅ အတွင်း ရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ရုပ်အလောင်းများအား ရှာဖွေတွေ့ရှိခဲ့ပြီး တစ်ဖက်နိုင်ငံအတွင်း ရောက်ရှိသွားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အဆက်အသွယ်ရရှိခဲ့ကြောင်း၊ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မုံးကိုးရဲစခန်းအနီး စာသင်ကျောင်းအတွင်း အုတ်ရေကန်အနီး၌ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ရုပ်အလောင်းအား လည်းကောင်း၊ စာသင်ကျောင်းနှင့် ရဲစခန်းအကြား လယ်ကွင်းပြင်တွင် ရဲတပ်ဖွဲ့ဝင် ငါးဦး၏ ရုပ်အလောင်းအား လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား မုံးကိုးရဲစခန်း အတွင်းမှလည်းကောင်း ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မုံးကိုးစာသင် ကျောင်းအတွင်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ထပ်မံတွေ့ရှိခဲ့သဖြင့် ပျောက်ဆုံးရဲတပ်ဖွဲ့ဝင် ၁၆ ဦးအနက် အသက်ရှင်လျက် ပြန်တွေ့သူ လေးဦး၊ ကျဆုံးကိုးဦးနှင့် ပျောက်ဆုံးဆဲ သုံးဦး ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မုံးကိုးရဲစခန်းတိုက်ခိုက်ခံရမှုဖြစ်စဉ်အတွင်း ကျန်းမာရေးမကောင်းသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဇနီးနှင့် အခြားအရပ်သားတစ်ဦးတို့ပါ သေဆုံးခဲ့ရကြောင်း သိရသည်။ **(သတင်းစဉ်)**

# လားရှိုး-သိန္နီ ပြည်ထောင်စုကားလမ်းမကြီးဘေး၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-သိန္နီ ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် ယမန်နေ့ မွန်းလွဲပိုင်းက တပ်မတော်စစ်ကြောင်းက ဒေသန္တရလက်လုပ်မိုင်း တစ်လုံးတွေ့ရှိသဖြင့် ရှင်းလင်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

သိန္နီမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းမှ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် စံလောင်းကျေးရွာနှင့် လားရှိုး-သိန္နီ ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် ၁၉၆/၇ အနီး လမ်းဘေးတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်က အချင်းသုံးလက်မ၊ အမြင့် ခြောက်လက်မခန့်အရွယ်ရှိ ပလတ်စတစ်ကော်ဘူးဖြင့်ပြုလုပ်၍ အစိမ်းရောင်ပီနံအိတ်ဖြင့်ပတ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ကြောင်းနှင့် ၎င်းဝန်းကျင်နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**


လားရှိုး-သိန္နီ ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် တွေ့ရှိသည့် ဒေသန္တရ လက်လုပ်မိုင်းကို တပ်မတော်စစ်ကြောင်းက မိုင်းရှင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ ဈေးကွက်ရှိဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဆေးဘူးပေါ်တွင် ဖော်ပြချက်အရ Henan Dekang Pharmaceutical Co., Ltd ထုတ် မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်မရှိသော Griseofulvin Tablets 125mg ဆေးဝါးသည် ဆေးဝါးအတု(အတု)ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ ရပါသည်။

၃။ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများပျောက်ကင်းခြင်း(လုံး၀)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေခံစားရနိုင်ပါသည်။ သို့ပါ၍ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (ethic) အရ လုံး၀ (လုံး၀)မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



ဈေးကွက်အတွင်း တွေ့ရှိရသော ဆေးဝါးအတု

# အင်ဒိုု၌ ငလျင်ကြီးလှုပ်၊ ၉၇ ဦးသေဆုံး




**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် လှုပ်ခတ်သွားခဲ့ကြောင်း သိရသည်။ ပြင်းထန်သည့် ငလျင်ကြောင့် လူ ၉၇ဦးသေဆုံးခဲ့ရပြီး အဆောက်အအုံများ၏ အပျက်အစီးများကြားတွင် လူ ၅၀ ကျော်ပိတ်မိနေဆဲဖြစ်ကြောင်း အင်ဒိုနီးရှား သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့က ပြောကြားခဲ့သည်။ ငလျင်ကြောင့် သေဆုံးမှုများမှာ ထပ်မံမြင့်တက်လာဖွယ်ရှိနေသည်။ မူလက သေဆုံးသူ ၂၀ သာရှိခဲ့ရာမှ နာရီပိုင်းအတွင်း နှစ်ဆခန့်မြင့်တက်သွားခဲ့သည်ဟု အင်ဒိုနီးရှားတပ်မတော်က ပြောကြားခဲ့သည်။ ရုပ်မြင်သံကြားတွင် တွေ့မြင်ရသည့် မြင်ကွင်းအရ လိမ္မော်ရောင်ယူနီဖောင်းများ ဝတ်ဆင်ထားကြသည့် ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် အပျက်အစီးများကြားတွင် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်ရန် ကြိုးပမ်းနေကြကြောင်း အေပီသတင်းတွင်ဖော်ပြခဲ့သည်။

ငလျင်သည် အာချေးဒေသ မြောက်ပိုင်းမှ ခြောက်မိုင်အကွာကို ဗဟိုပြုလျက် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ငလျင်လှုပ်ခတ်သွားခြင်းသည် အာချေးဒေသအတွက် နောက်ထပ်ရင်ဆိုင်ရသည့် ထိတ်လန့်ဖွယ် သဘာဝဘေး အန္တရာယ်ဆိုးကျရောက်မှုတစ်ခုဖြစ်သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ကလည်း အဆိုပါဒေသတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်စေခဲ့မှုကြောင့် လူတစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။ မြေငလျင်ကြောင့် တုန်ခါမှုသည် ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင် တုန်ခါမှုထက်ပင် ပြင်းထန်ခဲ့သည်ဟု ဆိုသည်။ ဒဏ်ရာရရှိသူများအား ဒေသဆေးရုံသို့ အရေးပေါ်ပို့ဆောင်ထားပြီး အဆောက်အအုံများအတွင်း ကျန်ရှိနေသူများကို ရှာဖွေကယ်ဆယ်ရေး ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

# ပါကစ္စတန်မြောက်ပိုင်းတွင် လေယာဉ်ပျက်ကျ

**ကရာချိ ဒီဇင်ဘာ ၇**

ခရီးသည် ၄၇ ဦး လိုက်ပါလာသည့် ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်းပိုင် လေယာဉ်သည် ဗုဒ္ဓဟူးနေ့က ပါကစ္စတန်မြောက်ပိုင်း တောင်တန်းဒေသတစ်ခုတွင် ပျက်ကျသွားခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ပြည်တွင်းလေကြောင်းအဖွဲ့က ပြောကြားခဲ့သည်။

PK-661 လေယာဉ်သည် ချစ်ထရယ်မှ အစ္စလာမ်မာဘတ်သို့ ခရီးစဉ်ပျံသန်းရာ လမ်းကြောင်းပေါ်တွင်ရှိနေစဉ် လေယာဉ်ပျံသန်းမှုထိန်းချုပ်ရေးတာဝါနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ပါကစ္စတန်လေကြောင်းလိုင်းက ဆိုသည်။



လေကြောင်းလိုင်းက လေယာဉ်ပေါ်တွင် လူ ၄၀ ဝန်းကျင်ခန့် လိုက်ပါလာသည်ဟု ဖော်ပြခဲ့သော်လည်း လေကြောင်းအဖွဲ့အစည်းမှ အာဏာပိုင်များကမူ ၄၇ ဦးလိုက်ပါလာသည်ဟု ဆိုသည်။

သေကျေပျက်စီးမှုရှိမရှိကို အတိအကျ မသိရှိရသေးပေ။ လေယာဉ်သည် ဟာဗေးလီးယန်းပြည်နယ်အတွင်း ပျက်ကျခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးဖြစ်သည့် လစ်ရှားက ပြောသည်။

အဆိုပါလေယာဉ်သည် ယခင်က လုံခြုံစိတ်ချရမှုမရှိဟူသော စွပ်စွဲချက်များရှိခဲ့ဖူးသည်ဟု ဆိုသည်။လေယာဉ်ပျက်ကျရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့အား စေလွှတ်ထားပြီဖြစ်ကြောင်း ပြည်တွင်းလေကြောင်းအဖွဲ့မှ ပြောဆိုခွင့်ရှိသူ ပါဗက်စ်ဂျော့က ရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်။

လေယာဉ်သည် ညနေ ၄ နာရီခန့်တွင် လေကြောင်းထိန်းချုပ်မှုအဖွဲ့နှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ကာ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး အသက်ရှင်နိုင်ဖွယ်မရှိကြောင်း သိရသည်။ **(ရိုက်တာ)**

# ဂျပန်-အမေရိကန်နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာများ အီနာဒါ နှင့် ကာတာဆွေးနွေး

**တိုကျို ဒီဇင်ဘာ ၇**

ဒေါ်နယ်ထရန့်အား အမေရိကန်ပြည်ထောင်စု၏သမ္မတအဖြစ် ရာထူးအပ်နှင်းခြင်းမပြုမီ နှစ်နိုင်ငံလုံခြုံရေးနှင့် ပတ်သက်ပြီး အရေးကြီးသည့်အချက်များကို ဂျပန်နှင့် အမေရိကန်ကာကွယ်ရေး ဌာနအကြီးအကဲများ ပြန်လည်အတည်ပြုခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါသည် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် တိုကျိုတွင် ဒီဇင်ဘာ ၇ ရက်က တွေ့ဆုံခဲ့သည်။ ကာတာ၏ဦးဆောင်မှုအောက်တွင် ဂျပန်-အမေရိကန် မဟာမိတ်ဆက်ဆံရေးသည် ပိုမို လေးနက်ခိုင်မာလာခဲ့ကြောင်း၊ ဆက်လက်ပြီး ထောက်ပံ့မှုများ လုပ်ဆောင်သွားရန် မေတ္တာရပ်ခံကြောင်း စသည်ဖြင့် ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောခဲ့သည်။

မဟာမိတ် ဆက်ဆံရေးသည် အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကာတာက ပြောခဲ့သည်။ အိုကီနာဝါစီရင်စုရှိ အမေရိကန် စစ်လေ့ကျင့်ရေးဒေသ ထက်ဝက်ခန့်ကို ဒီဇင်ဘာ ၂၂ ရက်တွင် ဂျပန်နိုင်ငံအနေဖြင့် ပြန်လည်ရရှိရေး နှစ်ဖက်ခေါင်းဆောင်များ သဘောတူခဲ့ကြသည်။ ထို့အပြင် နှစ်ဖက်ခေါင်းဆောင်များသည် ဒေသခံ ဂျပန်အမျိုးသမီးတစ်ဦးအား သတ်မှုဖြင့် ဖမ်းဆီးထားသော အမေရိကန်စစ်အခြေစိုက်စခန်းမှ အရပ်သားတစ်ဦးကိုလည်း အမေရိကန်တရားစီရင်ရေးအတိုင်း လုပ်ဆောင်ရန်သဘောတူခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ဗီယက်နမ်တွင် ကားမှတ်ပုံတင်ခများ လျှော့ချသွားမည်

**ဟန္နိုင်း ဒီဇင်ဘာ ၇**

ဗီယက်နမ် ဘဏ္ဍာရေးဝန်ကြီးဌာနသည် မော်တော်ယာဉ်အသစ် ဈေးနှုန်းများကို ပြောင်းလဲလိုက်သောကြောင့် ၂၀၁၇ ခုနှစ်မှစတင်ကာ နှစ်နှစ်တစ်ကြိမ် ကားမှတ်ပုံတင်ခများကို ငါးရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ် ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြောင်းလဲတွက်ချက်မှုအသစ်များကို ကားစာရင်းဈေးနှုန်းများပေါ် မူတည်ပြီး ပြုလုပ်ခဲ့သောကြောင့် ထုတ်လုပ်သည့်နှစ်မှစတင်ကာ ၁၀ နှစ်အထိ နှစ်နှစ်လျှင် တစ်ကြိမ် ငါးရာခိုင်နှုန်းလျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်ဇန်နဝါရီ ၁ ရက်တွင် စတင်ကျင့်သုံးမည်ဖြစ်သော ပြောင်းလဲတွက်ချက်မှုများသည် ကားဝယ်သူများ၏ ကုန်ကျစရိတ်များကိုလျှော့ချပေးမည်ဖြစ်ကြောင်း ပြည်တွင်း ဘွိုင်မှိုင် အွန်လိုင်းသတင်းတွင် ဒီဇင်ဘာ ၃ ရက်က ဖော်ပြခဲ့သည်။

ဖို့ဒ် ဗီယက်နမ်၏အရောင်းညွှန်ကြားရေးမှူး ထရန်ကင်မ်ဖုန်က ပြောင်းလဲတွက်ချက်မှုအသစ်များသည် ကားဝယ်သူများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တန်ဖိုးမြင့် တင်သွင်းကားများကို ဝယ်ယူမည့်သူများအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း ပြောခဲ့သည်။
**(ဆင်ဟွာ)**

# အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က ကာကွယ်ရေးဝန်ကြီးအဖြစ် ဂျိမ်းမက်တစ်ကိုခန့်အပ်



**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်သည် အင်္ဂါနေ့က မြောက်ကာရိုလိုင်းနား လူထုစည်းဝေးပွဲတွင် ထောက်ခံသူများအား ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

ထရန့်က ကာကွယ်ရေးဝန်ကြီးအဖြစ် မရိန်းတပ်ဖွဲ့အငြိမ်းစား ဗိုလ်ချုပ်ကြီး ဂျိမ်းမက်တစ်အား မိတ်ဆက်ပေးခဲ့သည်။

မက်တစ်၏ ဦးဆောင်မှုအောက်တွင် အမေရိကန်ပြည်ထောင်စုကြီး၏ စစ်ရေးဆိုင်ရာများကို အသစ်တစ်ဖန်တည်ဆောက်ဦးမည်ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုကို နောက်တစ်ကြိမ် ဘေးကင်းလုံခြုံရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထိုသို့ အခွင့်အရေးပေးသည့်အတွက် မက်တစ်က ထရန့်အား ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။ ၎င်းအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းတစ်ခုတွင်သာ နေရာရမည်ဟု မျှော်မှန်းထားကြောင်း ပြောခဲ့သည်။ မက်တစ်သည် အမေရိကန်စစ်ဌာနချုပ်တွင် တာဝန်ခံအဖြစ်လုပ်ကိုင်ခဲ့ဖူးပြီး အရှေ့အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်တို့နှင့်သက်ဆိုင်သည့် စစ်ရေးဆိုင်ရာများကို ကိုင်တွယ်ခဲ့ဖူးသည်။

၎င်း၏ အတွေ့အကြုံများနှင့် ရပ်တည်ချက် ပြတ်သားခြင်းတို့ကြောင့် ခွေးရူး (Mad Dog) အဖြစ် လူသိများကြသည်။ **(အင်န်အိတ်ချ်ကေ)**

# သန်လျင်၌ သေဆုံးသွားသည့်မွေးကင်းစကလေးငယ်တစ်ဦး မြှုပ်နှံထားကြောင်း သတင်းအရ တူးဖော်စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်း(အနောက်) ကျေးရွာ၌ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက အိမ်ခြံဝင်းအတွင်း သေဆုံးသွားသော မွေးကင်းစကလေးငယ်တစ်ဦးအား မြှုပ်နှံထားကြောင်း သိရသည်။

**မြှုပ်နှံထား**

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ ဒုရဲအုပ် ဇာဏီဝင်းသည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်း (အနောက်) ကျေးရွာနေ ဦးအေးသောင်း (ဇနီး) ဒေါ်အေးအေးမာတို့၏ နေအိမ်ခြံဝင်းအတွင်း သေဆုံးသွားသော မွေးကင်းစကလေးငယ် တစ်ဦး မြှုပ်နှံထားကြောင်း သိရသည်။

ထိုသို့ သတင်းရရှိသဖြင့် သန်လျင်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးသိန်းအေး၊ နယ်ထိန်းအရာရှိ ရဲအုပ်မောင်မောင်သန်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးတို့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ မွေးကင်းစကလေး သေဆုံးမှုအား သက်သေများရှေ့၌ စစ်ဆေးရာ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်း(အနောက်) ကျေးရွာနေ ဦးအေးသောင်းနှင့် ဒေါ်အေးအေးမာတို့ထံ တစ်ရပ်ကွက်တည်း အိမ်နီးချင်းနေ မမြသက်ခိုင် (ခ) မခိုင် (၃၂ နှစ်) ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်း (အနောက်) ကျေးရွာ သန်လျင်မြို့နေသူက နိုဝင်ဘာ ၂၃ ရက်က မွေးကင်းစ ယောကျ်ားလေး (အရှင်)အား မွေးဖွားခဲ့သည်။



မြှုပ်နှံထားသည့် သေဆုံးကလေးငယ်အား ပြန်လည်တူးဖော်စဉ်

ထိုသို့ မွေးဖွားခဲ့သော ယောကျ်ားလေး (အရှင်)အား ဦးအေးသောင်း-ဒေါ်အေးအေးမာတို့က မွေးစားရန် တောင်းဆိုသဖြင့် အဆိုပါနေ့တွင် မမြသက်ခိုင် (ခ) မခိုင်က မွေးကင်းစကလေးအား မွေးစားရန်ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက် နံနက် ၄ နာရီခန့်က အဆိုပါကလေးမှာ သေဆုံးခဲ့သဖြင့် ဦးအေးသောင်း-ဒေါ်အေးအေးမာတို့က ၎င်းတို့နေအိမ်နောက်ကျောဘက်ရှိ ဘူးစင်ဘေး၌ တိတ်တဆိတ်မြှုပ်နှံထားခဲ့သည်။

အဆိုပါ မြှုပ်နှံထားသော အလောင်းအား စစ်ဆေးရေးအဖွဲ့များက ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် တူးဖော်တွေ့ရှိသဖြင့် သန်လျင်အထွေထွေဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပေးပို့ထားခဲ့သည်။

**အမှုဖွင့် အရေးယူထား**

ထိုသို့ မွေးကင်းစကလေးငယ် ယောကျ်ားလေးအလောင်းအား နေအိမ်ခြံဝင်းအတွင်း တိတ်တဆိတ် မြေမြှုပ်ခဲ့သူ ဦးအေးသောင်းနှင့် ဒေါ်အေးအေးမာတို့အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

**သက်ခိုင် (သန်လျင်)**

## အအေး ပိုနေမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။

(မိုး/ဇလ)

## ဂွမ်းဖြတ်စက်ဖြင့် အလုပ်လုပ်စဉ် ဆေးလိပ်မီးပွားကျရာမှ မီးလောင်မှုဖြစ်

**မုံရွာ ဒီဇင်ဘာ ၇**

မုံရွာစက်မှုဇုန်၌ ဒီဇင်ဘာ ၆ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က လောင်ကျွမ်းခဲ့သော မီးသည် **(ကနဦးသတင်း ဖော်ပြပြီး)** ဂွမ်းဖတ်စက်ရှိ ဂွမ်းဖြတ်စခုတ်သူ အလုပ်လုပ်နေစဉ် ဆေးလိပ်သောက်ရာမှ မီးပွားကျပြီး မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ပူးပေါင်းအဖွဲ့က စစ်ဆေးတွေ့ရှိသဖြင့် ဂွမ်းဖြတ်စခုတ်ရင်း ဆေးလိပ်သောက်သူ ဦးသန်းဝင်းအား မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးအောင်လင်း၏ အဝတ်ဖြတ်စများထားသည့် အလျား ပေ ၆၀ ၊ အနံ ပေ ၂၀ ရှိ သွပ်မိုးထရံကာ အဆောက်အအုံနှင့် အဝတ်ဖြတ်စ ပိဿာ ၁၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ရသည့်အပြင် တောင်ဘက်ရှိ ဦးဇော်မင်း၏ အလျား ၄၅ ပေ၊ အနံ ၂၇ ပေ၊ သွပ်မိုးထရံကာ နေအိမ်တစ်လုံးပါ မီးလောင်ဆုံးရှုံးခဲ့သည်။

ထို့ပြင် မီးမှာ တစ်ဆက်တည်းရှိ ဦးကျော်မျိုးသူ၏ ဝါဂွမ်းများသိုလှောင်ထားသည့် အလျား ပေ ၈၀၊ အနံ ပေ ၆၀၊ သွပ်မိုး နံကပ်အဆောက်အအုံ၏ အနောက်မြောက်ဘက်ခြမ်း အမိုးများနှင့် အဆောက်အအုံအတွင်းရှိ ဝါဂွမ်း ပိဿာ ၁၆၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ငါးဖမ်းလှေလုပ်သားများက ပဲ့နင်းကြီးနှင့် ပဲ့နင်းလေးတို့အား ရိုက်သတ်မှုနှင့်ပတ်သက်သူကို ဒလမြို့နယ်၌ ဖမ်းဆီးရမိ

ဒလ ဒီဇင်ဘာ ၇

**ရေးမြို့နယ်မှ လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာသူတစ်ဦး ဒီဇင်ဘာ ၆ ရက်က ဒလမြို့နယ်၌ ဖမ်းဆီးရမိကြောင်း သိရသည်။**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းရဲ တပ်ကြပ်မောင်ဝင်း၊ ရဲဒုတပ်ကြပ် စည်သူတင်မြင့်တို့သည် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မှော်ခက်ရပ်ကွက် စက်သမ္မန်ဆိပ်ကမ်းနားအနီး ဒေါ်ဂတုံးမ၏နေအိမ်၌ ရေးမြို့နယ်မှလူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ဒလမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်သက်နိုင်အေးက ဖုန်းဖြင့်သတင်းပေးပို့ခဲ့ပြီး နံနက် ၁၁ နာရီတွင် ခေတ္တစခန်းမှူးနှင့် အတူ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မှော်ခက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့နှင့် အတူ ဒေါ်ဂတုံးမနေအိမ်သို့ရောက်ရှိနေသည့် လူသတ်မှုနှင့်ပတ်သက်သည့် မသင်္ကာဖွယ်ရှိသူ တင်ဇာဖြိုး (ခ) သိန်းနိုင်လင်း (၁၈ နှစ်) ရှင်စောပုလမ်းကျုန်စစ်သားရပ်ကွက် နေသူအား တွေ့ရှိ၍ ဒလမြို့မရဲစခန်းသို့ ခေါ်ဆောင်လာခဲ့သည်။

**စစ်ဆေးဖော်ထုတ်**

ခေတ္တစခန်းမှူး ရဲအုပ်သက်နိုင်အေးနှင့်အဖွဲ့က တင်ဇာဖြိုးအား စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် လွန်ခဲ့သော ခြောက်လခန့်က အစဉ်ကျေးရွာ အုပ်စု မင်းတုန်းကျေးရွာ နေ မချိုကြီးပိုင် (မြင့်မြတ်ချမ်းသာ)စိမ်ပိုက်ငါးဖမ်းလှေတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ငါးဖမ်းလှေတွင် ပဲ့နင်းကြီး၊ ပဲ့နင်းလေး အပါအဝင် ရေလုပ်သား ၁၆ ဦးဖြင့် ရေးမြို့နယ်တစ်ဝိုက်တွင် ငါးဖမ်းခဲ့ကြောင်း၊ ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ် ပဲ့နင်းကြီး ကျော်လင်းအောင်နှင့် ပဲ့နင်းလေး သန့်ဇင်ဦးတို့ နှစ်ဦးမှာ ၎င်းအပါအဝင် လှေလုပ်သားတို့အား အကြောင်းမဲ့ ဆဲဆို၊ ထိုးကြိတ်၊ ရိုက်နှက်ခြင်း၊ အစားအစာများကို မဝရေစာ ကျွေးမွေးခြင်းတို့ကြောင့် မကျေမနပ်ဖြစ်ကာ နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီတွင် ငစနေ၊ သီဟ၊ သန်းထိုက်ဝင်း၊ စိုးကို၊ အောင်အောင်၊ လွင်မိုး၊ အရှည်ကြီး၊ မျိုးဦးတို့က ပဲ့နင်းကြီး၊ ပဲ့နင်းလေးတို့အား ဝိုင်းဝန်းဖမ်းဆီး ကြိုးချည်ရိုက်နှက်မည် ဟု တိုင်ပင်ခဲ့ကြကြောင်း။

နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီတွင် ၎င်းတို့ကိုးဦးသည် လှေ၏အပေါ်ထပ် ပဲ့နင်းကြီး၊ ပဲ့နင်းလေးတို့ နေထိုင်သည့် အခန်းသို့သွားရောက်၍ ၎င်းတို့အား အသင့်ပါလာသော တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ကြိုးချည်ထားခဲ့ကြကြောင်း၊ ပဲ့နင်းကြီး ကျော်လင်းအောင်မှာ ရုန်းထလာသဖြင့် ၎င်းတို့ကိုးဦးက တုတ်များဖြင့် ထပ်မံရိုက်နှက်ခဲ့ကြကြောင်း၊ ယင်းညက လှေကို နောက်မီးကျေးရွာသို့ မောင်းလာစဉ် တင်ဇာဖြိုးက အိပ်ပျော်ခဲ့ကြောင်း၊ အိပ်ရာမှနိုးလာသည့် အခါ ပဲ့နင်းကြီးကိုမတွေ့၍ မေးမြန်းရာ ငစနေနှင့် သီဟတို့က ပဲ့နင်းကြီးကို ရေထဲသို့ပစ်ချခဲ့ကြောင်း၊ နောက်မီးကျေးရွာတွင် လှေကိုဆိုက်ကပ်ခဲ့ပြီး ကားကြုံဖြင့် လှိုင်သာယာမြို့နယ်သို့ ထွက်ပြေးခဲ့ကြောင်း၊ လှိုင်သာယာမှ တစ်ဆင့် ဒလမြို့နယ်ကျုန်စစ်သားရပ်ကွက် ရှင်စောပုလမ်းနေ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သန်း၏နေအိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

**လက်ခံစစ်ဆေး**

၎င်း၏ထွက်ဆိုချက်များ မှန်ကန်မှုရှိ/မရှိ ဒလမြို့မရဲတပ်ဖွဲ့စခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်သက်နိုင်အေးက ဖုန်းဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အမာမြို့နယ်ခွဲ ဒေါ်ငြိမ်းရဲကင်းစခန်းများသို့ အဆင့်ဆင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး ဖျာပုံမြို့ အမာမြို့နယ် နယ်မြေရဲစခန်းတွင် သန့်ဇင်ဦးက တရားလိုပြုလုပ်၍ ငစနေ၊ သီဟ၊ သန်းထိုက်ဝင်း၊ စိုးကို၊ အောင်အောင်၊ လွင်မိုး၊ အရှည်ကြီးနှင့်တင်ဇာဖြိုး(ခ)သိန်းနိုင်လင်းတို့အား ဒီဇင်ဘာ ၁ ရက်က အမှုဖွင့်တိုင်တန်းထားခဲ့ပြီး အမှုစစ်အဖြစ် ရဲအုပ်ကျော်မိုးက လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ တင်ဇာဖြိုးအား သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ ဒီဇင်ဘာ ၇ ရက်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**



တင်ဇာဖြိုး(ခ)သိန်းနိုင်လင်း

**နိုင်ငံတကာသတင်း**

## လေယာဉ်ပျက်ကျရာတွင်ပါဝင်ခဲ့သည့် ဘရာဇီးကလပ်အသင်းအား Copa Sudamericana ချန်ပီယံဆုဖလားချီးမြှင့်

**ဘိုဂိုတာ ဒီဇင်ဘာ ၇**

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဘရာဇီးကလပ်ဘောလုံးသမားများလိုက်ပါလာသည့်လေယာဉ်သည် ကိုလံဘီယာ၌ ပျက်ကျကာ ဘောလုံးသမားများ ကံမကောင်းအကြောင်းမလှစွာ သေဆုံးခဲ့ရပြီးနောက်တွင် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်ကွန်မီဘိုက ယခုနှစ်အတွက် Copa Sudamericana ချန်ပီယံဆုကို အဆိုပါ ဘရာဇီး ချာပီကွန်းစ်ကလပ်အသင်းအား ဒီဇင်ဘာ ၆ ရက်က ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

ခရီးသည် ၇၁ ဦးကို အသက်ဆုံးရှုံးစေခဲ့ပြီး လူခြောက်ဦးသာ အသက်ရှင်လွတ်မြောက်ခဲ့သည့် အဆိုပါလေယာဉ်ပျက်ကျမှုသည် ဘရာဇီးတစ်နိုင်ငံလုံးကို ကြေကွဲဝမ်းနည်းစေခဲ့သည်။

ကလပ်အသင်းယှဉ်ပြိုင်ကစားမှုသမိုင်းကြောင်း၌ ကြီးကျယ်သောပွဲစဉ်တစ်ခုဖြစ်သည့် ချာပီကွန်းစ်ကလပ်နှင့်ယှဉ်ပြိုင်ရမည့် ပြိုင်ဘက်အသင်းဖြစ်သည့် အက်သလက်တီကာ နာစီအိုနယ် ကိုလံဘီယာကလပ်အသင်းက သေဆုံးသွားသောကစားသမားများကို လေးစားဂုဏ်ပြုသည့်အနေဖြင့် ဘရာဇီးကလပ်အသင်းအား ဆုဖလားပေးအပ်ရန် တောင်းဆိုတိုက်တွန်းခဲ့မှုကြောင့် ကွန်မီဘိုဘောလုံးအဖွဲ့ချုပ်က အားကစားနှင့်စီးပွားရေးဆိုင်ရာ အခွင့်ထူးပေးအပ်မှုတစ်ရပ်အနေဖြင့် အဆိုပါဆုပေးအပ်ရန် ဆုံးဖြတ်ပြီး ယခုကဲ့သို့ ချန်ပီယံဆုဖလားချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**



လေယာဉ်ပျက်ကျမှု၌ပါဝင်သည့် ဘရာဇီးကလပ်အသင်း ချာပီကွန်းစ် ဘောလုံးသမားများအား ဂုဏ်ပြုသည့်အနေဖြင့် **Copa Sudamericana** ဖလားပေးအပ်ပွဲအခမ်းအနားကျင်းပစဉ်



# မြစ်ကြီးနား - ပူတာအို - မချမ်းဘော လမ်းချင်းဆက် မလိခတံတား ၈၀ ရာခိုင်နှုန်းပြီးစီး

**မြစ်ကြီးနား ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် မြစ်ကြီးနား-ပူတာအို-မချမ်းဘော မြို့နယ်များသို့ ဆက်သွယ်ထားသော မလိခတံတားကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှဆောက်လုပ်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"မလိခတံတားကို ၂၀၁၃ ခုနှစ်ကစတင်ဆောက်လုပ်ခဲ့ပြီး တံတားအရှည်က ပေ ၄၄၀ရှိပါတယ်။ သံကူကွန်ကရစ် ပေ ၅၀ နှစ်ခန်းနဲ့ ပေ ၇၀ နှစ်ခန်း ဘေလီကြိုးဆိုင်း ပေ ၆၀၀ တစ်ခန်းပါဝင်တယ်။ အခုချိန်ထိတော့ သံကူကွန်ကရစ် ပေ ၅၀၊ ပေ ၇၀ နှစ်ခန်းစီနဲ့ သံကူကွန်ကရစ်တာဝါတိုင် ကြိုးထိန်းခုံတွေ တည်ဆောက်ပြီးစီးနေပြီး ဘေလီကြိုးဆိုင်းတပ်ဆင်ခြင်းလုပ်ငန်းကိုလည်း စတင်ဆောက်ရွက်နေပါတယ်"ဟု တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးသက်မိုးဝင်းက ပြောသည်။ တံတားကို ၂၀၁၇ မတ်လကုန်အပြီး တည်ဆောက်ရန်ခန့်မှန်းထားကြောင်း ၎င်းကပြောသည်။

အဆိုပါတံတားကြီးသည် မြစ်ကြီးနား ပူတာအိုမြို့နယ်နှင့် တောင်ပေါ် မြို့များဖြစ်သည့် ခေါင်လန်ဖူး၊ မချမ်းဘော၊ နောင်မွန်း၊ ပန်နန်ဒင်မြို့နယ်များကို ဆက်သွယ်ပေးထားသော အဓိကကျသည့်တံတားဖြစ်ပြီး ယခင်ဆောက်ထားသော ကြိုးတံတားမှာ တစ်တန်အောက်ယာဉ်များသာ ဖြတ်သန်းသွားလာနိုင်သောကြောင့် သယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်များသည် မလိခမြစ်ကို ကူးတို့ဖောင်ဖြင့် ကူးလူးသွားလာနေရသည်။ အဆိုပါတံတား ပြီးဆုံးသွားပါက မြစ်ကြီးနားမှလာသော ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များကို အချိန်တိုအတွင်း ပေးပို့သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ**

# သုတပဒေသာစာစောင်အသွင်သစ်ဖြင့် ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၇**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည် ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်ဝေ လိုက်သော သုတပဒေသာစာစောင်(ဒီဇင်ဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။




ဒီဇင်ဘာလ ထုတ် သုတပဒေသာ စာစောင်တွင် ဆရာသန်းစော (စီပီအေ)၊ ဦးဟန်ညွန့် (ဥပဒေ)၊ ကိုဇော်ဌေး (ယဉ် ကျေးမှု) တို့၏ "လူထုအခြေပြုခရီးသွားလုပ်ငန်း" မျက်နှာဖုံးဆောင်းပါးများ၊ ကေကေ(မဟာဝိဇ္ဇာ)၊ ဦးစိုင်းကျော်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါးများနှင့် ပညာရေးနှင့်လူငယ်ဆိုင်ရာအတွေးအခေါ်နှင့်တက်ကျမ်းဆိုင်ရာ ထူးချွန်နှင့် စီးပွားရေးဆိုင်ရာ ကျန်းမာရေးနှင့်မူးယစ်ဆိုင်ရာဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့်ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာစာစောင်ကို တစ်အုပ် လျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်း ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည် လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ် အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့်မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

# ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို (၉၆)နှစ်မြောက် အထိမ်းအမှတ် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် စာအုပ်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။



၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကိုစတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၇ တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အား သီးသန့်အဆောက်အအုံအဖြစ်တည်ဆောက်ခဲ့၍ ထိုအချိန်ကရန်ကုန်တက္ကသိုလ်ရှိ စာကြည့်တိုက်သည် အရှေ့တောင်အာရှ၌ ထင်ရှားကျော်ကြားသော တက္ကသိုလ်၏ စာကြည့်တိုက်အဖြစ် တည်ရှိခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏စာအုပ်စာပေများ၊ ပေ၊ ပုရပိုက်များ စုံလင်စွာထားရှိကာ စာကြည့်တိုက်၏ပထမဆုံးစာကြည့်တိုက်မှူးမှာ ဦးခင်ဇော် (ကေ)ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းစစ်ဒဏ်ကိုလည်းခံခဲ့ရသဖြင့် အရှေ့တောင်အာရှတွင် တန်ဖိုးမဖြတ်နိုင်သော စာပေ၊ ပုရပိုက်များပျက်စီးခဲ့ကြောင်း သိရသည်။ စစ်ပြီးကာလတွင်ပျက်စီးနေသော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အား ဦးစွာပြင်ဆင်မွမ်းမံခဲ့သူမှာဦးသိန်းဟန်(ဆရာဇော်ဂျီ)ဖြစ်ပြီးတို့မှ ဆက်၍ ဆရာသော်ကောင်း(စည်သူဒေါက်တာသော်ကောင်း)မှလည်း စာကြည့်တိုက်နှင့်ပတ်သက်သော လိုအပ်ချက်များကို ယနေ့တိုင်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါပွဲတော်ကြီး ကျင်းပရခြင်းမှာ လူငယ်များ စာဖတ်ရှိန်မြင့်မားစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

"စာအုပ်ပြပွဲကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲမှာလုပ်မှာပါ။ ခေတ်အဆက်ဆက်ကသမိုင်းဝင်စာအုပ်တွေ၊ ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း၊ မှတ်တမ်းတွေနဲ့ ယနေ့ကာလစာအုပ်စာပေမျိုးစုံအပြင်ကျော်ကြားထင်ရှားခဲ့တဲ့စာရေးဆရာကြီးတွေရဲ့လက်ရေးစာမူတွေ၊ နာမည်ကျော်ကြားခဲ့တဲ့ စာအုပ်တွေ၊ ပြီးတော့တက္ကသိုလ်များပုံနှိပ်တိုက်က ထုတ်တဲ့စာအုပ်၊ ဘာသာပြန်အသင်းကထုတ်တဲ့စာအုပ်တွေကို အတတ်နိုင်ဆုံးစုဆောင်းပြီး ပြသထားပါတယ်။ စာအုပ်ဈေးရောင်းပွဲတော်မှာဆိုင်ခန်းပေါင်း ၁၇၅ ဆိုင်ကသုတ၊ရသစာအုပ်စာပေမျိုးစုံကို ရောင်းချသွားပါလိမ့်မယ်။"ဟု ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးက ပြောသည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီးရှိ စာအုပ်စာပေမျိုးစုံအား လေ့လာဖတ်ရှုနိုင်ရန် ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ လေးရက်တာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-သန်းထိုက်၊ ဓာတ်ပုံ-မျိုးမင်းသိန်း**


## မြောက်ဦးဆရာတော်၏ အကြိမ်(၆၀)မြောက်(ရန်ကုန်)
## အထူးအလုပ်ပေးတရားစခန်း

| | |
|---|---|
| **နေရာ** | -ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် |
| **တရားစခန်းရက်** | -၁၃၇၈ခုနှစ် ပြာသိုလဆန်း ၃ရက်မှ ပြာသိုလဆန်း ၁၂ရက်အထိ ၃၁-၁၂-၂၀၁၆ရက်မှ ၉-၁-၂၀၁၇ရက်အထိ |
| **စာရင်းလက်ခံမည့်ရက်** | -၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက် ၂၄-၁၂-၂၀၁၆ရက် (စနေနေ့)နံနက် ၉နာရီမှ ညနေ ၃နာရီအထိ (ဦးရေကန့်သတ်ထားပါသည်။ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။) |
| **မှတ်ချက်** | -တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ ၅၀၀၀ိ/-ကျပ်ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများကို လက်မခံပါ။) |

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**
ဖုန်း-၀၉-၄၂၁၁၄၃၂၀၊ ၀၉-၄၄၈၀၃၂၂၇၈



## ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ခုနှစ် ဓာတုဗေဒ/ကုန်ထုတ် ဓာတုဗေဒဘွဲ့ရ ကျောင်းသား/ကျောင်းသူများ (၁၁)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

၁၉၇၄-၇၈ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား/သူများ၏ (၁၁) ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၈း၃၀ နာရီတွင် နှစ်စဉ်ကျင်းပမြဲ (ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ ၁၆/၂ရပ်ကွက်၊ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက်မဓမ္မာရုံကြီး)၌ ကျင်းပမည် ဖြစ်ပါသည်။ မိတ်ဆုံနေ့လယ်စာကို ကျောင်းတိုက်ကြီး၌လည်းကောင်း၊ မိတ်ဆုံညစာကို Western Park Royal, Pool Side ကန်တော်ကြီးတို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသား/သူဟောင်းများ မပျက်မကွက်ဆက်သွယ်ကြပါရန်။

**ဆက်သွယ်ရန် ဖုန်း**

| | | | |
|---|---|---|---|
| ဦးလှသိန်း | ၀၉-၉၇၇၇၉၉၉၉ | ဦးလှမောင်ရွှေ | ၀၉-၅၁၄၇၉၇၄ |
| ဦးကျော်မိုးစိန် | ၀၉-၉၇၃၇၃၄၄၆ | မူမူရှိန် | ၀၉-၇၃၀၉၈၀၉၇ |
| နွေနွေအောင် | ၀၉-၅၁၁၃၂၄၃ | တင်တင်ဝင်း | ၀၉-၄၃၀၈၉၀၁၅ |
| မေအေးမြင့် | ၀၉-၅၁၄၆၄၄၇ | သန်းသန်းနွယ် | ၀၉-၅၁၂၄၁၆၀ |
| စိုးစိုးအောင် | ၀၉-၅၅၀၄၂၀၁ | ဝါဝါသိမ်း | ၀၉-၄၀၀၀၂၈၈၆ |
| ဝေဝေသန်း | ၀၉-၇၃၀၅၄၁၃၃ | | |



## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် အထက်တန်းကျောင်း နဝမတန်း(A)မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝေလင်းနိုင် ၇/ဇကန(နိုင်)၀၄၃၃၉၉ ဖြစ်ပါသည်။



ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း
(နေ့တိုင်းမှအခမဲ့)
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅



## အထက(ရွှေကျင်)ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့(အထက)တွင် ပညာသင်ကြားပေးခဲ့သော အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် အာစရိယပူဇော်ပွဲကို ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေကျင်(အထက)ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | ကိုစိုးလွင် | ၀၉-၅၃၈၅၅၂၅ | ကိုကျော်စွယ်စုံ | ၀၉-၂၅၀၉၀၉၉၃ |
| **ပဲခူး** | မခင်ဆုမြတ်ဝင်း | ၀၉-၉၆၀၃၄၇၅၆၉ | | |
| **ရွှေကျင်** | ကိုထင်ကျော် | ၀၉-၅၄၁၄၀၈၀ | ကိုကျော်မင်းနိုင် | ၀၉-၅၄၅၅၆၆၇ |
| | ကိုအောင်မိုး | ၀၉-၄၂၈၁၆၁၂၈၈ | ကိုသိန်းသန်း | ၀၉-၇၉၅၇၇၇၆၆ |

**ဦးစီးကျင်းပရေးကော်မတီ၊ ရွှေကျင်မြို့**



## စီမံခန့်ခွဲရေးကော်မတီ
## ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေလင်ပန်းစက်မှုမြို့တွင် 33 / 11kV, 10 MVA x 2 စက်မှုဇုန်ခွဲရုံ(၂) တည်ဆောက်ခြင်းအတွက် 33 / 11kV, 10 MVA x 2 (Accessories) (only) ကို ရွှေလင်ပန်းဓာတ်အားခွဲရုံ(၂)အရောက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၁-၁၂-၂၀၁၆ ရက်

၄။ **တင်ဒါဖွင့်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးရုံး**
**ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်**
**အမှတ် ၁၈၃၊ သံချက်ဝန်ဦးညွန့်လမ်းနှင့် လှေသင်းအတွင်းဝန် ဦးချိန်လမ်းထောင့်**
**ဖုန်း-၀၁-၆၁၃၅၀၁၊ ၀၁-၆၁၃၆၁၇**



## အင်တာဗျူးမည့်အစီအစဉ်အားခေတ္တရပ်ဆိုင်းမည်ဖြစ်ပါကြောင်း အသိပေးကြေညာခြင်း

ကောင်းမြတ်စံသူ ကုမ္ပဏီလီမိတက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီသည် အလုပ်သမားများ သက်သာချောင်ချိစွာ အလုပ်အကိုင်ရရှိရေးအားရှေးရှု၍ မလေးရှားနိုင်ငံ၊ ဆီလန်ဂေါပြည်နယ်၊ ဘန်ဂီမြို့နယ်ရှိ NICHICON (MALAYSIA)SDN.BHD လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အခမဲ့ဝန်ဆောင်မှုဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ကြောင်း ပေါ်ပြူလာသတင်းဂျာနယ်၌ ၂၄-၁၁-၂၀၁၆ရက်၊ ကြေးမုံသတင်းစာ၌ ၂၆-၁၁-၂၀၁၆ရက်၊ မြို့တော်သတင်းစာ၌ ၃-၁၂-၂၀၁၆ရက်၊ ၅-၁၂-၂၀၁၆ရက်၊ ၆-၁၂-၂၀၁၆ရက် အသီးသီးတွင် ၈-၁၂-၂၀၁၆ရက်မှ ၁၀-၁၂-၂၀၁၆ရက်အထိ အင်တာဗျူးမည်ဖြစ်ကြောင်း၊ အလုပ်လုပ်လိုသူများအား ကြော်ငြာ၍ အသိပေးခဲ့ပြီးကြော်ငြာသည့်အတိုင်း အင်တာဗျူးရန် ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ ၆-၁၂-၂၀၁၆ ရက်တွင် မလေးရှားနိုင်ငံသို့ အလုပ်သမားများစေလွှတ်ရေးလုပ်ငန်းစဉ်အား ခေတ္တရပ်ဆိုင်းမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကောင်းမြတ်စံသူကုမ္ပဏီလီမိတက်သည် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအား အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်လျက်ရှိသော အေဂျင်စီဖြစ်သည်နှင့်အညီ သတင်းစာနှင့်ဂျာနယ်ပါ အင်တာဗျူးအသိပေးကြေညာချက်အား ခေတ္တရပ်ဆိုင်းထားပါကြောင်းနှင့် ပြောင်းလဲမှုများရှိပါက ပြန်လည်ကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ကောင်းမြတ်စံသူ ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၁-၂၄၉၂၈၁၊ ၀၉-၅၄၁၀၄၄၀၊ ၀၉-၄၄၈၀၀၈၂၇၉**

# သတ်မှတ်ရက်အတွင်း လစာငွေရရှိရေး လုပ်ငန်းခွင်မဝင်ဘဲတောင်းဆို၊ နှစ်ဦးနှစ်ဖက်ပြေလည်

**သန်လျင်  ဒီဇင်ဘာ ၇**

သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် စိုက်ပျိုးရေးလမ်း အမှတ် (၂၇) ရှိ ဆင်ဖြူတော်အထည်ချုပ်စက်ရုံ၌ ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီက အလုပ်သမားများ လစာငွေပေးချေမည့်ရက်အား မကျေနပ်၍ လုပ်ငန်းခွင်မဝင်ဘဲ စက်ရုံဝင်းအတွင်း စုဝေးထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါသန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် စိုက်ပျိုးရေးလမ်း အမှတ် (၂၇)ရှိ ဦးစိုင်းကျော် ဆင်ဖြူတော် အထည်ချုပ်စက်ရုံဝင်းနေသူ ပိုင်ဆိုင်သော ဆင်ဖြူတော်အထည်ချုပ်စက်ရုံ၌ အလုပ်သမား အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၄၃၀ စုစုပါင်း ၄၆၅ ဦးဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိရာ အလုပ်သမားများ၏ လစာငွေကို လစဉ် လဆန်း ၅ ရက် နေ့တိုင်းပေးချေရမည်ဖြစ်သော်လည်း လဆန်း ၆ရက်နေ့ ရွှေ့ပြောင်း၍ လစာ ၈၀ ရာခိုင်နှုန်းအားပေးချေပြီး ကျန်ရှိ ၂၀ရာခိုင်နှုန်းအားအလုပ်ရှင်ဘက်က ၂၀ရက်နေ့မှ ပေးချေမည်ကို မကျေနပ်၍ လုပ်ငန်းခွင်သို့မဝင်ဘဲ စက်ရုံဝင်းအတွင်း စုဝေးထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နေရာသို့ အလုပ်သမားညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးနှင့်တာဝန်ရှိသူများ၊ ခရိုင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစိစစ်ရေးဦးစီးဌာန၊ ခရိုင်အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ချက်ချင်း ဝင်ရောက်ညှိနှိုင်းပေးသဖြင့် အလုပ်သမားများ၏ လစာ ၈၀ ရာခိုင်နှုန်းအား ဒီဇင်ဘာ ၇ ရက်တွင် ယခင်လစာ ထုတ်ပေးသည့်အတိုင်း လစာများထုတ်ပေးမည်ဖြစ်ပြီး အလုပ်ရှင်ဘက်မှ ကျန် ၂၀ရာခိုင်နှုန်းအား ဒီဇင်ဘာ ၂၀ရက်တွင် ထုတ်ပေးမည်ဖြစ်ကာ အလုပ်သမားတစ်ဦးလျှင် မုန့်ဖိုးငွေအဖြစ် ငွေကျပ် ၃၀၀၀ ပံ့ပိုးပေးမည်ဖြစ်သည့်အတွက် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိခဲ့သဖြင့် ညနေ ၆ နာရီ ၁၀ မိနစ်တွင် အလုပ်သမားများမိမိနေရပ်အသီးသီး သို့ အေးချမ်းစွာ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ငွေကျပ်သိန်းပေါင်း ၆၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ ၇**

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖ ကျေးရွာအထွက်တွင် ရန်ချိုကျို မောင်းနှင်ပြီး ကွမ်းမိုင်လိုက်ပါလာသော SURF အမျိုးအစား ယာဉ်ကို ရှာဖွေရာ မက်သာအက်ဖီတမင်း (အိုက်စ်) ၃၃ ကီလို (ယင်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၆၀၀ )၊ အက်ဖီဒရင်းအမှုန့် အလေးချိန် ၅ ကီလို (ယင်းဒေသ တန်ဖိုးငွေကျပ် ၁၃၅ သိန်း)၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် မြန်မာငွေကျပ် ၃ ဒသမ ၀၄ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ရန်ချိုကျို(၃၂)နှစ်နှင့် ကွမ်းမိုင်(၃၅)နှစ်တို့နှစ်ဦးကို အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ မြို့မရပ်ကွက် အနောက် မြို့ပတ်လမ်း၊ ချမ်းသာအောင်ကားဂိတ်အနီးတွင် ဇော်လင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅ ပြား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး တောင်ကြီးမြို့ မြို့မရပ်ကွက် နယ်မြေ(၁၀) ပြည်တော်အေးလမ်းရှိ ၎င်းနေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၅ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၀ (ယင်းဒေသ တန်ဖိုးငွေကျပ် ၂၀ ဒသမ ၄ သိန်း)ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# စဥ့်ကူးမြို့နယ်အတွင်း တရားမဝင် ရွှေသတ္တုတူးဖော်မှု ဆက်စပ်ပစ္စည်းများ သိမ်းဆည်း

**စဥ့်ကူး  ဒီဇင်ဘာ ၇**

စဥ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု သရက်ချောင်းကျေးရွာအနီးတွင် တရားမဝင် ရွှေသတ္တုတူးဖော်လုပ်ကိုင်သူများက တရားမဝင်တူးဖော်လုပ်ကိုင်ထားကြောင်းတွေ့ရှိရပြီး ရွှေတူးဖော်ရာတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်းနှင့် လူများထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဒီဇင်ဘာ ၄ ရက်ညနေ ၃ နာရီခွဲခန့်က စဥ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု သရက်ချောင်းကျေးရွာအနီး တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေကြောင်း သတင်းအရ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးဇော်ချိုတူးနှင့်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်နှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု



စစ်ဆေးဖမ်းဆီးရာ သရက်ချောင်းကျေးရွာ မြောက်ဘက်တွင် အနက်ပေ ၁၅၀ ခန့်ရှိ ရွှေလုပ်ငန်းအင်းတစ်ခုအား တရားမဝင် တူးဖော်လုပ်ကိုင်ထားမှုနှင့် လူများ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရပြီး ရွှေလုပ်ငန်းအင်းအနီး ၂၈ ကောင် ဂျင်ဒေါင်းအင်ဂျင်စက်နှစ်လုံး၊ ၁၅ ကီလို ဒိုင်နမိုတစ်လုံး၊ ကျောက်မှုန့်ကြိတ်စက်တစ်လုံးတို့ကို တပ်ဆင်အသုံးပြုလျက် တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တရားမဝင် ရွှေသတ္တုတူးဖော်လုပ်ကိုင်သူများအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် စဥ့်ကူးမြို့နယ် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း လက်ထောက်အင်ဂျင်နီယာက အမှုဖွင့်တိုင်တန်းမှုအပေါ် လက်ပန်လှ ရဲကင်းစခန်းက အမှုဖွင့်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဥ့်ကူး)**

# ကျပ်တစ်သောင်းတန်ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**မြဝတီ  ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် မြဝတီမြို့၌ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတုများသိမ်းဆည်းရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းက သိရသည်။

ဒီဇင်ဘာ ၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မြဝတီမြို့အမှတ်(၁)၊ ခွန်ဆာဝင်း၊ ကျောက်တန်းဂိတ်အနီးတွင် ငွေစက္ကူအတုများ သယ်ဆောင်လာကြောင်း သတင်းအရ အမှတ်(၁၀)မှုခင်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သက်ဦး၊ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော် ဦးစီးအဖွဲ့၊ မြဝတီမြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် သက်နိုင်စိုး ဦးစီးအဖွဲ့၊ DKBA ဆက်ဆံရေးတာဝန်ခံစောသန်းအောင်တို့ပါဝင်သော အဖွဲ့က လမ်းပေါ်တွင်မသင်္ကာဖွယ်တွေ့ရှိသူ အောင်သန်းဝေ(ခ)ကိုဦး(၃၂နှစ်) ရေလယ်ကျွန်း အမှတ်(၁)ရပ်ကွက်နေထိုင်သူကို စစ်ဆေးရာ မြန်မာငွေစက္ကူတစ်သောင်းတန်အတု ၁၁ ရွက်ကိုတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ မြန်မာငွေ တစ်သောင်းကျပ်တန်အတုများ လက်ဝယ်ထားရှိသူ အောင်သန်းဝေ (ခ)ကိုဦးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ရောဝတီမြစ်အတွင်းမှ ပိုင်ရှင်မဲ့တရားမဝင်သစ်ခွဲသားများ ဖမ်းဆီးရမိ

**စစ်ကိုင်း  ဒီဇင်ဘာ ၇**

စစ်ကိုင်းနှင့်မန္တလေးမြို့နယ် သစ်တောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲက စစ်ကိုင်းမြို့နယ် အာလောင်ကျွန်းမကြီးအရှေ့ဘက် ကမ်းစပ်မှ ပိုင်ရှင်မဲ့ တရားမဝင်သစ်ခွဲသားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ်သစ်တောဦးစီးဌာနမှူး ဦးညွန့်လှိုင်ဦးစီးသော သစ်တောဝန်ထမ်းများနှင့် အာလောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမော်မော်တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က စစ်ကြောင်းအသွင်ဖြင့် တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းဆောင်ရွက်စဉ် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းမြို့နယ် အာလောင်ကျွန်းမကြီး၏ အရှေ့ဘက်ကမ်းစပ်တွင် တရားမဝင် သစ်ခွဲသားများစုပုံထားသည်ကို တွေ့ရှိ၍ စစ်ဆေးတိုင်းတာကြရာ တရားမဝင်အင်ခွဲသား ၄၇ ချောင်း၊ သစ်ရာခွဲသား တစ်ချောင်း၊ ပျဉ်းကတိုးခွဲသား ၂၉ ချောင်း စုစုပေါင်း ၇၇ ချောင်း (၃ ဒသမ ၆၇၄၀) တန် ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ တရားမဝင် ဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ် သစ်တောရုံးက ဖမ်းဆီးရမိ တရားမဝင်သစ်ခွဲသားများအား မြို့နယ်သစ်တောရုံးတွင် သိမ်းဆည်းထားပြီး ပိုင်ရှင်အား ရှာဖွေစုံစမ်းလျက်ရှိသည်။

**မျိုးဝင်း(စစ်ကိုင်း)**


ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်

SUCCESS Language Academy

ကျောင်းသားသစ် (15% Discount ) နှင့် ကျောင်းသားဟောင်း (ပုံမှန် Discount + 15% )

(မြို့လယ်ကျောင်း)

အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း

Ph: 392048,256954,202046

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 5 Dec
3:30 - 5 (Mon ~ Thurs) 12 Dec
1 - 2:30 (Mon ~ Thurs) 2 Jan
1 - 4:00 (Sat + Sun) 8 Jan

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 5 Dec
10-11:30 (Mon ~ Thurs) 7 Dec
1 - 4:00 (Sat + Sun) 11,14 Dec
3:30 - 5 (Mon ~ Thurs) 12 Dec
1 - 2:30 (Mon ~ Thurs) 14 Dec
9 - 12:00 (Sat + Sun) 17 Dec
12 - 3:00 (Sat + Sun) 31 Dec

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 5 Dec
10-11:30 (Mon ~ Thurs) 12 Dec
1 - 4:00 (Sat + Sun) 17 Dec

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 28 Nov
10-11:30 (Mon ~ Thurs) 12 Dec
9:30-12:30 (Sat + Sun) 31 Dec

BASIC WRITING
10-11:30 (Mon ~ Thurs) 12 Dec
9 - 12:00 (Sat + Sun) 14 Jan

VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 5 Dec
7:30 - 9 (Mon ~ Thurs) 19 Dec

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 12 Dec
3 - 5:00 (Mon ~ Thurs) 26 Dec

လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)

Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 14 Dec
1- 2:30 (Mon~Thurs) 26 Dec
6 - 7:30 (Mon~Thurs) 9 Jan
12 - 3:00 (Sat + Sun) 15 Jan

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon~Thurs) 26 Dec
1 - 4:00 (Sat + Sun) 1 Jan
10-11:30 (Mon~Thurs) 2,9 Jan
7:30-10:30 (Sat + Sun) 7 Jan
4:30-7:30 (Sat + Sun) 7 Jan

IELTS (Preparation)
1 - 3:30 (Mon~Thurs) 5 Dec

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 5 Dec

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 19 Dec

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 9 Jan
7:30-10:30 (Sat + Sun) 29 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
9 -12:00 (Sat + Sun) 31 Dec
10-11:30 (Mon~Thurs) 9 Jan
3:30 - 5 (Mon~Thurs) 16 Jan
12 - 3:00 (Sat + Sun) 22 Jan

IELTS (Preparation)
4:30-7:30 (Sat + Sun) 7 Jan

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 28 Jan

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 26 Dec

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 23 Jan



**မြန်မာ့သစ်လုပ်ငန်း**

**ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

**အိတ်ဖွင့်တင်ဒါကြေညာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၆ ရက် မွန်းတည့် ၁၂:၀၀ နာရီ
၁၉-၁၂-၂၀၁၆ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၁၁၉)တန်
- ကျွန်း/အင်-ကညင် ခွဲသား (၄၀၀)တန်ခန့်
- အင်-ကညင်သစ်လုံး (၂၁၆၀)တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၆၄ E-mail;marketing 1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**



BLUE DIAMOND CEMENT

BLUE DIAMOND CEMENT

ဘလူးဒိုင်းမွန်းဘိလပ်မြေ

STRENGTH FOREVER

OFFICE TEL : 09-777777688

ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။

"We are looking for the experienced personnel of Production, Marketing and Accounting. Please send CV to kyawttheingi31@gmail.com"

# ခေတ်မီစက်မှုလုပ်ငန်းခွင်မှသည် ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်ဆီသို့

## ဆုမြတ်သဇင်

ယနေ့ မျက်မှောက်ခေတ်သည် စက်မှုထွန်းကားလာသော ကာလတစ်ခုအဖြစ် ပေါ်ထွန်းနေပါသည်။ နေရာတိုင်း၊ မြို့နယ်တိုင်း၊ ခရိုင်တိုင်းနီးပါးတွင် စက်ရုံ၊ အလုပ်ရုံများသာမက စက်မှုဇုန်များ တည်ထောင်ကာ စက်မှုစီးပွားရေးစနစ်ကို ဖော်ဆောင်လျက်ရှိပါသည်။

ထို့ကြောင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် နယ်မြေရုံးများ ဖွင့်လှစ်ကာ မြန်မာပြည်တစ်ဝန်းရှိ အလုပ်သမားများ၏ ရပိုင်ခွင့်များ အပြည့်အဝရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် လျော်ညီသော လုပ်ငန်းခွင်ဖြစ်စေရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ စစ်ဆေးစည်းကြပ်ဆောင်ရွက်လျက်ရှိရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ဆုမြတ်သဇင် (ဦးစီးအရာရှိ) အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်-

**မေး။ ။ ဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်မတို့ဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကတော့ စက်ရုံ၊ အလုပ်ရုံတွေမှာရှိတဲ့ အလုပ်သမားတွေအတွက် အလုပ်ချိန်၊ နားချိန်၊ အချိန်ပိုနာရီ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အပတ်စဉ်နားရက်၊ လုပ်ခလစာ၊ အချိန်ပိုလုပ်ခအစရှိတဲ့ ဥပဒေပါ အကျိုးခံစားခွင့်တွေ အပြည့်အဝရရှိစေရန် စစ်ဆေးစည်းကြပ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လုပ်ငန်းခွင်အခြေအနေဖြစ်စေဖို့ တိုင်းတာအကဲဖြတ်ပြီး ညွှန်ကြားခြင်း၊ အကြံပေးခြင်း၊ ညွှန်ကြားချက်တွေအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ပြန်လည်စစ်ဆေးခြင်း၊ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ဥပဒေများနဲ့ အကျုံးဝင်သက်ဆိုင်တဲ့ တိုင်ကြားချက်တွေလက်ခံရရှိရင် စစ်ဆေးအရေးယူ ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုတို့ကို စုံစမ်းစစ်ဆေးပြီး နောင်အလားတူ ထပ်မံမဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ စက်ရုံ၊ အလုပ်ရုံတွေမှ အချိန်ပိုလုပ်ကိုင်ခွင့် တောင်းခံခြင်းတွေကို တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေနဲ့အညီ စိစစ်ခွင့်ပြုခြင်း၊ အလုပ်သမားရေးရာဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ သက်သာချောင်ချိရေးအတွက် အသိပညာပေး ဆွေးနွေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကွန်ရက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီဖွဲ့စည်းပြီး လိုအပ်တဲ့ နည်းပညာအကူအညီပေးခြင်း၊ တာဝန်ယူဆောင်ရွက်ရတဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ချိုးဖောက်ပါက တရားစွဲဆိုခြင်းနဲ့ လိုအပ်ရင် ကော်လိတ္တော်အရာရှိ၊ အခွန်အရာရှိအဖြစ် ဆောင်ရွက်ခြင်း၊ ဥပဒေသစ်ရေးဆွဲခြင်း၊ ပြဋ္ဌာန်းပြီးဥပဒေတွေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နည်းဥပဒေတွေ ရေးဆွဲခြင်းတွေ ဆောင်ရွက်ပါတယ်။

**မေး။ ။ ဒီဌာနရဲ့စည်းကြပ်တဲ့ ဥပဒေတွေကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်မတို့ဌာနရဲ့စစ်ဆေးစည်းကြပ်တဲ့ ဥပဒေတွေကတော့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားနှင့်သက်သာချောင်ချိရေး) အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေတွေပဲ ဖြစ်ပါတယ်။

**မေး။ ။ အလုပ်ရုံစစ်ဆေးရေးဌာနအနေနဲ့ ဘာတွေကို အဓိကထား စစ်ဆေးပါသလဲ။**

ဖြေ။ ။ ကျွန်မတို့ဌာနမှာ အလုပ်သမားဥပဒေစစ်ဆေးရေးနဲ့ အလုပ်ရုံစစ်ဆေးရေးဆိုပြီး ခွဲခြားဆောင်ရွက်ရပါတယ်။ အလုပ်ရုံစစ်ဆေးရေးကတော့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အလုပ်သမားတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်တွေကို စစ်ဆေးစည်းကြပ်ဆောင်ရွက်ပါတယ်။ နောက်ပြီးတော့ ယနေ့ခေတ်တိုးတက်လာတဲ့ နည်းပညာရပ်တွေနဲ့အတူ ဖြစ်ပေါ်လာတဲ့ အန္တရာယ်တွေကို လျှော့ချတားဆီးကာကွယ်နိုင်ဖို့ စက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး ကော်မတီဖွဲ့စည်းဖို့အတွက်ကိုလည်း တွန်းအားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီရဲ့အဓိပ္ပာယ်လေး ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဒီကော်မတီက လုပ်ငန်းခွင်ရှိ အန္တရာယ်အမျိုးမျိုး၊ မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုတွေကို ကြိုတင်ကာကွယ်နိုင်ရန်နဲ့ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရေးတို့ကို ဆောင်ရွက်နိုင်ဖို့ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ် အချိုးညီစွာ ပါဝင်တဲ့အဖွဲ့ကို ခေါ်ပါတယ်။

**မေး။ ။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီကို စက်ရုံ၊ အလုပ်ရုံတိုင်း ဖွဲ့စည်းဖို့ လိုအပ်ပါသလား။**

ဖြေ။ ။ လက်ရှိမှာတော့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ ဖွဲ့စည်းရမယ်လို့ သီးခြားဥပဒေပြဋ္ဌာန်းထားတာ မရှိသေးပါဘူး။ ဒါပေမယ့် ကျွန်မတို့ဌာန၊ ရုံးချုပ်ကနေပြီး အလုပ်သမား ၅၀ နဲ့အထက် စက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ ဖွဲ့စည်းရမယ်လို့ ညွှန်ကြားထားချက်ရှိပါတယ်။

**မေး ။ ။ အဲဒီ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ ရဲ့ဆောင်ရွက်ရတဲ့ လုပ်ငန်းလေးတွေ သိပါရစေ။**

ဖြေ။ ။ ကော်မတီအနေနဲ့ ဆောင်ရွက်ရတဲ့ လုပ်ငန်းကိစ္စတွေကတော့ ဘေးကင်းတဲ့ အလုပ်လုပ်ကိုင်မှုစနစ်ဖြစ်ပေါ်ဖို့ ကူညီထောက်ပံ့ရမယ်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာအစီအမံတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ ပြန်လည်ဆန်းစစ်သုံးသပ်ရမယ်၊ မတော်တဆထိခိုက်မှုနဲ့ လုပ်ငန်းခွင်ဆိုင်ရာရောဂါ။ ဖြစ်ပွားမှုကို မှတ်တမ်းတင်ပြီး သက်ဆိုင်ရာဌာနမှ စစ်ဆေးရာမှာ ကူညီဆောင်ရွက်ပေးရမယ်။ စက်ရုံ၊ အလုပ်ရုံအတွင်း ပုံမှန်စစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ အစည်းအဝေးတွေ၊ သင်တန်းတွေ ပြုလုပ်ရမယ်၊ ဘေးမကင်းတဲ့ အခြေအနေတွေနဲ့ လုပ်ဆောင်မှု အလေ့အထတွေ ပြီးတော့ မတော်တဆထိခိုက်မှုတွေနဲ့ လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိမှုတွေနဲ့ ပတ်သက်ပြီး နောင်အလားတူ ထပ်မံမဖြစ်ပွားစေဖို့ ဆောင်ရွက်ပေးရမယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးအတွက် လုပ်ဆောင်ရမယ့် အစီအစဉ်တွေကို အလုပ်ရှင်ထံ တင်ပြရမယ် စတဲ့လုပ်ငန်းတွေ လုပ်ဆောင်ရပါတယ်။

**မေး။ ။ ဒီကော်မတီဖွဲ့စည်းထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ဘာအကျိုးကျေးဇူးများ ရရှိပါသလဲ။**

ဖြေ ။ ။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ ဖွဲ့စည်းထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေဟာ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုတွေနဲ့ လုပ်ငန်းခွင်ဆိုင်ရာရောဂါတွေ မဖြစ်ပွားစေဖို့ ကာကွယ်တားဆီးနိုင်လို့ အလုပ်သမားတွေ လုပ်ငန်းခွင်မှာ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာလုပ်ကိုင်နိုင်တယ်။ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လုပ်ငန်းခွင် ဖန်တီးနိုင်လို့ အလုပ်ရှင်နဲ့ အလုပ်သမားအကြား ဆက်ဆံရေး၊ တွေ့ဆုံဆွေးနွေးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ မြင့်မားလာမှာ ဖြစ်ပါတယ်။

> **အလုပ်ရုံစစ်ဆေးရေးကတော့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အလုပ်သမားတွေရဲ့ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်တွေကို စစ်ဆေးစည်းကြပ်ဆောင်ရွက်ပါတယ်။ နောက်ပြီးတော့ ယနေ့ခေတ်တိုးတက်လာတဲ့ နည်းပညာရပ်တွေနဲ့အတူ ဖြစ်ပေါ်လာတဲ့ အန္တရာယ်တွေကို လျှော့ချတားဆီးကာကွယ်နိုင်ဖို့ စက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး ကော်မတီဖွဲ့စည်းဖို့အတွက်ကိုလည်း တွန်းအားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်**

# မြို့နယ်မီးသတ်အဆောက်အအုံ ၉၅ ရာခိုင်နှုန်းပြီးစီး

**ရေစကြို ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဆောက်လုပ်လျက်ရှိသော မီးသတ်တပ်ဖွဲ့ရုံး အဆောက်အအုံဆောက်လုပ်မှုမှာ ယခုအခါ ၉၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။



အဆိုပါ မြို့နယ်မီးသတ်တပ်ဖွဲ့ အဆောက်အအုံမှာ (၆၅×၅၂×၂၆) ပေ၊ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး GALAXY POWER Co.Led.မှ တာဝန်ယူ၍ ဆောက်လုပ်ခြင်းဖြစ်ပြီး ယခုအခါအတွင်းပိုင်း အချောသပ်လုပ်ငန်း ငါးရာခိုင်နှုန်းသာ လုပ်ဆောင်ရန် ကျန်တော့ကြောင်းနှင့် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ခွင့်ပြုငွေ (၁၆၇ ဒသမ ၃၁) သန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး မကြာမီ ရက်ပိုင်းအတွင်း အဆောက်အအုံလွှဲပြောင်း အပ်နှံမည်ဖြစ်ကြောင်း GALAXY POWER Co.Led. မှ တာဝန်ခံက ပြောသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ရှာငံ ဒီဇင်ဘာ ၇**

လျှပ်စစ်ဓာတ်အားကို ကျေးလက်နေပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုတတ်နိုင်စေရန်နှင့် ရှောင်ရမည့်အချက်များ သိရှိလိုက်နာကျင့်သုံးတတ်စေရန်ရည်ရွယ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောပွဲများကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ယကြီး ပြေသာနှင့် လက်ပံပင်ကျေးရွာများတွင် နိုဝင်ဘာလနောက်ဆုံးပတ်က ဘုန်းတော်ကြီးကျောင်းများ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်ဒုတိယလျှပ်စစ်အင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်ဦးနှင့် တာဝန်ရှိသူတို့က လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိထားဆောင်ရွက်ရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်ဖြစ်ပွားနိုင်မှုအခြေအနေများ၊ ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အသိ လျှပ်စစ်သတိဖြင့် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန် လျှပ်စစ်မီတာအသုံးပြုခ ကောက်ခံမှုအခြေအနေများကို ရှင်းလင်းခဲ့ပြီး ပညာပေးမြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြသည်။

ရှာငံမြို့နယ်တွင် မြို့ပေါ်(၃)ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၃ ရွာ လျှပ်စစ်မီးလင်းလျက်ရှိရာ သုံးစွဲသူ အိမ်ထောင်စု ၅၅၀၄ စုရှိပြီး ကျေးရွာများတွင်လည်း ထင်းအစားထိုး လျှပ်စစ်မီးကို ပိုမိုအသုံးပြုလာခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ရှာငံ)**

# ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**မြောက်ဦး ဒီဇင်ဘာ ၇**

မြောက်ဦးမြို့နယ် ရခိုင်ဂုဏ်ဆောင်နဖူး(သင်းကျစ်တော်)ဓာတ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပျော်ရွှင်စရာ ကလေးကစားစရာများ၊ ဈေးရောင်းပွဲများနှင့် ရတနာထွန်းအဆင့်မြင့် ဇာတ်သဘင်ကို သုံးညတိုင်တိုင် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီ သင်းကျစ်တော်ဘုရား ဂေါပကရက္ခိတအဖွဲ့ထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စဥ့်ကူးမြို့နယ်၌ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**စဥ့်ကူး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ခရမ်းချဥ်စိုက်ကွင်းက ကြီးမှူး၍ ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီ ပဲစင်းငုံ၊ ဝါ၊ မတ်ပဲနှင့် ကြံသီးနှံများ အောင်မြင်ဖြစ်ထွန်းမှု တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက သုတေသနစိုက်ကွက်၌ ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်ထွန်းက သီးနှံမျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ တိုးတက်အောင် ဆောင်ရွက်ရေး၊ စီးပွားရေးတွက်ခြေကိုက်သည့် ဈေးကွက်ဝင်သီးနှံများ ပိုမိုစိုက်ပျိုးလာစေရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များ ကျင့်သုံးလာစေရေးနှင့် ဓာတုဗေဒ



ပစ္စည်းများဖြစ်သော ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများ သုံးစွဲမှုလျှော့ချရေးတို့နှင့် သဘာဝမြေဩဇာများ ပိုမိုသုံးစွဲလာစေပြီး ဘေးအန္တရာယ်ကင်းသော သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(စဥ့်ကူး)**

# ပင်လယ်ပြင်ငါးဖမ်းစက်လှေများ စစ်ဆေးရေးဂိတ်ဖွင့်လှစ်ရန် ဆောင်ရွက်မည်

**ရေး ဒီဇင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ်မှ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသော ငါးဖမ်းလှေများအား ပင်လယ်ကမ်းခြေ အဝတွင်ရှိသောနေရာ၌ လှေများကို စစ်ဆေးရေးဂိတ်တစ်ခုအနေဖြင့် လုပ်ဆောင်သွားနိုင်ရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၏ သဘောထားနှင့် ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနကနေတစ်ဆင့် ပြည်ထောင်စုအဆင့်အထိ တင်ပြသွားရန်ဖြင့် ခွင့်ပြုချက်များရယူ၍ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပင်လယ်ပြင်ရေလုပ်ငန်းရဲ့ ရွှေ့ပြောင်းရေလုပ်သား အချို့ထဲမှာ ပြေးလေးပြေးနဲ့ ရောက်လာတဲ့သူတွေ ရှိနေတဲ့အခါ မလိုလားအပ်တဲ့ပြဿနာတွေလည်းဖြစ်စေတယ်။ ယခင်က နယ်မြေမအေးချမ်းတဲ့အတွက်မူတည်ပြီး တရားမဝင်လှေလည်းရှိတော့ စနစ်တကျဆောင်ရွက်နိုင်ဖို့ အခုလိုလှေတွေ စစ်ဆေးရေးဂိတ်ကို ရဲ၊ လဝက၊ အလုပ်သမား၊ ငါးဦးစီးဌာနနဲ့ ပူးပေါင်းကြီးကြပ်လုပ်ကိုင်ရင် တရားဥပဒေစိုးမိုးမှုအား ကောင်းလာမှာပါ"ဟု မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။



ယခုအချိန်တွင် ရေးမြို့နယ် ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းခွင်၌ ရေလုပ်သားများ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ကြရသဖြင့် အလုပ်သမားရှားပါးလာခြင်းနဲ့ ထိုက်သင့်သည့်လစာတိုးမြှင့်ခြင်း မရှိသေးသည့်အပြင် တရားဝင် အလုပ်သမားရှာဖွေပေးသည့် အေဂျင်စီ လုပ်ကိုင်နိုင်ခြင်းလည်း မရှိသည့်အခါ ပွဲစားမှတစ်ဆင့် အလုပ်သမားရယူလုပ်ကိုင်နေခြင်းဖြင့် ရေလုပ်သားပြဿနာက ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်။

ရေးမြို့နယ် ပင်လယ်ပြင်အတွင်း သေမှုသေခင်း ၃၉ မှု၌ မတော်တဆထိခိုက်မှုမှာ အများဆုံးဖြစ်ပြီး ရေနစ်သေဆုံးခြင်းနှင့် အရက်သေစာသောက်စားရာမှ ကျန်းမာရေးအရ သေဆုံးခြင်းတို့အဖြစ်များကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# စလင်းတွင် သက်ငယ်မုဒိမ်းမှုနှင့် ယာဉ်အန္တရာယ် အသိပညာပေးဟောပြော

**စလင်း ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြတ်ရတနာဓမ္မာရုံ၌ ဒီဇင်ဘာ ၅ ရက်က သက်ငယ်မုဒိမ်းမှုနှင့်ယာဉ်အန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို ရဲမှူး ငွေတင်က စလင်းတွင် ၂၀၁၆ ခုနှစ်၌ သက်ငယ်မုဒိမ်းမှုများ နိုင်ငံတစ်ဝန်း ပိုမိုများလာသဖြင့် လူထုအကြား အသိပညာ ပိုမိုရရှိစေရန်ရည်ရွယ်၍ ယခုလိုဟောပြောပွဲများ ပြုလုပ်ပေးရကြောင်းနှင့် သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အန္တရာယ်များကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းခဲ့ကြသည်။

ထို့နောက် ရဲမေများက ပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ပြီး ယင်းဟောပြောပွဲသို့ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ညောင်ဦးမြို့နယ်တွင် ထင်းအစားထိုးလောင်စာသုံးစွဲရေးဟောပြော

**ညောင်ဦး ဒီဇင်ဘာ ၇**

ညောင်ဦးမြို့နယ် ရမ်းဇမ်းအုပ်စုရမ်းဇမ်းကျေးရွာသို့ မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၅ ရက်က ကျေးရွာရာအိမ်မှူးအိမ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစားအခြားလောင်စာသုံးစွဲရေးလူထုပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စိမ်းလန်းစိုပြည်ရေးတာဝန်ရှိ အဖွဲ့ခေါင်းဆောင် ဦးမင်းဇော်ဦးက ရှိပြီးသစ်ပင်များကို ဆက်လက်ကြီးထွားအောင်လုပ်ဆောင်ခြင်း၊ သစ်ပင်အသစ်စိုက်ပျိုးခြင်း၊ သစ်ပင်ပျိုးပင်များ ဖြန့်ဝေပေးခြင်း၊ သစ်ပင်စိုက်ပျိုးရန် ဝါသနာပါသူများ မြို့နယ်သစ်တောဦးစီးဌာနသို့ ပျိုးပင်ရရှိရေး ဆက်သွယ်ကြရန်နှင့် ထင်းအစား အခြားလောင်စာသုံးစွဲပေးရန်ပညာပေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်တက်ရောက်လာသော ကျေးရွာသူကျေးရွာသားများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး လောင်စာမဲ့မီးဖို ၁၀ လုံးကိုမဲစနစ်ဖြင့် မဲပေါက်သူ ၁၀ ဦးထံ မီးဖိုတစ်လုံးကျစီ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**



## မှုခင်းသတင်းတိုထွာ

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ဒီဇင်ဘာ ၁ ရက်က တရားမဝင်သစ်များသယ်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ် လဲကန်ရဲစခန်းမှူး ရဲအုပ်ချစ်စန်းမောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၁၁ နာရီခွဲက ပုလဲမြို့နယ် ဝက်ကျကျေးရွာဘက်မှ ပုလဲ-ဂန့်ဂေါကားလမ်းဘေးရှိ ၅၅ မိုင်စခန်းဘက်သို့ ဦးသန့်ဇင်မင်းမောင်းနှင်လာသော ယာဉ်နှင့် ဦးဝင်းကြိုင် မောင်းနှင်လာသောယာဉ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါယာဉ်များပေါ်မှ တရားမဝင်သယ်ဆောင်လာသော သစ်တန်ချိန် ၁ ဒသမ ၈၄၆၈ တန်နှင့် တန်ချိန် ၂ ဒသမ ၂၂၄၄ တန်တို့အား ဖမ်းဆီးရမိခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# စကားများရာမှ ကတ်ကြေးဖြင့်ထိုး

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက်၌ ဒီဇင်ဘာလပထမပတ်က ည ၆ နာရီခွဲက တစ်ယောက်တစ်ခွန်းစကားများကြရာမှ ကတ်ကြေးဖြင့် ထိုးသဖြင့် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရက်ဖြတ်ထား၍ စိတ်ဂဏာမငြိမ်ဖြစ်နေသူ ဝင်းမင်းသိန်း (၃၄ နှစ်) သည် တစ်လမ်းတည်းနေ ရဲလင်းမောင်(ခ)အငယ်လေး (၃၅ နှစ်)နှင့် တစ်ယောက်တစ်ခွန်းစကားများကြရာမှ လမ်းနံဘေးရှိ ရေမြောင်းအတွင်းသို့ လုံးထွေးကျသွားပြီး ၎င်းက ဝင်းမင်းသိန်း၏ လက်တွင်းမှ ကတ်ကြေးကို လုယူ၍ ထိုးခဲ့ရာ ဝင်းမင်းသိန်းမှာအခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ၎င်းတွင် ဒဏ်ရာအနည်းငယ်ရရှိ၍ ညောင်လေးပင်ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးကုသလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၆/၃ နှင့် ၁၁၆/၄ အကြား တံတားအမှတ် ၁၁၇/၁ အိုင်တုံးချောင်းတံတားပေါ်တွင် ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲက ခြောက်ဘီးယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ဝင်းကို (၂၃ နှစ်) ညောင်ဦးမြို့နယ်နေသူ မောင်းနှင်သည့်ယာဉ်သည် မျက်နှာချင်းဆိုင်မှ ဟိန်းကျော်စွာလင်း မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် လမ်းလယ်၌ မျက်နှာချင်းဆိုင်တိုက်မိရာ ဟိန်းကျော်စွာလင်းတွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဟိန်းကျော်စွာလင်းအား ကျောက်တံခါးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဆိုင်ကယ်နှင့် ယာဉ်တိုက်မှုဖြစ်ပွား

နောင်ချိုမြို့ ဘူတာရပ်ကွက် မန္တလေး-လားရှိုးကားလမ်းအတိုင်း ဒီဇင်ဘာလပထမပတ်က ညနေ ၆ နာရီခွဲခန့်က ပြင်ဦးလွင်ဘက်မှ ကျောက်မဲဘက်သို့ နေရဲလင်းထွန်း မောင်းနှင်လာသော ယာဉ်နှင့် ဦးမြင့်လွင် (၅၃ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်တို့မှာ နောင်ချိုမြို့ ဇီဇဝါလမ်းသွယ်တွင် တိုက်မိခဲ့သည်။ ဦးမြင့်လွင်သည် ကားလမ်းကို မကြည့်ဘဲ မောင်းနှင်ဖြတ်သန်းခဲ့ရာ အဆိုပါယာဉ်ဖြင့် ကားလမ်းညာဘက်ခြမ်းတွင် တိုက်မိခဲ့ခြင်းဖြစ်ပြီး ၎င်းတွင် (စိုးရိမ်ရ)ဒဏ်ရာရရှိသွားသဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသထားသည်။ ဆိုင်ကယ်မောင်းနှင်သူ ဦးမြင့်လွင်ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်ရေးယူထားသည်။

**စိုးဝင်း (နောင်ချို)**

# ကသာမြို့အဝင်၌ လိုင်စင်မဲ့ယာဉ်နှစ်စီးဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။ အမှတ်(၁၀၆) ကသာယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ရန်နိုင်ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက်က ကသာမြို့အဝင် မြဆည်းဆာလမ်းဆုံ၌ ယာဉ်မောင်း ကျော်ဇင်ဦးမောင်းနှင်လာသော ဟွန်ဒါယာဉ်နှင့် ကျော်စိုးလင်း မောင်းနှင်လာသော ဟွန်ဒါဖစ်ယာဉ်နှစ်စီးကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ယာဉ်နှင့်ပတ်သက်သော အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသည့်အပြင် အဆိုပါယာဉ်နှစ်စီးအား တစ်စီးလျှင် ငွေကျပ် ၁၀ ဖြင့် ဝယ်ယူထားပြီး ဗန်းမော်မြို့သို့ သွားရောက်ရောင်းချမည့် လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်းနှစ်ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှုအောင် (ကသာ)**

# စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၀ ဖမ်းမိ

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့၌ ဒီဇင်ဘာ ၄ ရက် နံနက် ၁၁ က တရားမဝင်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၀ ဖမ်းဆီးရမိကြောင်း သိရသည်။

မိုင်းရှူးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းဆန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၄ ရက်က မိုင်းရှူး-ဝမ်ဆော့ရွာကားလမ်းတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် ဝမ်ဆော့ရွာမှ မိုင်းရှူးဘက်သို့ ယာဉ်မောင်း မနန်းနွန်း မောင်းနှင်လာသည့် ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၀ ကို ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နေပြည်တော်ဒေသအတွင်း ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းရေးအတွက် နေ့ရောညပါဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် နေ့စဉ်နှင့်အမျှ ယာဉ်စီးနင်းအသုံးပြုသူများ တိုးပွားလျက်ရှိရာ ယာဉ်တိုက်မှုများလည်း နေ့စဉ်နှင့်အမျှဖြစ်ပွားလျက်ရှိ၍ ယာဉ်ထိန်းရဲတပ်ဖွဲ့(နေပြည်တော်) တပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် ဒုတပ်ဖွဲ့မှူးနှင့် အမှတ်(၁)ယာဉ်ထိန်းရဲ၊ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ ရဲမှူးကိုကိုနိုင်တို့သည် နေပြည်တော်ဒေသအတွင်း ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းရေးအတွက် နေ့ရောညပါ (အထူး) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ၊ နေပြည်တော်မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်၍ ဒီဇင်ဘာ ၃ ရက် ည ၆ နာရီခွဲမှ ည ၁၁ နာရီအထိ ယာဉ်တန်းဖြင့် လှည့်လည်စစ်ဆေးအရေးယူဆောင်ရွက်မှုကို နေပြည်တော် ပျဉ်းမနားမြို့ နှင်းဆီပန်းအဝိုင်းမှ ရာဇဌာနီလမ်းမကြီးအတိုင်း ကုမုဒြာပန်းအဝိုင်း၊ ထိုမှတစ်ဆင့် လွှတ်တော်အဝိုင်းမှ သပြေကုန်းအဝိုင်း၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီးအတိုင်း၊ မြို့မဈေးမှအဆင့်မြင့်ဈေးသို့လည်းကောင်း၊ အဆင့်မြင့်ဈေးမှ ကံ့ကော်ပန်းအဝိုင်းသို့ လည်းကောင်း လှည့်လည်၍ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဆိုင်ကယ်၊ မော်တော်ကားတွေ စစ်ဆေးတဲ့အခါမှာ သတ်မှတ်စည်းကမ်းဖြစ်တဲ့ ယာဉ်ပိုင်ဦးတက်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်နဲ့အတူပါရှိမှုစစ်ဆေးပါတယ်။ စစ်ဆေးစဉ်မှာ မပါရှိရင် ယာဉ်ကိုစစ်ဆေးရေးအဖွဲ့ထံမှာ ခေတ္တခဏထားခဲ့စေပြီး ယာဉ်မောင်းလိုင်စင်၊ ပိုင်ဦးတက်တို့အစရှိတဲ့ ယာဉ်စည်းကမ်းနှင့် ပတ်သက်တဲ့ ကျန်နေတဲ့အရာတွေကို ပြန်ယူခိုင်းပါတယ်။ အိမ်သို့ပြန်ယူပြီး စစ်ဆေးရေးအဖွဲ့ထံပြသနိုင်ပါက ချလန်ဖြတ်အရေးယူဆောင်ရွက်မှုနဲ့ အရေးယူပြီးပြသနိုင်ခြင်းမရှိတဲ့ ယာဉ်မောင်းကိုယာဉ်အတွက် Without အဖြစ်သတ်မှတ်ပြီး ယာဉ်ကို သိမ်းဆည်းပါတယ်" ဟု ရဲမှူးကိုကိုနိုင်က ရှင်းပြသည်။

နေပြည်တော် ရှစ်မြို့နယ်တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှနိုဝင်ဘာလအထိ ဝန်ကြီးဌာနများ၊ ရုံးဌာနများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ကျေးရွာများ၊ ကားဂိတ်/ဆိုင်ကယ်ကယ်ရီဂိတ်များကို ပညာပေးဆောင်ရွက်မှု ၄၇၅ ကြိမ်ဆောင်ရွက်ခဲ့ရာ တက်ရောက်သူဦးရေ ၉၆၀၆ ဦး၊ ပညာပေးလက်ကမ်းစာစောင် ၃၄၄၀၄ စောင် ဝေငှခဲ့ပြီး ယခုကာလတွင် စည်းကမ်းပျက်ယာဉ်စစ်ဆေးအရေးယူ ဆောင်ရွက်နေမှုအပြင် နိုဝင်ဘာ ၉ ရက်မှစတင်၍ နေ့ပိုင်းတွင် ပူးပေါင်းအဖွဲ့များပါဝင်သည့် အထူးအဖွဲ့လေးဖွဲ့ဖြင့် ရွှေ့လျားဆောင်ရွက်လျက်ရှိရာ စည်းကမ်းပျက်ယာဉ် ၇၅ မှုနှင့် ဆိုင်ကယ် ၇၂၅ မှု စုစုပေါင်းအမှု ၈၀၀ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ညပိုင်းတွင် စည်းကမ်းပျက်ယာဉ် စစ်ဆေးဖမ်းဆီးရေးအတွက် ပူးပေါင်းအဖွဲ့များပါဝင်သည့် အထူးအဖွဲ့သုံးဖွဲ့၊ တစ်ဖွဲ့လျှင် ဆိုင်ကယ်တစ်စီး၊ မီးတန်းယာဉ်နှစ်စီး၊ လုံခြုံရေးယာဉ်သုံးစီးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ စည်းကမ်းပျက်ယာဉ်တစ်မှုနှင့် ဆိုင်ကယ် ၅၆ မှု စုစုပေါင်း ၅၇ မှု အရေးယူဆောင်ရွက်နိုင်ခဲ့ ညပိုင်းစစ်ဆေးဖမ်းဆီးရာတွင် မီးမပါဘဲမောင်းနှင်သည့် မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များကို အဓိကထားစစ်ဆေးလျက်ရှိကြောင်းနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ စည်းကမ်းပျက်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ၁၉၁၃ မှု၊ မော်တော်ကား ၃၇၉၂ မှု စုစုပေါင်း ၅၇၀၆ မှု အရေးယူဆောင်ရွက်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**






## ဓမ္မာရုံနှင့် အရေးပေါ်ယာဉ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်း မင်္ဂလာရာမကျောင်း တိုက်ဝင်းအတွင်း ကောင်းထက်ဓမ္မာရုံနှင့် အမှတ် (၆၅)၊ ၂၁ ရပ်ကွက် နာရေးကူညီမှုအတွက် အရေးပေါ်ယာဉ်လှူဒါန်းပွဲကို ဒီဇင်ဘာလပထမပတ်က အဆိုပါဓမ္မာရုံ၌ကျင်းပရာ မင်္ဂလာရာမကျောင်းတိုက် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တခေမာစာရထံ အလှူရှင် ဦးသန်းထိုက်-ဒေါ်အေးအေးမိသားစုတို့က ဓမ္မာရုံနှင့် အရေးပေါ်ယာဉ် စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါဓမ္မာရုံသည် အလျားပေ ၄၀၊ အနံပေ ၁၀၀ RC သံကူကွန်ကရစ်ဖြစ်ပြီး တန်ဖိုးငွေကျပ် သိန်းတစ်ထောင်ကျပ် ကုန်ကျပြီး တရားပွဲ၊ အလှူ၊ မင်္ဂလာပွဲများကျင်းပနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ဘက်စုံသက်မွေးပညာကာလတို သင်တန်းဆင်း

**စစ်တွေ ဒီဇင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးရေးအတွက်ဖွင့်လှစ်သော ဘက်စုံသက်မွေးပညာ ကာလတိုသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၅ ရက်က စစ်တွေမြို့ မေယုလမ်းရှိ ဘက်စုံသက်မွေး ပညာသင်ဌာန၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

ထို့နောက် စစ်တွေအစိုးရနည်းပညာသင်တန်းကျောင်းအုပ်ကြီး ဦးတင်ဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းအောင်မြင်ပြီးသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းရေး၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်ရေးနှင့် ပန်းရန်သင်တန်းများကို သင်ကြားပို့ချပေးခဲ့ကာ သင်တန်းသား ၇၂ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း၊ သင်တန်းဆင်းပွဲသို့ စစ်တွေနည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာကျော်လှိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

## မိုးနှမ်းစိုက်တောင်သူအချို့ အထွက်နှုန်းနည်းပြီး ဝယ်လက်ဈေးနှုန်းနိမ့်၍အရှုံးပေါ်

**စစ်ကိုင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းမြို့နယ်အတွင်း ယခုနှစ်မိုးများခဲ့သဖြင့် မိုးနှမ်းစိုက်တောင်သူအချို့ အထွက်နှုန်းနည်းပြီး ဝယ်ယူသည့်ဈေးနိမ့်၍ အရှုံးနှင့်ရင်ဆိုင်ရသည်ဟု ကုန်အဝယ်ဒိုင်များသို့ နှမ်းလာရောက်ရောင်းချသည့် တောင်သူများထံမှ ကြားသိရသည်။

ယခုနှစ် စစ်ကိုင်းဈေးကွက် ကနဦးဝယ်လက်ဈေးနှုန်းမှာ နှမ်းအရည်အသွေးပေါ်ကြည့်ပြီး နှမ်းဖြူသုံးတင်း တစ်အိတ်လျှင် ထိပ်စအည့်မှအကောင်းအထိ ငွေကျပ် ၇၀၀၀၀ မှ ၉၃၀၀၀ အထိပေးကာ၊ နှမ်းအနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ မမှ ၁၅၀၀၀၀ အထိပေးပြီး နှမ်းအရည်အသွေးပေါ်ကြည့်ကာ ဝယ်ယူကြောင်း၊ ပြီးခဲ့သည့်နှစ်က နှမ်းအနက်ဈေးနှုန်းမှာ ငွေကျပ်၂၀၀၀၀၀ အထိ ပေးဝယ်ခဲ့ကြောင်းနှင့် တရုတ်ဝယ်လက်ပေါ်မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်းကို ကုန်အဝယ်ဒိုင် ပိုင်ရှင်တစ်ဦးက ပြောပြသည်။


နှမ်းအဖြူနှင့်အနက်နှစ်မျိုးရှိရာ ပြီးခဲ့သည့်နှစ်က ပြည်ပဝယ်လက်အကြိုက်အရောင်းအဝယ်ဖြစ်ခဲ့သည့် နှမ်းနက်မျိုးကို ယခုနှစ်တွင် တောင်သူများအဓိကထားပြီး စိုက်ခဲ့သော်လည်း မိုးများစွာရွာသွန်းခဲ့သဖြင့် စိုက်ပြီးနှမ်းပင်အချို့အမြစ်များပုပ်၍ သေခြင်းတို့ကြောင့် နှမ်းအထွက်နှုန်း ကျဆင်းခဲ့ကြောင်း၊ နှမ်းစိုက်ချိန်တွင် မျိုးစေ့တစ်ပြည်ကို ငွေကျပ် ၅၀၀၀ ပေးဝယ်စိုက်ရသလို ကိုယ်တိုင်မရိတ်သိမ်းနိုင်သူများအနေဖြင့် နှမ်းရိတ်လုပ်သားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ပေး၍ငှားရကြောင်းနှင့် ဝယ်လက်ဈေးမှာ ယခင်နှစ်ထက်နိမ့်သောကြောင့် နှမ်းစိုက်တောင်သူအများအပြား အရှုံးနှင့်ရင်ဆိုင်ကြရကြောင်း နှမ်းလာရောင်းသည့် တစ်အိမ်တည်းကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။ **မျိုးဝင်း (စစ်ကိုင်း)**

## ဈေးကွက်ဝင်ရော်ဘာထုတ်လုပ်နိုင်ရေးနှင့် နည်းစနစ်တကျအစေးခြစ်လုပ်သားများပေါ်ထွက်စေရေး သင်တန်းဖွင့်

**ကမမောင်း ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ ရော်ဘာဈေးနှုန်း မြင့်တက်လာသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ အရည်အသွေးပြည့်မီသော ရော်ဘာအစေးပြား ထုတ်လုပ်နိုင်ရေး၊ ရော်ဘာပင်ကို နည်းစနစ်တကျ သက်တမ်းပြည့်အစေးခြစ်နိုင်ရေး၊ ကျွမ်းကျင်သော အစေးလှီးလုပ်သားများရရှိရေးနှင့် ဒေသခံ ပြည်သူများ၏ အလုပ်လက်မဲ့နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ရည်ရွယ်၍ ဝါကော်ကျေးရွာအုပ်စု၊ ကျွန်းတောကျေးရွာခြံပိုင်ရှင် ဦးမျိုးချစ်၏ ကွင်းအမှတ်(၂/၈) ရော်ဘာခြံတွင် ရော်ဘာအစေးခြစ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းသင်တန်းကို ဒီဇင်ဘာ ၄ ရက်မှစတင်ကာ သင်ကြားပေးနေကြောင်း သိရသည်။

ပြည်နယ်အနေဖြင့် ရာသီဥတုအခြေအနေအရ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဖာပွန်ခရိုင်အတွင်း ရော်ဘာစိုက်ဧက ၇၉၀၉ ဧက၊ အစေးလှီးဧက ၃၂၄၅ ဧကရှိရာ တစ်ဧကအထွက်နှုန်းမှာ ၃၅၄ ဒသမ ၃၉ ပေါင် နှုန်းသာထွက်ရှိနေသဖြင့် ပြည်နယ်၏ ပုံမှန်အထွက်နှုန်းမှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့၏ အထွက်နှုန်းထက်လျော့နည်းနေသဖြင့် လိုအပ်သော အစေးလှီးနည်းပညာနှင့် ကျွမ်းကျင်လုပ်သားများ စနစ်တကျမွေးထုတ်နိုင်ရန်နှင့် ယခင် Grade-3 အမျိုးအစားရော်ဘာ တစ်ပေါင်မှာ ငွေကျပ် ၅၀၀၀-၆၀၀၀ ခန့်ရှိရာမှ ယခုအခါ တစ်ပေါင်လျှင် ၁၀၀၀၀ ဖြစ်လာသဖြင့် ရော်ဘာဈေးနှုန်းမြင့်တက်လာသည့်အတွက် အရည်အသွေး ပြည့်မီသော ရော်ဘာအစေးပြားထုတ်လုပ်နိုင်ရေး၊ ရော်ဘာပင်ကို နည်းစနစ်တကျ သက်တမ်းပြည့် အစေးခြစ်နိုင်ရေး၊ ကျွမ်းကျင်သော အစေးလှီးလုပ်သားများရရှိရေးနှင့် ဒေသခံပြည်သူများ၏ အလုပ်လက်မဲ့နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက်ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ကြောင်း ဖာပွန်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်က ပြောသည်။



အဆိုပါသင်တန်းတွင် ဖာပွန်မြို့နယ်နှင့် ကမမောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ရော်ဘာစိုက်တောင်သူများနှင့် စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူ ၆၀ အား ရော်ဘာ ကျွမ်းကျင်ပညာရှင်များက ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ သင်တန်းကာလငါးရက်အတွင်း စာတွေ့ လက်တွေ့ သင်ကြားပို့ချလျက်ရှိရာ အဆိုပါသင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရန် အချိန်အတိုင်းအတာတစ်ခု ကြာမြင့်မည်ဖြစ်ကြောင်း ပြည်သူများသို့ရှင်းလင်းတင်ပြ

**နေပြည်တော် ဒီဇင်ဘာ ၇**

**နိုင်ငံတော်ဓာတ်အားစနစ်** (National Grid System)

ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးရေးခွဲရုံ၊ ထရန်စဖော်မာများမှတစ်ဆင့် ဓာတ်အားသုံးစွဲသည့် ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံများအားလုံးကို ဆက်သွယ်ချိတ်ဆက်ထားသည့်စနစ်ကို ဓာတ်အားစနစ် (Grid System) ဟု ခေါ်ဆိုပြီး၊ ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့်ဓာတ်အားများကို မဟာဓာတ်အားလိုင်းကြီးများ (၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ) နှင့် ပင်မဓာတ်အားခွဲရုံကြီးများ (၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ) တို့မှတစ်ဆင့် နိုင်ငံတွင်းဒေသအသီးသီးရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများမှတစ်ဆင့် ပြည်သူလူထုအသုံးပြုနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ် (National Grid System) ဖြင့် ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးသည်။

မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်တွင် လက်ရှိ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ ၃၇ ရုံ၊ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံ ၂၃ ရုံ၊ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၂၄၈၉ ဒသမ ၃၂ မိုင်၊ ၁၃၂ ကေဗွီ ပင်မဓာတ်အားလိုင်း ၁၃၆၁ ဒသမ ၆၅ မိုင် တည်ဆောက်ပြီးဖြစ်သည်။

**ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှု** (System Breakdown)

ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားများကို ဓာတ်အားစနစ်အတွင်း တည်ငြိမ်စွာဖြင့် သယ်ပို့ဖြန့်ဖြူးနေစဉ် ရုတ်တရက်ဖြစ်ပေါ်လာသည့် အောက်ဖော်ပြပါအဓိကအကြောင်းများကြောင့် ဓာတ်အားစနစ်တည်ငြိမ်မှု (System Stability) ပျက်ပြားသွားပြီး ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်ခြင်း (လျှပ်စစ်ဝန်ထမ်းများ၏ အသုံးစကားတစ်ခုဖြစ်သည့် System Breakdown) ဖြစ်ပေါ်မည်ဖြစ်သည် -

၁။ ဓာတ်အားထုတ်လုပ်နေသည့် ဓာတ်အားပေးစက်တစ်လုံး (သို့မဟုတ်) စက်ရုံတစ်ခုလုံး ရုတ်တရက် အပြစ်ဖြစ်ပေါ်ရပ်တန့်ခြင်း၊
၂။ ဓာတ်အားသယ်ပို့ပေးနေသည့် မဟာဓာတ်အားလိုင်းများ သဘာဝဘေးအန္တရာယ် (သို့မဟုတ်) အခြားအကြောင်းအရာများကြောင့် အပြစ်ဖြစ်ပွားခြင်း၊
၃။ ဓာတ်အားလက်ခံ၊ ဖြန့်ဖြူးပေးနေသည့် ပင်မဓာတ်အားခွဲရုံများတွင် ဓာတ်အားလွှတ် ပစ္စည်းများ ချွတ်ယွင်းခြင်း၊

**ဓာတ်အားစနစ်အား ပြန်လည်မောင်းနှင်ခြင်း**

ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်ခြင်းဖြစ်ပေါ်သွားပါက ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနေသည့်ပစ္စည်းများ ပျက်စီးမှုမှကာကွယ်ရန် တပ်ဆင်ထားသည့် ကိရိယာများမှ ညွှန်ပြသည့်အချက်အလက်များအရ ဓာတ်အားပြတ်တောက်စေသည့် အကြောင်းရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ နေ့/ညမရွေး အပြစ်ဖြစ်ပွားသည့် စက်ကိရိယာ (သို့မဟုတ်) မဟာဓာတ်အားလိုင်းတစ်လျှောက်ကို လျှပ်စစ်ဝန်ထမ်းများက ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုကဲ့သို့ ဆောင်ရွက်နေကြခြင်းနှင့် တစ်ပြိုင်နက် ဓာတ်အားကွပ်ကဲရေးဌာနမှဦးဆောင်၍ ဓာတ်အားပေးစက်များကို တစ်ဆင့်ချင်း ပြန်လည်မောင်းနှင်၍ ပင်မဓာတ်အားခွဲရုံများသို့ ပို့လွှတ်ပြီး ကွန်ရက်ပုံစံဖြင့် တည်ရှိနေသည့် မဟာဓာတ်အားလိုင်းများမှတစ်ဆင့် ဓာတ်အားပေးစက်ရုံတစ်ခုနှင့်တစ်ခု၊ ပင်မဓာတ်အားခွဲရုံ တစ်ခုနှင့်တစ်ခု ဓာတ်အားပို့လွှတ်၊ ချိတ်ဆက်ခြင်းများကို နေရာအသီးသီးရှိ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးရေး တာဝန်ကျဝန်ထမ်းများက အချင်းချင်းဆက်သွယ်ကာ ဟန်ချက်ညီညီ အန္တရာယ်ကင်းရှင်းရေး ဦးစားပေးပြီး နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်မီး ပြန်လည်ရရှိသည်အထိ ဆောင်ရွက်ကြရပါသဖြင့် ဓာတ်အားစနစ်တစ်ခုလုံး တည်ငြိမ်စွာဖြင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ပြန်လည်မောင်းနှင်ခြင်းသည် အချိန်အတိုင်းအတာတစ်ခု ကြာမြင့်မှုရှိပါကြောင်း ဓာတ်အားသုံးစွဲသူပြည်သူအများ သိရှိနားလည်ပေးကြပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြထားသည်။ **(သတင်းစဉ်)**



## ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်

**သီပေါ ဒီဇင်ဘာ ၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ မြို့လယ်ရပ်ကွက်ရှိ သီပေါဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း တာဝန်ခံ လားရှိုး ဒုတိယညွှန်ကြားရေးမှူးဦးသက်လင်းက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များအနေဖြင့် သဘာဝအရင်းအမြစ်များနှင့် သာယာလှပသောရှုခင်းများ ပေါကြွယ်ဝသဖြင့် ပြည်တွင်းပြည်ပခရီးသွား နှစ်ခြိုက်သည့်မြို့များအဖြစ် အဝင်အထွက်များသောဒေသဖြစ်ရာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ သိရှိနားလည်သဘောပေါက်စေလို၍ သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇေယျ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်မြောက်ပိုင်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးဦးသက်လင်းနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် မြောက်ပိုင်း ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(သီပေါ)ဥက္ကဋ္ဌ ဦးဆန်နီနှင့် သီပေါမြို့နယ်မှလုပ်ငန်းရှင် များ၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ သင်တန်းသား ၁၂၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြို့လယ်နာရီစင်ပြုပြင်သော အလှူရှင်အား ဂုဏ်ပြု

**မူဆယ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ဂုဏ်ဆောင် မြို့လယ်ရှိ နာရီစင်အား ပြန်လည်ပြုပြင် ရေးအတွက် လှူဒါန်းသောအလှူရှင်အား ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး မူဆယ်မြို့ဒေသခံ ကောင်းမှူးတုံရပ်ကွက်နေ အလှူရှင်ဒေါ်စစ်စိန်မိသားစုက သံစုံမြည်နာရီ လေးလုံးနှင့် မြန်မာမှုလက်ရာများဖြင့် ပြန်လည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းအပါအဝင် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၅၀ လှူဒါန်းပေးအပ်ခြင်းနှင့် ပတ်သက်၍ အခမ်းအနား တက်ရောက်လာသူများအား ရှင်းလင်းပြောကြားခဲ့သည်။ မူဆယ်မြို့သည် ယခုရက်ပိုင်းအတွင်း ပြန်လည်အေးချမ်းသာယာနေပြီဖြစ်သဖြင့် မြို့လယ် ဂုဏ်ဆောင်နာရီစင်မှာ ၁ နာရီထိုးတိုင်း သံစုံသံနှင့်အတူ ပန်းရလျက် ရောင်းဝယ်သူများနှင့် ညဈေးတန်းတွင် စည်ပင်သာယာပြီး စည်ကားနေပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ပြည် ဒီဇင်ဘာ ၇**

ပြည်မြို့နယ် ကျေးလက်ဦးစီးဌာနမှဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်းအမှတ်စဉ်(၅/၂၀၁၆) ကို ပြည်မြို့ ကုန်းသာလင်းကျေးရွာအုပ်စု မြရွာကျေးရွာ၌ သင်တန်းသား သင်တန်းသူ ၃၀ အား ဒီဇင်ဘာ ၂ ရက်မှ ၃၁ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ၂၀၁၅-၂၀၁၆ ဆောင်ရွက်ပြီးအပိုင်းမှ နွေစပါးဧက ၇၇၅၀ အား အပြည့်အဝရေပေးဝေနိုင်ရေး ပြင်ဆင်ထားရှိ

**ပေါင်းတည် ဒီဇင်ဘာ ၇**

ဝဲကြီး ဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်စီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ တရားဝင်ဖွံ့ဖြိုးရေးချေးငွေ (ODA Loan)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းပထမနှစ်တွင် တူးမြောင်းမကြီး အလျားပေ ၂၅၉၄၅ ပေ၊ လက်ဝဲတူးမြောင်းမကြီး အလျားပေ ၆၂၀၀၀ ကို ကွန်ကရစ်လိုင်နင်စီခြင်းနှင့် ဝဲလက်တံမြောင်း(၁)မှ(၉)အား အုတ်လိုင်နင်စီ၍ အဆင့်မြှင့်တင်ပြုပြင်ပြီးစီးခဲ့သည်။

ယခုနှစ် ရေပေးရာသီတွင် ပြုပြင်ပြီးစီးသည့် အပိုင်းမှနွေစပါး ဧက ၇၇၅၀ ကို စတင်ရေပေးဝေတော့မည်ဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးဆည်ရေသောက်ဧရိယာအတွင်း နွေစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးရေပေးဝေရေးအတွက် လိုအပ်သည့် အကြိုပြင်ဆင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)မှ ဆောင်ရွက်ထားရှိပြီး စီမံကိန်း ဒုတိယနှစ်အတွက်လည်း ဆက်လက်၍ ဆောင်ရွက်နေပြီး စီမံကိန်းပြီးစီးသွားပါက မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာဧကေ ၃၃၀၆၈ ဧကကို နွေစပါး၊ မိုးစပါးနှင့်အခြားသီးနှံများ အတွက်အပြည့်အဝရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်**



မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ တွင် ပြည်သူလူထုအခြေပြုကျန်းမာရေး စောင့်ရှောက်ခြင်းအတွက် ရွေ့လျားဆေးကုသခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်က ကျီတော်ရပ်ကွက်အတွင်းရှိ ကျန်းမာရေးအတွက် လာရောက်ပြသသူ ကလေးလူကြီးလူနာ ၅၀ ကျော်ကို နံနက် ၉ နာရီမှ စတင်၍ ကုသဆောင်ရွက်စဉ်
အောင်သန်း(မင်္ဂလာတောင်ညွန့်)

## ဆွေးမြည့်သစ်သားတိုင်များအစား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်

**နတ်တလင်း ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ မြို့ပေါ်(၄)ရပ်ကွက်အတွင်း ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုငွေဖြင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်အထိ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်အားလိုင်းများ လဲလှယ်တည်ဆောက်မှုပြီးစီးပါက အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်ပြီဖြစ်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

# ဂုဏ်သိက္ခာအတွက် အားထည့်ကစားမယ့် အင်တာမီလန်နဲ့ ခြေကုန်ဖွင့်ရမယ့် ဆောက်သမ်တန်တို့ရဲ့ ယူရိုပါလိဂ်ပွဲစဉ်

ယူရိုပါလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ဒီဇင်ဘာ ၉ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အင်တာမီလန်၊ ဆောက်သမ်တန်အသင်းတွေရဲ့ကြိုးစားအားထုတ်မှုကို မြင်တွေ့အကဲခတ်ရမှာဖြစ်ပြီး နောက်တစ်ဆင့်တက်နိုင်ရေးအတွက် အခြေအနေကောင်းတွေ ကြုံတွေ့ရနိုင်မလားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ရှိနေဆဲဖြစ်တဲ့ အသင်းတွေအနေနဲ့ ပြတ်သားတဲ့ရလဒ်ကို ဖော်ထုတ်နိုင်မလားဆိုတာကလည်း ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။



**အင်တာမီလန်နှင့် စပါတာပရပ်**

အုပ်စု (K)မှာတော့ အင်တာမီလန်တို့ ငါးပွဲကစားပြီးချိန်အထိ သုံးမှတ်သာ ရရှိထားပါတယ်။ စပါတာပရပ်တို့ကတော့ ခြေစွမ်းကောင်းပြသနိုင်ပြီး ရမှတ် ၁၂ မှတ်နဲ့ နောက်တစ်ဆင့်တက်ရောက်ရေး သေချာသွားပြီဖြစ်ပါတယ်။ အင်တာမီလန်ဟာ အခုပွဲမှာ နိုင်နိုင်ရှုံးရှုံး ထွက်ရတော့မှာဖြစ်တဲ့အတွက် အားထည့်ကစားမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ခြေစွမ်းပိုင်းနဲ့ပတ်သက်ပြီး ဝေဖန်ပြစ်တင်မှုတွေနဲ့ ကြုံတွေ့နေရတဲ့ အင်တာမီလန်တို့အနေဖြင့် အခုပွဲဟာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အနိမ့်ဆုံး သရေတစ်မှတ်ရရှိအောင်တော့ အားထုတ်ပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် ရှီဗာ**

အုပ်စု(K)မှာ ဆောက်သမ်တန်တို့က ငါးပွဲကစားပြီးချိန်မှာ ခုနစ်မှတ်ရရှိနေပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက် အခုပွဲကို ခြေကုန်ထုတ်ကစားမှာ သေချာပါတယ်။ ဆောက်သမ်တန်ဟာ ယူရိုပါလိဂ်မှာ ရှုံးပွဲ၊ သရေပွဲတွေ များနေတာမို့ အခုပွဲမှာတော့ နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ရောက်ဖို့ သေချာသွားပြီဖြစ်လို့ မဖြစ်မနေ နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။

**ဆဲလ်ဘတ်နှင့် ရှော်လ်ကေး**

အုပ်စု(I)မှာတော့ ရှော်လ်ကေးတို့ ငါးပွဲကစားပြီးချိန်မှာ ၁၅ မှတ်ရရှိနေပြီမို့ နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်ပါတယ်။ ရှော်လ်ကေးတို့က တိုက်စစ်အားကောင်းသလို ခံစစ်ပိုင်းကလည်း တောင့်တင်းကျစ်လျစ်တာမို့ ဒီပွဲမှာ ဆဲလ်ဘတ်တို့ အိမ်ကွင်းဖြစ်ပေမယ့် မလွယ်ပါဘူး။ ပထမအကျော့ပွဲရလဒ်ကိုကြည့်ရင် ရှော်လ်ကေးတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာမို့ အခုပွဲမှာလည်း ဆဲလ်ဘတ်တို့ အမှတ်ရရှိဖို့ မလွယ်ပါဘူး။

**နိုက်စ်နှင့် ခရက်စ်နိုဒါ**

အုပ်စု (I)မှာ နိုင်ပွဲတွေ ဆက်တိုက်ရယူထားနိုင်တဲ့ ခရက်စ်နိုဒါတို့က ငါးပွဲကစားပြီး ခုနစ်မှတ်ရရှိထားတာမို့ အခုပွဲဟာ အဝေးကွင်းဖြစ်ပေမယ့် နိုက်စ်ကို အနိုင်ကစားပါလိမ့်မယ်။ နိုက်စ်တို့က ငါးပွဲကစားပြီးချိန်မှာ သုံးမှတ်သာရရှိထားသေးတာမို့ နောက်တစ်ဆင့်တက်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒီနှစ်သင်းရဲ့ပထမအကျော့တွေ့ဆုံမှုကိုကြည့်ရင် ခရက်စ်နိုဒါတို့က ငါးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့တာမို့ အခုပွဲမှာလည်း ဩ့သည်တို့ပဲ ရလဒ်ကောင်းကို ဖန်တီးပုံဖော်သွားပါလိမ့်မယ်။

**မိန့်ဇ်နှင့် ကာဘာလာ**

အုပ်စု(C)မှာတော့ မိန့်ဇ်တို့က ငါးပွဲကစား ခြောက်မှတ်ရရှိထားပြီး ကာဘာလာတို့ကတော့ အမှတ်မရသေးတာကြောင့် ပြိုင်ပွဲက ထွက်သွားရပြီဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ရလဒ်က မိန့်ဇ်တို့ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့သလို အခုပွဲမှာလည်း မိန့်ဇ်တို့ပဲ အမှတ်ပြည့်ရယူပြီး နောက်တစ်ဆင့်တက်ရေး ကြိုးစားမယ့်အနေအထားပါပဲ။

**အန်ဒါလက်ချ်နှင့် စိန့်အက်တီကန်**


အုပ်စု(C)မှာ နှစ်သင်းစလုံး မျှော်မှန်းချက်ကြီးကြီးမားမားနဲ့ ဒီပွဲကို ကစားပါလိမ့်မယ်။ အန်ဒါလက်ချ်က ၁၁ မှတ်ရရှိထားသလို စိန့်အက်တီကန်က ကိုးမှတ်ရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲရလဒ်က တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ဒီပွဲဟာ ပြိုင်ဘက်ကောင်းတွေ တွေ့ဆုံတဲ့ပွဲဖြစ်ပြီး အနိုင်က အိမ်ရှင်အန်ဒါလက်ချ်တို့ ဖြစ်သွား ပါလိမ့်မယ်။

**စတန်းဒက်လီဂျီနှင့် အေဂျက်**

အုပ်စု(G)မှာ အေဂျက်နဲ့ စတန်းဒက်လီဂျီတို့ ယူရိုပါလိဂ်အုပ်စုပွဲရဲ့ပထမအကျော့ တွေ့ဆုံခဲ့ရာမှာ အေဂျက်တို့က တစ်ဂိုးအသာနဲ့ စတန်းဒက်လီဂျီကို အနိုင်ရအောင် အားထုတ်ထားနိုင်ခဲ့ပါတယ်။ ခြေစွမ်းအရရော စိတ်ဓာတ်ပိုင်းအရပါ သာလွန်နေတဲ့ အေဂျက်ကို စတန်းဒက်လီဂျီတို့ အနိုင်ရဖို့မလွယ်ဘဲ သရေတစ်မှတ်ရအောင်သာ အားထုတ်ရမှာပါ။ ဒီပွဲမှာ ဂုဏ်သိက္ခာအရ အေဂျက်တို့ အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ကစားပြီး အောင်ပွဲခံသွားပါလိမ့်မယ်။

**မိုးမြင့်လင်းလက်**

## ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့ အာဆင်နယ်အသင်းထံမှ လုပ်ခလစာတိုးမြှင့်တောင်းဖွယ်ရှိ



အာဆင်နယ်ကစားသမား ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့အနေဖြင့် ၎င်းတို့၏ လုပ်ခလစာများကို တိုးမြှင့်ရယူလိုလျက်ရှိကြောင်း၊ ခြေစွမ်းနှင့်ထိုက်တန်သောလစာများ ရရှိလိုနေကြောင်း ဗြိတိန်မီဒီယာများက ရေးသားဖော်ပြသည်။

မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် တစ်ပတ်လျှင် လုပ်ခလစာ ပေါင် ၂၉၀၀၀၀ ရရှိနေရာ ခြေစွမ်းပိုမိုပြသနိုင်သော အာဆင်နယ်မှ ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့၏ တစ်ပတ်လုပ်ခလစာသည်လည်း ပေါင် ၂၀၀၀၀၀ ခန့် ရရှိသင့်ကြောင်း ဖော်ပြထားသည်။

လောလောဆယ်တွင် အိုဇေးလ်သည် အာဆင်နယ်၌ တစ်ပတ်လုပ်ခ ပေါင် ၁၄၀၀၀၀ ရရှိနေပြီး ဆန်းချက်ဇ်မှာ ပေါင် ၁၃၀၀၀၀ ကျော် ရရှိနေရာ ၎င်းကစားသမားနှစ်ဦး အနေဖြင့် လက်ရှိခြေစွမ်းအရ လခတိုးမြှင့်ပေးစေလိုသောဆန္ဒ ရှိနေကြပြီး စာချုပ်သစ်ချုပ်ဆိုရာတွင် လုပ်ခလစာတိုးမြှင့်ရန် တောင်းဆိုမည်ဖြစ်သည်။

မန်စီးတီးနည်းပြ ဂွာဒီယိုလာက ဆန်းချက်ဇ်အနေဖြင့် အသင်းပြောင်းရွှေ့လိုသော ဆန္ဒရှိနေချိန်တွင် မန်စီးတီးသို့ခေါ်ယူရန် ဆန္ဒရှိနေသည်။ မန်စီးတီးတွင် ဆန်းချက်ဇ်ကဲ့သို့ ကစားသမားမျိုးကို လိုအပ်ကြောင်းနှင့် ခေါ်ယူနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း ဂွာဒီယိုလာက ထုတ်ဖော်ပြောကြားသည်။

## လိုင်ယွန်ကွင်းလယ်ကစားသမား တိုလစ်ဆိုအား ဂျူဗင်တပ်စ်က ခေါ်ယူတော့မည်

ဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့က စိတ်ဝင်စားနေသော လိုင်ယွန်ကွင်းလယ်ကစားသမား တိုလစ်ဆိုအား ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် စာချုပ်ချုပ်ဆို ခေါ်ယူနိုင်တော့မည်ဖြစ်ကြောင်း ၎င်းကလပ်က သတင်းထုတ်ပြန်သည်။


အသက် ၂၂ အရွယ်ရှိ တိုလစ်ဆိုအား ဂျူဗင်တပ်စ်က ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ခေါ်ယူသွားမည်ဖြစ်ပြီး နှစ်ဖက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ပြင်သစ်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားနေသော တိုလစ်ဆိုသည် ကွင်းလယ်ကစားကွက်ကို ထိရောက်စွာ ပုံဖော်စွမ်းဆောင်နိုင်သူတစ်ဦး ဖြစ်သည်။

တိုလစ်ဆိုကို ချယ်လ်ဆီးနှင့် အာဆင်နယ်တို့က ခေါ်ယူရန် ပြင်ဆင်နေချိန်မှာပင် ဂျူဗင်တပ်စ်က ပြောင်းရွှေ့ကြေး မြင့်မားစွာပေး၍ စာချုပ်ချုပ်ဆိုရန်ကြိုးစားခဲ့ခြင်း ဖြစ်သည်။ တိုလစ်ဆိုကလည်း မိမိအနေဖြင့် စီးရီးအေတွင်သာ ကစားလိုကြောင်း ပြောကြားသည်။

စီးရီးအေ လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်သည် အသင်း၏ကွင်းလယ်ကစားအားကို ဖြည့်ဆည်းနိုင်ရေး ကြိုးစားလျက်ရှိရာ တိုလစ်ဆိုသည် လာမည့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်စ်၏ ပထမဆုံး စာချုပ်ချုပ်ဆိုနိုင်မည့် ကစားသမား ဖြစ်လာမည်ဖြစ်သည်။



## Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ဂျပန်ကစားသမား မတ်ဆူယာမ ဗိုလ်စွဲ တိုက်ဂါးဝုဒ်က အဆင့် ၁၅ သာရရှိ



ကမ္ဘာ့ဂေါက်သီးကစားသမားအကျော်အမော်များ ပါဝင်ကစားခဲ့ကြသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်အားကစားသမား မတ်ဆူယာမက ဗိုလ်စွဲခဲ့ကာ ယင်းပြိုင်ပွဲတွင် တိုက်ဂါးဝုဒ်သည် အဆင့် ၁၅ နေရာ၌သာ ရပ်တည်ခဲ့သည်။

တိုက်ဂါးဝုဒ်သည် နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် လေးချက်ပိုရိုက်ကာ စုစုပေါင်း ၇၆ ချက် ရိုက်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက်လုံးတွင် တိုက်ဂါးဝုဒ်သည် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ဂျပန်ဂေါက်ရိုက်ကစားသမား မတ်ဆူယာမက သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ခဲ့ပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နာမည်ကျော် ဂေါက်သီးကစားသမား ဟင်းနရစ်စတန်ဆင်က စုစုပေါင်းရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ ဒုတိယနေရာ၌ ရပ်တည်ခဲ့ပြီး မက်ကူချာ၊ ရစ်ကီဖောင်လာနှင့် ဒက်စတင်းဂျွန်ဆင်တို့က သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီ လျှော့ရိုက်ကာ ပူးတွဲတတိယ ရရှိခဲ့သည်။

Hero World Challenge ပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ တစ်သန်း ချီးမြှင့်ခဲ့ပြီး ချန်ပီယံအဖြစ် မတ်ဆူယာမက ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် တိုက်ဂါးဝုဒ်က မိမိသည် ကမ္ဘာ့ဂေါက်သီးအားကစားလောကတွင် အောင်မြင်မှုများ ပြန်လည်ရယူရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ကျွဲ၊ နွားကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် မေထုန်မဲ့နွားသားစပ်ခြင်းအကြောင်း ပညာပေးဟောပြော

**မတ္တရာ ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လကျောင်းကြီးကျေးရွာအုပ်စု ကံဖြူကျေးရွာမှ တောင်သူများမွေးမြူထားသော ကျွဲ၊ နွားကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် နွားမေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းအကြောင်း အသိပညာပေးဟောပြောပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပြင်ဦးလွင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်စိုးနှင့် မတ္တရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာခင်လှရွှေတို့က ကံဖြူကျေးရွာအတွင်းရှိ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူများအား ကျွဲ၊ နွားကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် နွားမေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါက်တာထိုက်ထိုက်ကျော်က ကျွဲ၊ နွား ကူးစက်ရောဂါများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကာ ဟောပြောပွဲအပြီးတွင် ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်မှ တာဝန်ရှိသူများအဖွဲ့က ကျေးရွာအတွင်းရှိ တောင်သူများမွေးမြူထားသော ကျွဲနွားများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သောကုသမှုများ ပြုလုပ်ပေးခြင်းနှင့် ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# ကချင်ပြည်နယ်အစိုးရ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၅**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမ၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က လက်ရှိအစိုးရတာဝန်ယူသည့်ကာလအတွင်း ချမှတ်ထားသောစီမံကိန်းများ၏ ပြီးစီးမှုအခြေအနေနှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိ/မရှိ ပြန်လည်စိစစ်လျက်ရှိကြောင်း၊ ပြည်သူ့အစိုးရဖြစ်သည့်အတွက် ပြည်သူများ၏ဘဏ္ဍာငွေကို ခံစားနေရသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ပြည်သူများ၏အကျိုးကို ရှေးရှုပြီး ဆောင်ရွက်ရန်၊ ပြည်သူများ အကူအညီတောင်းခံလာသည်ကို ဥပဒေနှင့်ညီညွတ်ပါက ကြန့်ကြာမှုမရှိအောင် ချက်ချင်းလုပ်ဆောင်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့်ပြည်နယ်အစိုးရ၏ စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဖြင့် စံချိန် စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ ဘဏ္ဍာငွေအသုံးစရိတ်များသုံးစွဲရာတွင် ဖြုန်းတီးရာမကျဘဲ ထိရောက်အကျိုးရှိအောင် စိစစ်သုံးစွဲကြရန်၊ ဝန်ထမ်းများသည် မိမိတို့အတတ်ပညာဖြင့် ဥပဒေနှင့်အညီ အဂတိကင်းစွာဖြင့် ပြည်သူများအကျိုးကို ထမ်းဆောင်ရန် စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပြီး တင်ပြထားသော ဒေသအလိုက် ဖွံ့ဖြိုးရေးဆိုင်ရာများ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို အနှစ်ချုပ်တင်ပြဆွေးနွေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်များအတွက် ဓာတ်ပုံနှင့် ဗွီဒီယို ရိုက်ကူးနည်းနှင့် ကွန်ပျူတာသင်တန်းဖွင့်

**တောင်ကြီး ဒီဇင်ဘာ ၇**

ပြစ်မှုများကို စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်ရေးတွင် ဓာတ်ပုံနှင့် ဗွီဒီယိုမှတ်တမ်းများ စနစ်တကျ ရိုက်ကူးတင်ပြနိုင်ရေး အခန်းကဏ္ဍမှာလည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်၍ ရဲတပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးသည့်အရည်အသွေး မြင့်မားလာစေရန်အတွက် ကွန်ပျူတာမွမ်းမံ၊ ဓာတ်ပုံနှင့် ဗွီဒီယိုသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ကကြီးမှူးပြီး တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ရဲအကူတပ်ဖွဲ့၌ ဒီဇင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်က အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။ သင်တန်းတွင် ဓာတ်ပုံသမိုင်း၊ ဓာတ်ပုံအယူအဆနှင့် အထားအသို၊ သတင်းဓာတ်ပုံအကြောင်း၊ ဓာတ်ပုံကောင်းတစ်ပုံရအောင် ရိုက်ကူးနည်း၊ ဒီဂျစ်တယ်ကင်မရာအကြောင်း၊ သတင်းဓာတ်ပုံလက်တွေ့ရိုက်ကူးခြင်း စသည်တို့ကို ရဲတပ်ဖွဲ့ဝင်သင်တန်းသား ၂၀ အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း ကန့်ဘလူမြို့၌ဖွင့်လှစ်

**ကန့်ဘလူ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးနှင့်လယ်ယာကဏ္ဍ ဖွံ့ဖြိုးပြီး ကျေးလက်နေတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် ဒေသနှင့်ကိုက်ညီသော လယ်ယာသုံး စက်ကိရိယာများ အသုံးပြုတတ်လာစေရေး ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၆)ကို ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၀) ထွန်စက်စခန်း၌ ဒီဇင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

"လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ် ကူးပြောင်းရောက်ရှိနိုင်ရန်၊ လယ်ယာသုံး စက်ကိရိယာများကို ထိရောက်စွာပြောင်းလဲတပ်ဆင် အသုံးပြုတတ်ရန်နဲ့ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုကို တောင်သူတွေကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင်စွာ ပြုလုပ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်"ဟု ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဘိုအေးက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

သင်တန်းတွင် လယ်ယာသုံး စက်ကိရိယာများ၏ အခြေခံသဘောတရားများနှင့် မောင်းနှင်ခြင်း၊ကိုင်တွယ်ထိန်းသိမ်းမှုပြုလုပ်ခြင်းများကို ဒီဇင်ဘာ ၅ ရက်မှ ၁၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ ဦးတက်ရောက်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲကျင်းပ

**နမ့်ဆန် ဒီဇင်ဘာ ၇**

ငှက်ဖျားနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ (CESVI)က ဦးဆောင်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်ခဲ့သည့် လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် နမ့်ဆန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းအောင်က ကျေးရွာအသီးသီးမှ လူထုကျန်းမာရေးလုပ်သားသင်တန်း တက်ရောက်ပြီးသူများအနေဖြင့် မိမိတို့ကျေးရွာများတွင် ကျန်းမာရေးစေတနာ့ဝန်ထမ်းအလုပ်ကို ပါဝင်ကူညီဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ဝေးလံခေါင်သီသော ဒေသများ၌ အရေးပေါ်လူနာများ ရှိလာပါက မြို့နယ်ဆရာဝန်ကြီးများနှင့်ချိတ်ဆက်ပြီး လိုအပ်သောဆေးဝါးအကူအညီများ ပေးအပ်ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်သောသင်တန်းသားများအား ထူးချွန်ဆုများနှင့် ထူးချွန်ကျေးရွာ ငါးရွာအတွက် ဆေးသေတ္တာတစ်လုံးစီကို ပေးအပ်ခဲ့ပြီး သင်တန်းဆင်းသည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာအသီးသီးမှ ကျန်းမာရေးစေတနာ့ဝန်ထမ်း ၃၃ ဦး တက်ရောက်ပြီး သင်တန်းကာလ တစ်လတိတိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ပန်းတောင်းမြို့ ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် ထုံးဘိုကျေးရွာအုပ်စုအသင်းနှင့် နတ်မောက်ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကာ နှစ်ဂိုးစီသရေကျခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

### ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကမ္ဘာ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အမှာစကားပြောကြားကာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

### ပြည်ထောင်စုလွှတ်တော်၏ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ပေးအပ်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ပေးအပ်ပွဲကို ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့ပြီး ဘီးလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၂၁ ရွာမှ အုပ်ချုပ်ရေးမှူးများထံသို့ ပထမအကြိမ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၇၄၀ ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အဆိုပါ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ရပ်ကွက်နှင့် ကျေးရွာများအတွင်း လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ ကျောင်းများတွင် ပရိဘောဂများ ဖြည့်တင်းခြင်း၊ ရေနုတ်မြောင်းများပြုလုပ်ခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း အစရှိသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထူးနောင်(ပြန်/ဆက်)**

### ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၁၆) ဖွင့်ပွဲကို မန်စီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းတွင် သင်တန်းနည်းပြများအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အတူ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးများနှင့် ဌာနဆိုင်ရာအချို့မှ တာဝန်ရှိသူများက သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၉ ရက်အထိ ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား ၆၃ ဦး တက်ရောက်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းဖွင့်

ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်စနစ်ဆိုင်ရာ ဆင့်ပွားသင်တန်းကို လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ဒီဇင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးယုနိုင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်များအကြောင်းကို ရဲတပ်ဖွဲ့ဝင် ၁၅ ဦးအား သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကာ (၂၅)ကြိမ်မြောက်ဖွင့်လှစ်သည့်သင်တန်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ကိုယ်စိတ်ချမ်းသာ ဖူးမြော်ရတော့မည့် မန်းရွှေစက်တော်

ဇေယျာတု(မကွေး)

လူတွေရဲ့လယ်ယာကိုင်းကျွန်းတွေကို ဖျက်ဆီးခဲ့တာကြောင့် ထောင်ချောက်ဆင်သတ်ခံရ၊ သူ့အသားကို ခွဲဝေလိုးဖြတ်၊ ကြော်ချက်စားခံရရှာတဲ့ အကောင်ကြီးကြီး၊ ဦးချိုထွားထွား နွားလားဥသဘကြီးဟာ ဂေါတမဘုရားရှင်ပွင့်တော်မူပြီးတဲ့ အခါ မန်းတောင်ဝန်းကျင်မှာ မုဆိုးကျော်ကြီးလုဒ္ဒကဖြစ်ခဲ့ပြီး သတ်ဖြတ်ခဲ့သူတွေကတော့ သမင်၊ ဂျီ၊ ဆိုင်၊ ဆတ်၊ တောဝက်များ ဖြစ်ခဲ့တယ်လို့ သမိုင်းရှိခဲ့ပါတယ်။

အသားဝယ်တဲ့ဖောက်သည် ၉၉ ဦးတောင် ရှိခဲ့တဲ့ မုဆိုးကျော်ကြီးရဲ့အကုသိုလ်ကုန်၊ ကျွတ်ချိန်ဆိုက်တာကြောင့် သိကြားမင်းဟာ မုဆိုးယောင်ဖန်ဆင်းပြီး ကတိသစ္စာကို အကြောင်းပြုတရားရစေခဲ့တဲ့အခါ ယောနကတောအတွင်း အမြင့်ဆုံး တောင်ထိပ်ပေါ် တရားကျင့်တဲ့ သစ္စဗန္ဓ ရသေ့ကြီးဘဝကို ကူးပြောင်းသွားခဲ့ရပါတယ်။

မြန်မာပြည်ရဲ့ ပထမဆုံးသောရဟန္တာအရှင်မဟာပုဏ္ဏ ပင့်ဆောင်မှုကြောင့် စန္ဒကူးနံ့သာကျောင်းတော်ကြီး အလှူခံ ကြွလာတဲ့ ဘုရားရှင်နဲ့သံဃာအပါး ၅၀၀ ဟာ ရသေ့ကြီးရှိရာ မန်းတောင်မှာ ရပ်တန့်ပြီး သစ္စာတရားတွေ ဟောခဲ့ပါတယ်။ ကျောင်းတော်ကြီးအလှူခံပြီးအပြန်မှာတော့ နမ္မဒါနဂါးမင်းရဲ့ တောင်းပန်မှုနဲ့ နမ္မဒါမြစ် (မန်းချောင်း)ရဲ့ တစ်ဖက်ကမ်းမှာ ဝဲဘက်ခြေတော်ရာတစ်ဆူ(အောက်စက်တော်ရာ)၊ မန်းချောင်းရဲ့တစ်ဖက်ကမ်း မန်းတောင်ပေါ်မှာ ရသေ့ကြီးတစ်ဖြစ်လဲ အရှင်သစ္စဗန္ဓမထေရ်ရဲ့ တောင်းပန်လျှောက်ထားမှုကြောင့် ဝဲဘက်ခြေတော်ရာတစ်ဆူ (အထက်စက်တော်ရာ) တို့ကို ကိုးကွယ်ဖို့ အခွင့်ရရှိခဲ့ပါတယ်။

စက်တော်ရာနှစ်ဆူကိုအကြောင်းပြုလို့ ကောင်းမှုကုသိုလ် ပွားများရာ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီး ကျင်းပဖို့ အချိန်လည်း နီးကပ်လို့လာခဲ့ပါပြီ။ အကုသိုလ်မှ ကုသိုလ် အဖြစ်ပြောင်းလဲရာ သမိုင်းအစဉ်အလာရှိခဲ့ရာကနေ ကုသိုလ်ကနေ အကျိုးစီးပွားရှေ့တန်းတင်လွန်းတဲ့ ပွဲတော်ကြီးအဖြစ် ပြောစမှတ်ပြုစရာ ခေတ်တစ်ခုကိုလည်း ကြုံခဲ့ရပြီးပါပြီ။

မြန်မာပြည်တစ်နံတစ်လျားက ဘုရားဖူးကားတွေရဲ့ရှေ့မှာ ဖြတ်သန်းခတောင်းဖို့ ဆင်ထားတဲ့မောင်းတံတွေ၊ ကြယ် အဆင့်သတ်မှတ်ထားတဲ့ဟိုတယ်မှာ တည်းသလောက် ငွေယူဖို့ စောင့်နေတဲ့ ခနိမိုးထရံကာအခန်းသေးသေးလေးတွေ ပုတ်ပြတ်ရောင်းထားတဲ့ အလှူခံပုံးတွေစတဲ့ အမြတ်ကြီးစားမှုတွေရဲ့ဒဏ်ကို လာဖူးသမျှ ခံဖူးကြမှာပဲဆိုတာ မေးဖို့လည်း လိုမယ်မထင်ပါဘူး။

အခုရောလို့ မေးရင်တော့ ပြောစရာတွေရှိနေပါတယ်။ ဂေါပကတစ်ဖွဲ့လုံးကို အသစ်ပြောင်းလိုက်ပါပြီ။ တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုက်ရိုက်ခန့်တဲ့အဖွဲ့ဝင် ငါးဦး၊ ရွေးချယ်ရေး ကော်မတီဖွဲ့ပြီး လျှောက်ထားသူ ၇၉ဦးထဲက စိစစ်ရွေးချယ်ခဲ့တဲ့ မင်းဘူးမြို့၊ စကုမြို့၊ ငဖဲမြို့တို့က အဖွဲ့ဝင်သစ် ၁၄ ဦး စုစုပေါင်း ၁၉ ဦး ပါဝင်တဲ့ အရပ်သားစစ်စစ်ဂေါပကအဖွဲ့ကို နိုဝင်ဘာလ ၃၀ ရက်နေ့က ဖွဲ့စည်းခဲ့ပြီးပါပြီ။ အဂတိတရားတွေရှိလာရင် ချက်ချင်းပြောင်းလဲနိုင်ဖို့ အရန်ဂေါပက ခြောက်ဦးကိုလည်း သတ်မှတ်ထားပြီးပါပြီ။

မကွေးတိုင်းဒေသကြီးအနေနဲ့ ရွေးကောက်ပွဲမှာ ရာခိုင်နှုန်းပြည့်အနိုင်ရပြီး ပြည်သူတွေကိုယ်တိုင် ယုံကြည်တဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနဲ့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာတို့က နာယကများအဖြစ် ကြီးကြပ်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဦးနေမျိုးကျော်က 'မန်းရွှေစက်တော်မှာ ဒီနှစ်တော့ ဘုရားဖူးပြည်သူ တွေစိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ဖူးမြော်နိုင်ပါလိမ့်မယ်။ တည်းကျောင်းခဈေးကြီးတာတွေအပြင် အခြားစိတ်အနှောင့် အယှက်ဖြစ်စရာတွေ လျော့ပါးသွားအောင် လုပ်ဆောင်သွားပါမယ်။ တည်းကျောင်းခတွေကို ပွဲတော်ကာလအစအဆုံး ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းအတိုင်းရှိစေဖို့ ကြိုးစားသွား ပါမယ်'လို့ ကတိပြုပြောကြားလိုက်ပါတယ်။

၁၀၀ ရာခိုင်နှုန်းပြောင်းရမယ်လို့ ပြောမယ်ဆိုရင်တော့ ဖြစ်နိုင်ခြေအရရော၊ ယုတ္တိဗေဒအရရော ယုံဖို့ခက်ခဲပါလိမ့်မယ်။ ၈၀ရာခိုင်နှုန်းတော့ ပြောင်းအောင်လုပ်မယ်လို့ သူကဆိုပါတယ်။

ဂေါပကဟောင်းနဲ့ ဆက်စပ်တဲ့ လူပုဂ္ဂိုလ်တချို့လည်း အတိတ်ဟောင်းက ပြုပြင်စရာအချို့ကို ဒီလိုပြောပါတယ်။ 'ဂေါပကအဖွဲ့ဝင်တွေ စည်းလုံးမှုမရှိဘူး။ တည်းခိုဆောင်တွေ ရိုက်ချက်ပြင်းတယ်။ စားသောက်ဆိုင် အတော်များများကလည်း ဈေးနှုန်းမှန်မရောင်းတာတွေရှိနေတယ်။ ပွဲတော်ဝင် မောင်းတံဂိတ်က ဘုရားဖူးတွေအပေါ် မောက်မာညစ်ပတ်ပြီး အတောင်းအရမ်းရဲတယ်။ သောင်ပြင်မှာရှိတဲ့လူတွေထဲက ၉၀ ရာခိုင်နှုန်းလောက်က ဒေါသ၊ မောဟတွေ ဖုံးနေတယ်။ တည်းခိုဆောင်တွေ၊ ဈေးဆိုင်ခန်းတွေက မိုးမလုံ၊ လေမလုံ၊ ကြယ်မြင်လမြင်နဲ့ ကန်ထရိုက်တွေ ရိုက်ချက်ပြင်းတယ်။ အလစ်သုတ်တဲ့ သူတွေလည်း မနည်းလှဘူး'လို့ ဆိုပါတယ်။

ကြီးတွေ၊ နိုင်ငံတော်အဆင့် အကြီးအကဲတွေ တည်းခိုဖို့ကို အဓိကထားလုပ်ဆောင်ရုံမှတစ်ပါး ဘုရားဘဏ္ဍာငွေနဲ့ဆောက်တဲ့အခွင့်ထူးခံ နမ္မဒါတည်းခိုဆောင် (ချောင်းအထက်ပိုင်းက အမိုးစိမ်းတည်းကျောင်းများ)ကို အရင်နှစ်တွေတုန်းကလို အရှုံးမပေါ်ဖို့၊ နှစ်စဉ်သစ်ဝါးတွေနဲ့ တည်ဆောက်ရတဲ့ တည်းကျောင်းတွေနဲ့ ပတ်သက်တဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့၊ တင်ဒါ ၅၂ မျိုးအတွက် လုပ်ငန်းတွေ အကဲ့ရဲ့လွတ်စေဖို့ စတဲ့လုပ်ငန်းစဉ်တွေဟာ ပြန်လည်အစပျိုးမှုတစ်ခု အဖြစ်ပဲ ရှိနေပါသေးတယ်။

၇၆ ရက်တာ ကာလလေးအတွင်းရှိတဲ့ ဘုရားပွဲတော်ရဲ့ ပုံရိပ်ဟာ တိုင်းဒေသကြီးအစိုးရရဲ့ စွမ်းဆောင်ရည်ကို တိုက်ရိုက်ညွှန်းဆိုမှုပြုလိမ့်မယ်လို့ ယူဆရင်လည်းရပါတယ်။ ဝန်ကြီး ဦးနေမျိုးကျော်ကတော့ အစိုးရသစ်တက်ခါစကာလမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်၊ လွှတ်တော်ကတာဝန်ပေးတဲ့ ရွှေစက်တော်ရေးရာနဲ့ပတ်သက်တဲ့ကော်မတီဥက္ကဋ္ဌအဖြစ် မန်းရွှေစက်တော်ကို ရောက်ရှိခဲ့ပြီး 'ရွှေစက်တော်မှာVIP မရှိရဘူး၊ No VIP' လို့ ပြတ်ပြတ်သားသားပြောဆိုခဲ့ဖူးပါတယ်။



မကွေးမြို့မှ ၃၇မိုင်၊ ပုသိမ်မြို့နှင့် မုံရွာမြို့တို့မှ ၂၇၅ မိုင် အကွာအဝေးစီ အလယ်မှာတည်ရှိတဲ့ ပုသိမ်-မုံရွာလမ်းမကြီးက အတွင်းဘက်ကို သုံးမိုင်လောက်ပဲ ဝင်ရတဲ့နေရာမှာ မန်းရွှေစက်တော် တည်ရှိပြီးတော့ ဘုရားဖူးအပြန်မှာ အပန်းဖြေစရာ ဆည်တော်ဆိုတဲ့ နေရာလေးတစ်ခုလည်းရှိ ပွင့်ဖြူမြို့နယ်ထဲက စန္ဒကူးနံ့သာကျောင်းတော်ရာ၊ မင်းဘူးမြို့က စက္ကိန်းတဲတောင်၊ နဂါးပွက်တောင် တို့ကိုလည်း ဝင်ရောက်လေ့လာနိုင်ပြီး မကွေးမြသလွန်မှာ တစ်ထောက်နားရင်း ကုသိုလ်တွေပွားနိုင်

ဂေါပကရုံးနဲ့ ကပ်နေတဲ့အလှူခံမဏ္ဍပ်ရှေ့မှာ အမြဲတမ်း လောက်ပိတ်နေတဲ့ ကားတွေ၊ ဈေးသည်လေးတွေအတွက် လည်း ဘုရားဖူးပြည်သူတွေအနှောင့်အယှက်မဖြစ်ရအောင် နေရာလေးစနစ်တကျဖြစ်စေဖို့ လိုနေပါတယ်။ ဈေးဆိုင်တွေ လမ်းရှေ့ကျူးနေတာ၊ တည်းကျောင်းတွေ သတ်မှတ်နေရာ ထက်ပိုပြီး ချဲ့ထွင်ထားတာ၊ မန်းချောင်းရေထဲ အထည် ဆိုးဆေးတွေသွန်တာ၊ သားစိမ်းငါးစိမ်းတွေ ပွဲတော်တွင်းရောင်းတာ စတာတွေကို ပြင်ရပါလိမ့်မယ်။ ပင်ပန်းဆင်းရဲတဲ့ ပရဟိတ အဖွဲ့လေးတွေ၊ ကြက်ခြေနီ၊ မီးသတ်တွေ၊ ရဲတပ်ဖွဲ့ဝင် ရဲဘော်လေးတွေအတွက် ထောက်ပံ့မှုကောင်းကောင်းလေး လုပ်ပေးဖို့လည်း မမေ့သင့်ပါဘူး။

ဂေါပကအဖွဲ့သစ်နဲ့ ကြီးကြပ်သူပုဂ္ဂိုလ်များအနေနဲ့ လုပ်ဆောင်ရမှာတွေက အနုစိတ်ပါတယ်။ ဆရာတော်၊ သံဃာတော်

ဒီနှစ်ပွဲတော်ကာလမှာ တာဝန်ရှိသူတွေဘက်က ချို့ယွင်းပျက်ကွက်မှု၊ မှားယွင်းမှုတွေရှိရင် ထောက်ပြဝေဖန်ဖို့၊ ကောင်းမွန်တဲ့လုပ်ဆောင်ချက်တွေတွေ့ရင်လည်း ပြည်သူတွေ သိအောင် သတင်းစကားပါးပေးဖို့ သတင်းသမားတစ်ယောက်ဘဝကို ခံယူဖူးခဲ့တဲ့ ဝန်ကြီးဦးနေမျိုးကျော်က ဒေသတွင်းမီဒီယာများကို ပြောကြားခဲ့ပါတယ်။

ချောမွေ့ပြေပြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ကောင်းမွန်သောဝန်ဆောင်မှု၊ အားကိုးစိတ်ချရမည့် ကျန်းမာရေးစောင့်ရှောက်မှုတို့အပြင် ခမ်းနားထည်ဝါသော သာသနိကအဆောက်အအုံများ၊ ကုသိုလ်တရားပွားများစရာ စက်တော်ရာမြတ်နှစ်ဆူတို့က ဘုရားဖူးများအတွက် လာခဲ့ရသမျှ အဟောသိကံ ဖြစ်စေမှာမဟုတ်ဘူးလို့ ပြောရတော့မှာပါပဲ။

မန်းချောင်းရေအေးအေးလေးစိမ်ရင်း၊ ဒေသထွက်အစားအစာလေးတွေစားရင်း၊ အမှတ်တရလက်ဆောင်နဲ့ ရှားပါးဆေးဖက်ဝင်ပစ္စည်းလေးများ ရနိုင်တဲ့နေရာ၊ ကမ္ဘာ့ရှားပါးမျိုးစိတ်များဖြစ်တဲ့ ရွှေသမင်နဲ့ကြယ်လိပ်လေးတွေ တွေ့ခွင့်ရတဲ့နေရာ၊ တပို့တွဲလဆန်း (၅)ရက်နေ့ကနေ အတာသင်္ကြန်နှစ်ဆန်း(၁)ရက်နေ့အထိ ကျင်းပတဲ့ နှစ်သစ်ကူး နွေဦးပွဲတော်၊ အထက်စက်တော်ရာက ကြည့်လိုက်ရင် တစ်သက်မမေ့စရာ ကြုံရမယ့် ညရှုခင်းတွေ --- ရောက်ဖူးသူများအတွက်တော့ အထူးညွှန်းဆိုဖို့ လိုမယ်မထင်ပါဘူး။

မုဆိုးတောင်၊ သိကြားပုန်းတောင်၊ ရဟန္တာခြေတော်ရာ၊ ဓာတ်တော်စေတီ၊ ဘုရားရှင်ရပ်တော်မူခဲ့ရာ တန့်တော်ဦးစေတီ၊ နဂါးမင်းက ခြေတော်ရာချထားဖို့တောင်းပန်တဲ့ တောင်းပန်ရစေတီ စတဲ့နေရာတွေကိုလည်း ရောက်ဖူးစေချင်ပါတယ်။

မကွေးမြို့မှ ၃၇မိုင်၊ ပုသိမ်မြို့နှင့် မုံရွာမြို့တို့မှ ၂၇၅ မိုင် အကွာအဝေးစီ အလယ်မှာတည်ရှိတဲ့ ပုသိမ်-မုံရွာလမ်းမကြီးက အတွင်းဘက်ကို သုံးမိုင်လောက်ပဲ ဝင်ရတဲ့နေရာမှာ မန်းရွှေစက်တော်တည်ရှိပြီးတော့ ဘုရားဖူးအပြန်မှာ အပန်းဖြေစရာ ဆည်တော်ဆိုတဲ့ နေရာလေးတစ်ခုလည်းရှိနေပါသေးတယ်။ ပွင့်ဖြူမြို့နယ်ထဲက စန္ဒကူးနံ့သာကျောင်းတော်ရာ၊ မင်းဘူးမြို့က စက္ကိန်းတဲတောင်၊ နဂါးပွက်တောင်တို့ကိုလည်း ဝင်ရောက်လေ့လာနိုင်ပြီး မကွေးမြသလွန်မှာ တစ်ထောက်နားရင်း ကုသိုလ်တွေ ပွားနိုင်ပါသေးတယ်။

အခြားလေ့လာချင်တာတွေ ရှိသေးတယ်ဆိုရင်တော့ မင်းလှမြို့က ခံတပ်ကြီးကိုဝင်၊ အဲဒီကနေ မြစ်အရှေ့ခြမ်းကို တံတားကဖြတ်၊ သမိုင်းဝင်မြင်ကွန်းမြို့ဟောင်းကိုသွားပြီး ဘုရားတွေဖူးနိုင်ပါတယ်။ မြင်ကွန်းကနေ မကွေး-တောင်တွင်းလမ်းပေါ်ပြန်တက်ပြီး ဗိဿနိုးမြို့ဟောင်းကြီးကိုဝင်ခဲ့မယ်ဆိုရင်တော့ စာရေးဆရာနိုင်ဝင်းဆွေရဲ့ 'မဟူရာမေတ္တာ' ကို ဖတ်ဖူးသူများအဖို့ လွမ်းမောစရာ အတိတ်ပန်းချီကားတစ်ချပ်ကို ခံစားခွင့်ကြုံရမှာပါပဲ။ ရွှေစက်တော်ပွဲတော်ကို အကြောင်းပြုပြီး မကွေးကို ဂရုစိုက်မိကြမယ်ဆိုရင်တော့ လာရတာ တန်လိုက်တာ၊ ကျေနပ်လိုက်တာလို့ ခံစားကျေနပ်မိကြရမှာပါ။

ဆိုင်ခန်းပေါင်း ၅၀၀ကျော်၊ တည်းကျောင်းပေါင်း ၁၀၀၀ ကျော် ပါဝင်လေ့ရှိတဲ့ ရွှေစက်တော်ဘုရားမှာ လက်ရှိ အလှူငွေရှိတာက ကျပ်သိန်းပေါင်း ၃၇၀၀၀ ကျော်ဖြစ်ပြီး ပွဲတော်အတွက် သောင်ပြင်တဲ့လုပ်ငန်းတွေစတင်နေပါပြီ။ ဂေါပက အသစ်အတွက် စည်းမျဉ်းစည်းကမ်းတွေ ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးဆွဲနေပြီး သေချာတာတစ်ခုက ဂေါပကအဖွဲ့ဝင်များဟာ ပွဲတော်တွင်းကာလမှာ ဘယ်စီးပွားရေးလုပ်ငန်းနဲ့မှ ပါဝင်လုပ်ကိုင်ပတ်သက်ခွင့်မရှိဘူးဆိုတဲ့ အချက်ပါဝင်တယ်လို့ ကြားသိရပါတယ်။

သားသမင်တို့ကို သတ်ဖြတ်ခဲ့တဲ့မုဆိုးကြီး လုဒ္ဒကဟာ ရဟန္တာအရှင်မြတ်အဖြစ် ဗုဒ္ဓဘာသာဝင်တို့ရဲ့ အမွန်မြတ်ဆုံးနေရာကို ရောက်ရှိခဲ့ပြီး နှောင်းလူများ ကြည်ညိုဖူးမြော်စရာ ဓာတ်တော်တွေထားခဲ့တာကြောင့် အထက်စက်တော်ရာရင်ပြင်စောင်းတန်းထိပ်နားမှာ ဓာတ်တော်စေတီဆိုပြီး ဖူးခွင့်ရခဲ့ပါပြီ။ ဒါကြောင့်ရွှေစက်တော်ဟာ အကုသိုလ်စရိုက်မှ ကုသိုလ်စရိုက်တို့ ပေါက်ဖွားရာ အောင်မြေအမှန်ဆိုတာ ငြင်းကွယ်လို့မရပါဘူး။

ကိုယ်စိတ်နှလုံးသုံးပါးလုံး ချမ်းသာစွာဖူးမြော်ရတော့မယ့် စက်တော်ရာနှစ်ဆူကို မှန်းရွယ်ကြည်ညိုရင်း မင်းဘူးမြို့ ရပ်သာရွာဇာတိဖွား၊ ကုန်းဘောင်ခေတ် စကားပြေစာဆို ဆရာတော် မင်းဘူးဦးဩဘာသရဲ့ စာနဲ့ဆုတောင်းစကား ဆိုပါရစေ။

'ခြေတော်ရာကို၊ တစ်ခါရောက်လျှင်၊ သွားချင်နေကြ၊ လွန်တောင့်တ၍၊ ဟတ္ထသွယ်ပျောင်း၊ လက်ဆယ်ချောင်းကို၊ ဦးခေါင်းထိပ်တင်၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပါ၏။ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဘဝအမှန်၊ ထက်ရွာစံသည်၊ နိဗ္ဗာန်ရွှေမြို့ ရောက်စေသော် ----'

## မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူရေး စံကွက်ရိုတ်သိမ်း

ရမည်းသင်း ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၆၂) တောင်သူ ဦးသံချောင်း၏ လယ်မြေတွင် နိုဝင်ဘာလစတုတ္ထပတ်က မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းနှင့် အထွက်နှုန်းမှန်ကန်ရေးစံကွက်ရိတ်သိမ်းသည့် မနော်သုခ စပါးမျိုး ၀ ဒသမ ၁၀ ဧကစံကွက်ရိတ်သိမ်းဆောင်ရွက်ရာ အစို ၁၀၆ ဒသမ ၂၅ တင်းထွက်ရှိခဲ့သည်။ အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလင်းမြတ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်အေးနှင့် ခရိုင်၊ မြို့နယ်ဝန်ထမ်းများ ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ တက်ရောက်ကြသည်။

ရမည်းသင်းခရိုင်၌ မိုးစပါး ၇၉၄၇၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မိုးရွာသွန်းမှု ကောင်းခဲ့၍ စိုက်ပျိုးရေလုံလောက်စွာ ရရှိခဲ့ခြင်းကြောင့် ယခင်နှစ်ထက် အောင်မြင်ဖြစ်ထွန်းမှုများသဖြင့် စပါးအထွက်နှုန်းများ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ဆောင်းသီးနှံများလည်း အစိုဓာတ် လုံလောက်စွာရရှိပြီး တောင်သူများ စိုက်ပျိုးလျက်ရှိခြင်းကြောင့် လူမှုစီးပွားဘဝများ အဆင်ပြေလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးက ပြောသည်။

(မြန်မာ့အလင်း)

# ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ မကြာမီ ဖွင့်လှစ်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝဏ်ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းသို့ရောက်ရှိပြီး ပြည်သူများနေထိုင်ရေးအဆင်ပြေစေရန်အတွက် မကြာမီဖွင့်လှစ်တော့မည့် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ အကြိုဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝဏ်ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းရှိ Show Gallery တည်ဆောက်ပြီးစီးမှု Landscape နှင့် ကလေးကစားကွင်းတည်ဆောက်ပြီးစီးမှု၊ အိမ်ရာစီမံကိန်း၏ အချောသပ်လုပ်ငန်းများဆောင်ရွက်နေမှု၊ အဆောက်အအုံအမှတ် (၂၈/အေ)၏ Mockup Room နှင့် အခန်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများက ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာအကြိုဖွင့်ပွဲအတွက် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များမှာကြားသည်။

ပြည်သူများအဆင်ပြေစွာနေထိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့နှင့် အနီးဆုံးဖြစ်ပြီး သွားလာရေးလွယ်ကူအဆင်ပြေနိုင်သည့် ရောဝဏ်ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းကို ၂၀၁၃ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပမာဏကြီးမားသည့်အတွက် အဆောက်အအုံ ၄၉ လုံးအနက် ခြောက်လုံးသာ ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို မကြာမီဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်းရှိဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆောက်လုပ်ရေးနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဘဏ် ဖြစ်သည်နှင့်အညီ ဝင်ငွေနည်းပြည်သူများအိုးပိုင်၊ အိမ်ပိုင်လေးဖြင့် နေထိုင်နိုင်ရေးအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ပေးရန်လိုကြောင်း၊ အရည်အချင်းပြည့်မီသော ဘဏ်ဝန်ထမ်းများဖြစ်ရန် လုပ်ငန်းနှင့်ကျွမ်းကျင်သင်တန်းများတက်ရောက်ပြီး ဘဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားလုပ်ကိုင်ရန်မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဝါးခယ်မတွင် ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဝါးခယ်မ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျောင်းကျန်းမာရေးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ကျောင်းကျန်းမာရေးဌာနတာဝန်ခံ ဆရာဝန် ဒေါက်တာချမ်းမြေ့လှိုင်၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ခင်သူဇာတင်နှင့် ကျောင်းကျန်းမာရေးအဖွဲ့တို့က ကျောင်းသားကျောင်းသူများ၏ အထွေထွေရောဂါများ၊ သွားနှင့်ခံတွင်းရောဂါများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုစသည်တို့ကို စစ်ဆေးပေးပြီး လိုအပ်သော ကလေးသူငယ်များအား ဆေးကုသမှုဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး စစ်ဆေးခြင်း၊ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချသော စားသောက်ကုန်များ သန့်ရှင်းမှုရှိမရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးပေးပြီး ဆိုင်ရှင်များအား ကျန်းမာရေးအသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ Royal 35 အသင်းအနိုင်ရရှိ

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီကကြီးမှူး၍ တေးရေးအဆိုတော် လင်းလင်း၏ အဓိကပံ့ပိုးမှုဖြင့် Colour Box Cup ကလပ်အသင်းပေါင်းစုံဘောလုံး ပြိုင်ပွဲဒုတိယရှုံး/ထွက်ပွဲစဉ်များကို မန္တလေးမြို့ဗထူးအားကစားကွင်း၌ကျင်းပလျက်ရှိရာ ယနေ့ပွဲစဉ်တွင် Royal 35 အသင်းက Glory FC အသင်းကိုသုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားပြီး ဒီဇင်ဘာ ၈ ရက်တွင် Royal 35 အသင်းသည် ဒီဇင်ဘာ ၇ ရက်က အားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော Academic United FC အသင်းနှင့် အကြိုဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်အသင်းနှင့် ကုန်စည်ဒိုင် အသင်းတို့ရှုံး/ထွက်ပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မြောက်ဦးမြို့၌ မြို့တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**မြောက်ဦး ဒီဇင်ဘာ ၇**


ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပသည့် မြို့တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိက အမှာစကားပြောကြားသည်။ မိမိတို့ဒေသရှိ မြို့လူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ မိမိတို့နယ်မြေဒေသရှိ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အနုပညာပစ္စည်းများ၊ အသုံးအဆောင်လက်မှုပစ္စည်းများကို မိမိတို့ရုံး၌ ပြခန်းပြုလုပ်၍ မှတ်တမ်းတင် စီစဉ်ထားရှိပြီးဖြစ်ကြောင်း ပြောကြားသည်။

မြို့လူမျိုးတို့၏ ဝတ်စားဆင်ယင်မှု မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းမြို့လူမျိုးတို့ အသုံးပြုခဲ့သည့် တူရိယာပစ္စည်းများကို အများပြည်သူကြည့်ရှုနိုင်ရန် မြောက်ဦးခရိုင်ရုံး၌ ဖွင့်လှစ်ပြသလျက်ရှိသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားမျိုးနွယ်စုပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒေါ်ရောက်ခူကျေးရွာအနီးရှိ ဘိန်းခင်းများ သွားရောက်ဖျက်ဆီး



**ဒီးမော့ဆို ဒီဇင်ဘာ ၇**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ လွိုင်ကော်မူးယစ်တပ်ဖွဲ့စု(၂၀)မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးငြိမ်းချမ်းဦးစီးတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ က ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် ဒေါ်ရောက်ခူကျေးရွာ၏ အနောက်ဘက် ၂ မိုင်ခန့်အကွာရှိ ဘိန်းခင်းများကို စုပေါင်း၍ သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဘိန်းခင်းများဖျက်ဆီးရာ၌ ဒေါ်ရောက်ခူကျေးရွာ၏ အနောက်ဘက် ၂ မိုင်ခန့်အကွာတွင် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ကို ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာ ရွာအဝင်လမ်းဖွင့်ပွဲကျင်းပ

**ချောင်းဦး ဒီဇင်ဘာ ၇**

ကိုရီးယား-မြန်မာ ဆယ်မားအူလ်အွန်ဒုံ စီမံကိန်းဖြင့် ဆောင်ရွက်သော စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာ ရွာအဝင်လမ်းနှင့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် ကမ္ပည်းဆိုင်းဘုတ် ဖွင့်ပွဲကို ဒီဇင်ဘာလပထမပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွာအဝင်လမ်းကို မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် ဦးဝင်းမြင့်ခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကြည်က ဆယ်မားအူလ် အွန်ဒုံ စီမံကိန်းဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ယနေ့ဖွင့်လှစ်သော ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာ ရွာအဝင်လမ်းမှာ အရှည်ပေ ၈၅၀၀ ရှိပြီး အဆိုပါလမ်းကို ကိုရီးယား-မြန်မာ ဆယ်မားအူလ်အွန်ဒုံစီမံကိန်းမှ ငွေကျပ် ၁၃၉၆၀၀၀၀ နှင့် ကျေးရွာပြည်သူ လူထုထည့်ဝင်ငွေကျပ် ၁၃၂၉၉၀၀၀ စုစုပေါင်းငွေကျပ် ၂၇၂၅၉၀၀၀ ဖြင့် မြေသားမြှင့်တင်ကာ ဂျင်းလမ်းခင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းဖွင့်လှစ်

**မြစ်ကြီးနား ဒီဇင်ဘာ ၇**

ကချင်ပြည်နယ်မြစ်ကြီးနားခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းအမှတ်စဉ်(၂/၂၀၁၆)ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဖွင့်ပွဲကို မြစ်ကြီးနားမြို့ ရန်ကြီးအောင် ရပ်ကွက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ဒီဇင်ဘာ ၆ ရက်က ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းဖွင့်ပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ညိုညိုက သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် နည်းပြအဖွဲ့ဝင်များက ကြီးကြပ်(၂)သင်တန်းသားသင်တန်းသူ ၆၄ ဦးကို ခြောက်လတာကာလအတွင်း လိုက်နာရမည့်ကျင့်ဝတ်၊ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ မိသားစု ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတိုးတက်မှု၊ ကူးစက်ရောဂါနှိမ်နင်းကာကွယ်ရေး၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဖွား၊ သေစာရင်း အင်းနှင့်စာရင်းအင်းကောက်ယူခြင်း အစီရင်ခံစာရေးသားနည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ**

# ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဟသ်ာတ ဒီဇင်ဘာ ၇**


ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ဓမ္မိကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေပေးဝေရေးလုပ်ငန်း စက်ရေတွင်း လေးလက်မအကျယ်၊ အနက်ပေ ၆၀၀ တူးဖော်ခြင်းလုပ်ငန်းနှင့်ရေအရည်အသွေးစမ်းသပ် စစ်ဆေးခြင်းလုပ်ငန်းများပြီးစီးမှုကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရေစက်ရုံနှင့် အမြင့်တင်ရေစင်ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကွမ်းခြံကုန်းကျေးရွာရှိ အိမ်ထောင် ၅၃ စုမှ လူဦးရေ ၂၇၃ ဦးတို့၏ ရေလိုအပ်ချက်ပမာဏကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

ကသာမြို့
အာစရိယ ပူဇော်ပွဲ
အ.ထ.က(၁)
ကျောင်းတော်သူ၊ ကျောင်းတော်သားများ
ပြန်လည်တွေ့ဆုံပွဲ





ဖက်ဆွတ်အလှမ်းနဲ့ လှမ်းခေါ်မည်

31.12.2016 to 1.1.2017

ကသာ - ဦးဖေသိန်း ၀၉၂၅၈၃၃၃၅၁၈ မန္တလေး - ဦးထွန်းမြင့် ၀၉၂၀၁၃၈၁၈ ရန်ကုန် - ဦးမျိုးဝင်း ၀၉၇၃၁၁၀၀၈၆


# အမည်ပြောင်း

ဦးလှိုင်မိုး၏သမီး တ/ဥက္ကလာ၊ အလက(၁) ဆဋ္ဌမတန်းမှ မထူးထူးသဇင်မိုးအား မမြတ်သူခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE-7884 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/1997 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**


ကသာမြို့နယ် အင်းရွာ အခြေခံပညာအထက်တန်းကျောင်း (၂၀၂၂-ခုနှစ်၊ စိန်ရတုအကြို)

# မြတ်ဆရာပူဇော်ပွဲ

၂၀၁၅ - ခုနှစ်အထိ အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစားယူပြီးသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသူ/သားဟောင်းများက ပူဇော်မည်ဖြစ်ပါ၍ ပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - အင်းရွာ - ဆရာဦးမျိုးမြင့်ဇော် (၀၉-၂၅၉၂၀၇၁၁၂)
အင်းရွာ - ဦးကျော်ဇင်ထွန်း (၀၉-၂၅၉၄၅၇၈၅၇၊ ၀၉-၇၉၈၀၀၇၁၂၅၀)

နံနက်(၉)နာရီအချိန်တွင် ကွယ်လွန်သူ ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ ဆွမ်းကပ်လှူပူဇော်ပြီး ဧည့်ခံကျွေးမွေးရန် စီစဉ်ထားပါသည်။






# သီပေါမင်း၏ဘဝနေဝင်ချိန်
နှင့်
# အခြား သုတ၊ ရသ စာစုများ

နန္ဒာမောင်၊ သံဖြူဇရပ်၊

ပင်ရင်းဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင်စာပေထုတ်လုပ်ဖြန့်ချိရေး ဖုန်း-၀၉ ၄၂၀၅၆၃၅၄

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ် များလိုသူများ အတွက်

# ဂုဏ်ထူး ဦးအောင်ခိုင်

2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919



အရွယ်မရွေးသုံးစွဲပေး
# ရွှေသွေး ရင်လူးဆေး
"ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်"

အဆုတ်အအေးမိခြင်း၊ အစားမှားခြင်းကြောင့်ဖြစ်တတ်သော ချောင်းဆိုး၊ ချွဲကြပ်၊ ရင်ပြည့်၊ ရင်ကယ်၊ လေထိုး လေအောင့်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်၊

ပင်ရင်း ယခုလိပ်စာအသစ် ။ ။ မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR-005458 (0317) ဖုန်း၊-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

# Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)

Auto
ELECTRICAL & ELECTRONIC PRODUCTS



ဂျေအတွက်ဆို
Auto ဂိုတယ်၊
အာမခံ (တစ်နှစ်)

ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
၁။ မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှ စောင့်ဆိုင်း၍ ရေတင်ရန် မလိုအပ်ခြင်း။
၂။ ရေလျော့လျှင် ကွန်ပရက်ဆာအား အလိုအလျောက် မောင်းနှင်ပေးပြီး ရေပြည့်သည့်အခါ အလိုအလျောက် ရပ်တန့်စေခြင်း။
၃။ လျှပ်စစ်မီးအား ၁၆၀V နှင့် ၂၄၀ V အကြားရှိမှသာ ကွန်ပရက်ဆာအား မောင်းနှင်ခြင်း။
၄။ လေဘားအား အလိုအလျောက်အဖွင့်/အပိတ်ပြုလုပ်ပေးသော စနစ်ပါရှိခြင်း။
၅။ အချက်ပြမီးအမျိုးမျိုးနှင့် အခြေအနေပြအသံစနစ် အမျိုးမျိုးတို့ပါရှိခြင်း။

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)

အမှတ်(၁) စက်မှုဝန်ကြီး ဌာနလျှပ်စစ် စစ်ဆေးရေး အဖွဲ့၏ ခွင့်ပြုမိန့် ရရှိပြီး

အမှတ်(၂၇၄)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၁၇၈၃၄၆၊ ၀၁ ၂၅၀၉၃၃
ရဲထွန်းကို(နေပြည်တော်) ၀၉၄၂၀၇၄၅၆၅၇၊ ၀၉၄၂၀၇၃၅၀၇၅
web : autoproductmm.com ; autoelectronicproducts.com


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၂ယ/၅၅၇၇၇ TARYAN 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမင်းနိုင် ၁၃/ရစန(နိုင်)၀၈၂၈၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်)**

# မြန်မာနိုင်ငံအပေါ် အဖွဲ့အစည်းအချို့က ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်ဆောင်ရွက်နေ မဟုတ်မမှန်သတင်းများဖြင့် ဝါဒဖြန့်မှုများကြောင့် နားလည်မှုလွဲမှားခြင်းမျိုး မဖြစ်ရန်လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

မလေးရှားနိုင်ငံဝန်ကြီးချုပ်နာဂျစ်ရာဇက်အနေဖြင့် ဒီဇင်ဘာ ၄ ရက်က ကွာလာလမ်ပူမြို့၌ လူထုဆန္ဒပြပွဲတစ်ရပ်ကို ဦးဆောင်ကျင်းပခဲ့ပြီး အခြေအမြစ်မရှိသည့်သတင်းများအပေါ်အခြေခံလျက် အာဆီယံမိသားစုဝင်နိုင်ငံတစ်နိုင်ငံ၏အစိုးရတစ်ရပ်အပေါ် ပြင်းထန်စွာ စွပ်စွဲပြောကြားမှုများပြုလုပ်ခဲ့ခြင်းအတွက် များစွာ အံ့သြစိတ်ပျက်မိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mohd. Haniff Bin Abd Rahman ကို ယမန်နေ့ မွန်းလွဲပိုင်းက ဆင့်ခေါ်၍ ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လူမျိုးတုံးသတ်ဖြတ်မှု၊ လူမျိုးစုသုတ်သင်ရှင်းလင်းမှုစသည့်မဟုတ်မမှန်စွပ်စွဲချက်များကိုလည်း ကန့်ကွက်ခဲ့ပြီး ယင်းကဲ့သို့ စွပ်စွဲချက်များသည် မြေပြင်ပေါ်ရှိ ပကတိအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိကြောင်းနှင့် ထိုသို့တာဝန်မဲ့ပြောကြားမှုက လူ့အသိုက်အဝန်းနှစ်ခုအကြား ကွဲပြားမှုများကို ပိုမိုကြီးမားလာစေနိုင်ပြီး အစွန်းရောက်အကြမ်းဖက်ဝါဒကို နှိုးဆွပေးသည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့်ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားလိုသည့် သဘောဆန္ဒကိုမလေးရှားသံအမတ်ကြီးအား ဒုတိယဝန်ကြီးက အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံအပေါ် အဖွဲ့အစည်းအချို့က ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်ဆောင်ရွက်နေသည့် မဟုတ်မမှန်သတင်းများဖြင့် ဝါဒဖြန့်မှုများကြောင့် နားလည်မှုလွဲမှားခြင်းမျိုးမဖြစ်ရန် လိုအပ်ကြောင်းနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❐



**လေယာဉ်ပျက်ကျရာတွင်ပါဝင်ခဲ့သည့် ဘရာဇီးကလပ်အသင်းအား Copa Sudamericana ချန်ပီယံဆုဖလားချီးမြှင့်**

စာ - ၁၁

## မလေးရှားသို့အလုပ်သမားလွှတ်မှု ခေတ္တရပ်ဆိုင်း

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲဖြစ်ရပ်များကြောင့် မြန်မာနိုင်ငံမှ ပြည်တွင်းလုပ်သားများအနေဖြင့် ပြည်ပမလေးရှားနိုင်ငံ လုပ်ငန်းခွင်သို့ သွားရောက်လုပ်ကိုင်မှုများကို ဒီဇင်ဘာ ၆ ရက်မှစတင်ကာ ခေတ္တရပ်ဆိုင်းတားမြစ်ထားကြောင်း မြန်မာနိုင်ငံအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လတ်တလောအခြေအနေတစ်ရပ်ကြောင့် အိမ်နီးချင်းမလေးရှားနိုင်ငံ လုပ်ငန်းခွင်သွားရောက်လုပ်ကိုင်လိုမှုကို ယာယီခေတ္တ တားမြစ်ထားပါတယ်။ တိတိကျကျပြောရရင် ဒီဇင်ဘာ ၆ ရက်က စတင်တားမြစ်ခဲ့တာပါ။ ပြည်တွင်းကနေ အလုပ်သွားလုပ်ကိုင်မှုကို ယာယီရပ်ဆိုင်းတဲ့သဘောပါ။ အရင်ခွင့်ပြုထားတဲ့ အေးဂျင့်တွေအနေနဲ့ကတော့ ကိစ္စတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ရင်၊ ဒါမှမဟုတ် သူတို့တာဝန်ယူပြီး ပြန်ခေါ်တာတို့ကို ဝန်ခံကတိနဲ့ လက်မှတ်ရေးထိုးနိုင်ရင်တော့ စေလွှတ်ဖို့ ခွင့်ပြုပါတယ်။ ဒါပေမယ့် လတ်တလောသွားရောက်လုပ်ကိုင်မှုကို ပြည်ပအလုပ်ရှာဖွေရေးအေးဂျင့်တွေက တစ်ဆင့်အခုလို ကန့်သတ်တားမြစ်ထားပါတယ်" ဟု မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❁

**နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းကို TNLA လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်**

စာ-၉

**အင်ဒိုနီးရှား၌ ငလျင်ကြီးလှုပ်၊ ၉၇ ဦး သေဆုံး**

စာ-၁၀

## ဆူဇူကီးဆီမီးဖိုင်နယ် ဒုတိယကျော့အဖြစ် ထိုင်းနှင့်မြန်မာ ယနေ့ကစားမည်



**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းသည် ဒီဇင်ဘာ ၈ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင်ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးနည်းပါးသွားပြီဖြစ်သော်လည်း လက်ကျန်မျှော်လင့်ချက်အတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမ အကျော့တွင် အမှားတချို့ရှိခဲ့ပြီး လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်နိုင်မှသာ အဝေးကွင်း၌ ရလဒ်ကောင်းမည်ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ✻

မြန်မာနှင့်ထိုင်းအသင်း ပထမအကျော့ တွေ့ဆုံယှဉ်ပြိုင်ခဲ့စဉ်